www.burmeseclassic.com

ကိုဂျေ

# ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီးများ

စာပေ

www.burmeseclassic.com

**ခွင့်ပြုချက်အမှတ်**
စာမူ - ၁၉၄/၉၂ (၆)
မျက်နှာဖုံး - ၂၃၁/၉၂ (၈)

⦸

**မျက်နှာဖုံးပန်းချီ**
စံတိုး

⦸

**မျက်နှာဖုံးပုံနှိပ်**
ဒေါ်တင်ရီ (၀၂၈၃၉)
နန်းသဇင်ပုံနှိပ်တိုက်
အမှတ် ၁၉၆၊ ၃၉ လမ်း၊ ရန်ကုန်

⦸

**အတွင်းပုံနှိပ်**
ဦးအောင်ခိုင် (၀၄၆၈၅)
အောင်သစ္စာပုံနှိပ်တိုက်
အမှတ် ၂၆၊ ၃၅ လမ်း၊ ရန်ကုန်

⦸

**ထုတ်ဝေ**
ဦးသန်းဆွေ (၀၁၄၇၃)
စစ်သည်တော်စာပေ
၁၀၃၁၊ ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်
ဒဂုံမြို့သစ်တောင်ပိုင်း

⦸

**ပုံနှိပ်ခြင်း**
၁၉၉၃ ခုနှစ်၊ မတ်၊ ပထမအကြိမ်
အုပ်ရေ - ၁၀၀၀
**တန်ဖိုး**
၃၀ - ကျပ်

**ဆုစာပေ**

www.burmeseclassic.com

ဤစာအုပ်ပါ အကြောင်းအရာများအား တစ်စုတစ်စည်းတည်း စာအုပ်အသွင် ရေးသား ထုတ်ဝေဖြစ်ရန် အကြံဉာဏ်ပြု တွန်းအားပေး ခဲ့သော ဆရာ(ဦး) တက်တိုး၏ ကျေးဇူးတရား နှင့် ဆုံးမစကားတို့အား ဘယ်သောအခါမှ မေ့နိုင်လိမ့်မည် မဟုတ်ပါ။

**စာရေးသူ**

www.burmeseclassic.com



# မာတိကာ


- **လူထုဒေါ်အမာ**
- **ဤစာအုပ်နှင့်ပတ်သက်၍**
- **ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီး ဦးနာအောက်**
  - လွယ်အိတ်ထဲက လောက်လေးဂွ
  - အချစ်ဦး ရွှေမှုန်
  - ရွှေမှုန်နဲ့ ရွှေအုပ်
  - တတိယမြောက်မိဂျာဥ
  - သုံးသုံးလုံး
  - အကျည်းတန်ဘကြီး
  - ကျွန်တော်စပါးကုန်သည်
  - စတုတ္ထမိဇ္ဈူ
  - သဘော်သူဌေး ဦးနာအောက်
  - လော့ဒ်ကာဇံနှင့် ဦးနာအောက်
  - ပဥ္စမနှင့် နောက်ဆုံးခရီး
- **ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီး ပန်းကန်ဦးသော်**
  - လက်ဖွဲ့ကြေးက ကိုးကျပ်၊ ၁၄ ပဲ
  - ဆန်စက်ကသေးသေးဖွဲနုမှုန်က တန် (၁၀၀၀)


**ဆုစာပေ**

- ⦸ ပန်းကန်အစ ဦးသော်က
- ⦸ ကိုယ့်မြေနဲ့ ကိုယ့်ရေ

**⦸ ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီး ဆာဦးသွင်**

- ⦸ စနစ်ကြီးသည့် ဦးသွင်
- ⦸ သူရိယ ဥက္ကဋ္ဌ
- ⦸ စီးပွားရေးသာ အဓိက
- ⦸ သွင် (သို့) ဦးသွင်
- ⦸ အရပ်သား ကိုယ်စားလှယ် ဆာဦးသွင်

**⦸ ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီး ပွဲစားကြီး ဆာဘိုးသာ**

**⦸ ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီး "မဟာသီရိ သုဓမ္မာ ဟသ်ာတဦးမြ"**

- ⦸ ယောကျ်ားလား မိန်းမလား
- ⦸ မြန်မာပြည် ၂ နာရီ
- ⦸ မြထဲကမြ
- ⦸ မောစ်ဗစ်နှင့် စကိုဒါ
- ⦸ ထိုင်ခုံနဲ့ ဖောင်တိန်
- ⦸ ဆိုရန်တိုဗီလာ ဦးမြ

**ဆုစာပေ**

www.burmeseclassic.com



- **ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီး တိုင်တစ်လုံး ဦးရွှေလေး**
    - ကတိုးသို့ ရေမိုင် ၁၅ မိုင်
    - ကာနယ် ဖလောင်းနှင့် ဘိလပ်သို့
    - စီးပွားရေးသမား မောင်ရွှေလေး
    - တိုင်တစ်လုံး အိမ်ကြီး
    - စိုက်ပျိုးရေးသမား ဦးရွှေလေး
    - ရော်ဘာ အောင်မြင်ခြင်း
    - နိုင်ငံတကာ ပိဋကတ်တိုက်ကြီးများ
    - တိုင်တစ်လုံးကို စွန့်ခွာခြင်း
- **ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီး အင်ဒီပင့်ဒင့် ဒေါ်စန်း**
    - နေရာချင်း မလဲနိုင်ပါ
    - အယ်ဒီတာ ဒေါ်စန်း
    - ပင်နီအင်္ကျီ ယောထဘီ
    - ထွေရာစိတ်ကူး

**ဆုစာပေ**

## လူထုဒေါ်အမာ
## ၏
# အမှာ

"ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီးများ" ဆိုပြီး၊ အမျိုးသားစီးပွားရေး သူရဲကောင်းကြီး ၆ ဦးနဲ့ အမျိုးသမီး သတင်းစာဆရာကြီး ၁ ဦးတို့ အကြောင်းများကို စုပေါင်းပြီး ကိုဂျေက စာအုပ်ငယ်တစ်အုပ် ပြုစုလိုက်ပါတယ်။

ဒီစာအုပ်မျိုး ထွက်ပေါ်လာနိုင်တာ ဝမ်းသာစရာ ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ နိုင်ငံ အတွက် လိုအပ်နေသေးလို့ပါပဲ။ ကျွန်မတို့မှာ ပဒေသရာဇ် မြန်မာဘုရင်တွေ လက်ကနေပြီး ဗြိတိသျှနယ်ချဲ့သမားက ကျွန်မတို့ မြန်မာနိုင်ငံကို သုံးကြိမ်သုံးခါခွဲပြီး သိမ်းပိုက် ကျွန်လုပ်သွားခဲ့ပါတယ်။ သူ့ကျွန်ဘဝမှာ ကျွန်မတို့ တတွေဟာ အုပ်ချုပ်ရေးမှာသာ မလွတ်လပ်တာ မဟုတ်ပါဘူး။ စီးပွားရေးမှာလဲ မလွတ်လပ်ပါဘူး။ ကျွန်စီးပွားရေး လို့ပဲပြောကြပါစို့။ တိုင်းပြည်ရဲ့ အဓိက သယံဇာတထွက်ကုန်တွေဖြစ်တဲ့ ရေနံလုပ်ငန်း၊ သစ်လုပ်ငန်း၊ ဆန်စပါး လုပ်ငန်း စတာတွေကို ဗြိတိသျှ နယ်ချဲ့အရင်းရှင်ကြီးတွေက အားလုံး လက်ဝါးကြီးအုပ်ထားပြီး သူတို့ လုပ်စားပါတယ်။ သူတို့အောက်က တရုတ်ကုလား အရင်းရှင်များက

www.burmeseclassic.com



သူတို့ လက်ဝေခံပြီး လုပ်ကိုင်စားပါတယ်။ ဒါကြောင့် တိုင်းရင်းသားတို့ စီးပွားရေး လုပ်တယ်ဆိုရင် အဆင့်ကြီး ၂ဆင့်ရဲ့အောက်က လက်ကြားယိုလောက်ကိုသာ လုပ်ကိုင်နိုင်ခဲ့ပါတယ်။

အဲဒီလို အခြေအနေမျိုးရှိရာမှာ တိုင်းရင်းသားတွေထဲက အရင်းရှင်စီးပွားရေးဘက်မှ မျက်စေ့ကြီး၊ နားကြီးရှိသူများက အင်မတန် ဇွဲလုံ့လ ဝီရိယတွေနဲ့ နိုင်ငံခြားသား စီးပွားရေး လက်ဝါးကြီးအုပ်များကြားကို ဝင်ရောက်ထိုးဖောက်ရတယ်။ အံတုရတယ်။ ယှဉ်ပြိုင်ရတယ်။ အနိုင်ယူကြရတယ်။ ဒီပုဂ္ဂိုလ်မျိုးတွေဟာ ကျွန်မတို့နိုင်ငံမှာ ရှိတော့ရှိတယ်။ အလွန်ရှားတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးတွေပါ။

တနင်္သာရီနဲ့ ရခိုင်ပြည်နယ်ဟာ စောစောစီးစီး ဗြိတိသျှ နယ်ချဲ့ ကိုလိုနီဘဝကို ပထမဆုံး ရောက်ရှိကြတယ်။ ဒီအရပ်က တိုင်းရင်းသားတွေဟာ လက်ဝါးကြီးအုပ် အရင်းရှင်စီးပွားရေး စနစ်ဆိုတာ ဘာရယ်လို့ စောစောစီးစီး သိရှိနားလည်ကြတယ်။ ဒီလို နားလည်တော့ တို့မှာ ငွေရင်းချင်း မပြိုင်နိုင်ပေမယ့် တို့ဘက်က ပြည်သူ့အင်အား ရှိတယ်ဆိုတဲ့ အားမာန်နဲ့ တိုင်းရင်းသားများက သူတို့ခွင်ထဲဝင်ပြီး အပြိုင်အဆိုင် စီးပွားရေးလုပ်ခဲ့ကြတယ်။ ဦးနာအောက်တို့ ဦးရွှေလှတို့ဆိုတာ မွန်အမျိုးသား စီးပွားရေး သူရဲကောင်းကြီး တွေပေါ့။ သူတို့အကြောင်း

အတ္ထုပ္ပတ္တိမျိုးကတော့ နောက်လူတွေ သိရအောင် ခိုင်ခိုင်ခန့်ခန့် ကျယ်ကျယ်ပြန့်ပြန့် ရှိကို ရှိသင့်ပါတယ်။ ကိုဂျေသူတတ်နိုင်သလောက် ကြိုးပမ်းထားတာကို ကျေးဇူးတင်ရပါတယ်။

ဆာဘိုးသာ၊ ဆာဦးသွင်၊ ဟသ်ာတဦးမြ၊ ပန်းကန်ဦးသော်တို့ဆိုတဲ့ မြန်မာ အမျိုးသားကြီးတွေဟာလဲ မြန်မာ့စီးပွားရေးနယ်ပယ်မှာ သူတို့ရဲ့ စွမ်းဆောင်မှု၊ သူတို့ လှုပ်ရှားခဲ့တဲ့ အခန်းကဏ္ဍဟာ မသေးပါဘူး။ သူတို့ဟာ လူပုဂ္ဂိုလ်တွေအနေနဲ့ စီးပွားရေးလုပ်ငန်းမှာ စွမ်းဆောင်နိုင်တဲ့ အရည်အသွေးတွေ ပြည့်ပြည့်ဝဝရှိကြလို့ ဒီလိုရွက်ဆောင်နိုင်ခဲ့ကြတာပဲလို့ သာမန်မှတ်သားထားရုံနဲ့ သူတို့အတွက် မပြည့်စုံပါဘူး။ ဗြိတိသျှ အရင်းရှင် နယ်ချဲ့စနစ်ထဲမှာ တိုင်းရင်းသား စီးပွားရေးသမားဟာ သူမတူတဲ့ဇွဲ၊ သူမတူတဲ့ အနစ်နာခံနိုင်မှု၊ သူမတူတဲ့ လုံ့လဝီရိယများလဲ ရှိကြပါသေးတယ်။ ဒါမှ စီးပွားရေးမှာ သူများနည်းတူ ယှဉ်နိုင်ပြိုင်နိုင် လူရာဝင်နိုင်တဲ့ဘဝကို ရောက်ကြရပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေကို ကိုဂျေက ကြိုးစားပြီး ရှာဖွေ ဖော်ထုတ်ရေးသားတယ်။

လွတ်လပ်တဲ့ စီးပွားရေးဝါဒ။ တံခါးဖွင့် စီးပွားရေး၊ ဈေးကွက်စီးပွားရေးဆိုတာ အပြိုင်အဆိုင် လုပ်ကြတဲ့စနစ်ပါ။ ဒီလို ပြိုင်ရတော့ လူချင်းပြိုင်တာထက် ငွေချင်း ပြိုင်ရမှုက

အလွန် ကြီးကျယ်ပါတယ်။ ဘယ်အထိ ကြီးကျယ်သလဲဆိုရင် နိုင်ငံချင်း စစ်မက်ကြီးတွေ ဖြစ်ကြတဲ့အထိ ကြီးကျယ်ပါတယ်။ ငွေရင်းဆိုတဲ့ သဘောကလဲ နိုင်ရာစားတဲ့ ငါးလို သဘောကိုး။

ကနေ့ ကျွန်မတို့နိုင်ငံက တိုင်းရင်းသား စီးပွားရေးသမားတွေမှာ အင်ချင်းအားချင်း မတူဘဲနဲ့ယှဉ်နေရဆဲ ပြိုင်နေရဆဲမဟုတ်လား။ တိုင်းရင်းသားနဲ့ တိုင်းတပါးသားတွေနဲ့ ပြိုင်ကြရတဲ့အခါ ရှေ့က လမ်းပြသလိုရှိခဲ့တဲ့ တိုင်းရင်းသား လုပ်ငန်းရှင်ကြီးတွေ အကြောင်းကတော့ တကယ့်သိကောင်းစရာတွေပဲပေါ့။ ပန်းကန်ဦးသော်တို့ လျှောက်ခဲ့တဲ့လမ်းမျိုးကို တကယ်သတ္တိ မရှိဘဲ မလျှောက်လှမ်းရဲနိုင်ပါဘူး။ သတ္တိဆိုရာမှာလဲ သူရသတ္တိချည်းမက ငွေနဲ့ရှိရတဲ့သတ္တိမျိုးပါ။ သူ့ စွန့်စားရမှုမျိုးက အလွန် ကြောက်စရာကောင်းပါတယ်။ ဒါပေမယ့် မြွေတံတား ကျားခလုတ်၊ ဦးသော်က သူများလုပ်လို့ဖြစ်ရင် ငါတို့လဲ ဖြစ်ရမှာပေါ့ ဆိုပြီး လေ့ဦးဆိုက်လှည်း ဦးစိုက်စွန့်စား လမ်းပြ လုပ်ဆောင်သွားတဲ့ ပုဂ္ဂိုလ်ကြီး။ ကိုဂျေကို ဒီအတွက်လဲ ကျေးဇူးတင်ရပါတယ်။

ကိုဂျေဟာ ရေးသင့်ရေးထိုက်တဲ့ ပုဂ္ဂိုလ်တွေရှိရင် ရေးဖော်ရတယ်။ အင်ဒီပင့်ဒင့် ဒေါ်စန်းဆိုရင်လဲ ကျွန်မတို့နိုင်ငံမှာ အစောကြီးပေါ်ပေါက်ခဲ့တဲ့ အမျိုးသမီး သတင်း

စာဆရာမ။ သတင်းစာ ခေတ်ဦးပိုင်းမှာ မြန်မာအမျိုးသမီး ထဲက ထွန်းထွန်းပေါက်ပေါက် ဖြစ်လာသူ၊ ဒါကြောင့် ကျွန်မတို့ဆရာကြီးက ဒေါ်စန်းကို "ရွယ်တူလျှင် ဘယ်သူ က ကောင်းမယ်လို့၊ လောင်းချင်လှတယ်" လို့ လေးချိုး တစ်ပုဒ်နဲ့ ချီးကျူးခဲ့တာ ဖြစ်ပါတယ်။ ချီးလဲချီးကျူး လောက်တဲ့ အမျိုးသမီးပါ။

ကိုဂျေက ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီးများ ခေါင်းစဉ်အောက်မှာ ဒေါ်စန်းကို ထည့်သွင်းလိုက်ရျာတာ ကတော့ သူ့မှာလဲ အခက်အခဲတွေ ရှိလို့နေမှာပေ့ါ။ ဘာပဲ ဖြစ်ဖြစ်၊ ဒေါ်စန်းလို ပုဂ္ဂိုလ်ကိုလဲ ဒီစာအုပ်မှာ ထည့်သွင်း မော်ကွန်း ထိုးလိုက်တာကတော့ နေရာမှန် မဟုတ်ပေမယ့် ဖော်ပြပြီး ဖြစ်သွားတဲ့အတွက် ကျေးဇူးတင်ရပါတယ်။

ဆက်လက်ကြိုးပမ်းနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

**လူထုဒေါ်အမာ**

# ဤစာအုပ်နှင့်ပတ်သက်၍

၁၈၈၅ ခုနှစ်တွင် မြန်မာပြည်သည် နယ်ချဲ့တို့၏ လက်အောက်သို့ ရောက်ရှိခဲ့ရသည်။ မြန်မာနိုင်ငံက ထွက်သမျှသော ဆန်စပါး၊ ကျွန်းသစ်၊ ရေနံနှင့် ကျောက်မျက်ရတနာများ အားလုံးကို နယ်ချဲ့အစိုးရနှင့် နိုင်ငံခြားသားစီးပွားရေးသမားများက ကြိုက်သလို ချုပ်ကိုင်ချယ်လှယ်ကာ ဖိနှိပ်ထားခဲ့သဖြင့် မြန်မာကုန်သည်လောက မှေးမှိန်ကွယ်ပျောက်ခဲ့ရတော့သည်။

ဒုတိယကမ္ဘာစစ် အတွင်းကလည်း အိန္ဒိယနိုင်ငံတောင်ပေါ် မြို့ကလေး တစ်မြို့ဖြစ်သည့် ဆင်းမလား (Simla) မြို့လေးတွင် မြန်မာ့စီးပွားရေး လောကကို ချယ်လှယ်နေကြသော နိုင်ငံခြားကုမ္ပဏီကြီးများမှ အာဏာရှင်ကုန်သည်ကြီးများသည် ဆင်းမလားစီမံကိန်းကို ရေးဆွဲခဲ့ကြသည်။ စစ်ကြီးပြီးသောအခါ မြန်မာ့စီးပွားရေးကို ဆင်းမလားစီမံကိန်းဖြင့် အုပ်ချုပ်ချယ်လှယ်ကြပြန်သည်။

ဤကာလသည် မြန်မာတို့၏ အမျိုးသားရေးလှုပ်ရှားမှု အမြင့်မားဆုံးအချိန်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ကန့်ကွက်မှုကြောင့် ဆင်းမလားသည်လည်း ထင်တိုင်းမပေါက် ဖြစ်ခဲ့ရသည်။ ဗိုလ်ချုပ်၏ ဆန့်ကျင်တောင်းဆိုမှုများကြောင့် မြန်မာလုပ်ငန်းရှင်များ၏ အခန်း

www.burmeseclassic.com



ကဏ္ဍသည် ပြန်လည်း ဦးမော့လာနိုင်ခဲ့သည်။ နိုင်ငံခြားကုမ္ပဏီကြီးများ ကုန်သည်များနှင့်အပြိုင် စီးပွားရေးလုပ်ငန်းများကို ယှဉ်ပြိုင် လုပ်ဆောင်လာနိုင်ခဲ့ကြသည်။

နိုင်ငံခြား ကုန်သည်ကြီးများသည် မြန်မာ့မြေက အဆီအနှစ်ကို သိမ်းကျုံးယူနေကြချိန်တွင် မြန်မာကုန်သည်များက တိုင်းတစ်ပါးသားတို့နှင့်အပြိုင် စီးပွားရှာ၍ မြန်မာတွေအကျိုး၊ တိုင်းပြည်အကျိုးအတွက် မျိုးချစ်နိုင်ငံရေးခေါင်းဆောင်ကြီးများအား စီးပွားရေး လုပ်ငန်းခွင်မှ ပံ့ပိုးကူညီခဲ့ကြသည်။ ဤသည်ကပင် ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီးများ၏ တစ်စိတ်တစ်ပိုင်း ရုပ်ပုံလွှာ ဖြစ်သည်။

⦸ ⦸ ⦸

ရဲရဲတောက် မြန်မာလုပ်ငန်းရှင်များ စာအုပ်အတွက် အမှာစာ ရေးသား ချီးမြှင့်ပေးသော ဆရာမကြီး လူထုဒေါ်အမာအား လည်းကောင်း၊ စာအုပ်ပါ အကြောင်းအရာများ ရေးသားပြုစုရာ၌ စိတ်အားထက်သန်စွာ ကူညီခဲ့ကြသော အမျိုးသား စာကြည့်တိုက်မှ စာကြည့်တိုက်မှူးများဖြစ်ကြသည့် ဦးမြင့်ကြိုင်နှင့် ဦးခင်မောင်တင်တို့အားလည်းကောင်း၊ စာအုပ် ထုတ်ဝေပေးသော ဦးမြင့်ဦး (ဆုစာပေ) နှင့် မျက်နှာဖုံး ပန်းချီ ရေးဆွဲပေးသော ပန်းချီဦးစံတိုး တို့အား ကျေးဇူးအထူး တင်ရှိပါကြောင်း။

**ကိုဂျေ**

www.burmeseclassic.com



www.burmeseclassic.com

# ရဲရဲတောက် မြန်မာ့ လုပ်ငန်းရှင်ကြီး ဦးနုအောက်

ကရင်ပြည်နယ်၊ ဘားအံ မြို့နယ်၊ မဲတကောချောင်းဖျား မွန်ကျေးရွာကလေး တစ်ရွာ၊ သည်ရွာကလေးကို 'ခရဲကျေးရွာ' လေးဟုခေါ်ပါသည်။

အချိန်က ကောဇာသက္ကရာဇ် ၁၁၉၄ ခုနှစ် ကဆုန်လဆုတ် ၃ ရက်။ ကြာသပတေးနေ့။ ထိုနေ့က မြန်မာနိုင်ငံတစ်နံ့ တစ်လျားမှာ ကြယ်မကြွ၊ တော်မလဲ၊ လမကြပ်၊ နေမကြပ်၊ လျှော်မလှုပ်၊ လေမိုးမထန်ခဲ့သော်လည်း ခရဲကျေးရွာလေးနှင့်အတူ မွန်ပြည်နယ်ရှိအခြားသော ကျေးရွာလေးများမှာတော့ကဆုန်မိုး

သက် မိုးနှင်းလေးများ ဟိုမှသည်မှာ အေးအေးချမ်းချမ်း လေးရွာလို့နေပါသည်။

သည်အချိန်လေးမှာပဲ ခရဲကျေးရွာလေးမှာ ဆင်းရဲသား မွန်မိသားစုလေး တစ်စုထဲသို့ 'အအက်' လို့အမည်နာမသမုတ် ခံရတော့မယ့် အညတရလူသားငယ်လေး တစ်ဦးဟာ ကဆုန် မိုးနှင်းလေးများနဲ့အတူ မွေးဖွားသန္ဓေစင်ခဲ့ပါသည်။

'အအက်' ဟာသည် မိသားစုလေးရဲ့ စတုတ္ထမြောက်သား တစ်ယောက်ဖြစ်သည်။ 'အအက်' သည် ဆင်းရဲသား မိဖနှစ်ပါး ၏ မွေးချင်းငါးယောက်အနက် စတုတ္ထသားရတနာ တစ်ဦး ဖြစ်ခဲ့ရပါသည်။

'အအက်' ဆိုသည့် မွန်ဘာသာ စကားလုံးလေးကို မြန်မာ လို အဓိပ္ပာယ် ပြန်ယူရလျှင် အရုပ်ဆိုး၊ အကျည်းတန်ရယ်လို့ ပြန်လို့ရသလို သူတစ်ပါးအပေါ် နိုင်ထက်စီးနင်း မလုပ်ခြင်း၊ ဒေါသကို ထိန်းသိမ်းခြင်းနှင့် နှိမ့်ချ၍ နေတတ်ခြင်းရယ်လို့ ပြန် ဆိုလို့လည်းရပါသည်။

ဒါပေမယ့် 'အအက်' နဲ့ အလိုက်ဘက်ဆုံးသော အဓိပ္ပာယ် လေးကတော့၊ မောင်ရုပ်ဆိုး ဒါမှမဟုတ် မောင်ကျည်းတန် သာ ဖြစ်ပါလိမ့်မည်။

'အအက်' ၏ ဘဝခရီးလမ်းက အစကြမ်းခဲ့တာကိုး။ ရုန်းကန် ခြင်း၊ ရင်ဆိုင်ခြင်း၊ ဘဝကိုစိတ်ခေါ်ခြင်းများဖြင့် ပြည့်နှက်လို့ နေခဲ့ရတာကိုး။

www.burmeseclassic.com



## လွယ်အိတ်ထဲက လောက်လေးခွ

အအက် (သို့) မောင်အောက်။

မောင်အောက်လေးတစ်ယောက် လူလားမြောက်လို့ အရွယ်ရောက်လေပြီ။ အရွယ်ရောက် မောင်အောက်အား မိဘနှစ်ပါးက ထိုအချိန်က မြန်မာပြည်သားတို့ ပညာဆည်းပူးရာ ဘုန်းတော်ကြီးကျောင်းသို့ အပ်နှံကာ ပညာ ဆည်းပူးစေခဲ့သည်။

သို့သော် မောင်အောက်တစ်ယောက် ပညာကို ကောင်းစွာ မသင်ကြားနိုင်ခဲ့။ မိသားစု၏ဆင်းရဲနိမ့်ကျမှုအပေါင်းက အရွယ်ငယ်သေးသော်လည်း မောင်အောက်၏ ပခုံးလက်နှစ်သစ်သာသာ ပေါ်သို့ ကျရောက်ခဲ့လေသည်။

မောင်အောက် တစ်ယောက် ဘုန်းကြီးကျောင်းသားပညာမလောက်လေး မလောက်စားနဲ့ ကျောင်းတော်ကို စွန့်ခွာခဲ့ရ၏။ ကော့မယ်ကလယ်ရွာ၌ လောက်စာလုံးနဲ့ လောက်လေးခွကိုကိုင်ကာကျွဲစားကျက် နွားစားကျက်များ၌ ကျွဲစီးရင်းနွားကျောင်းသားဘွဲ့ထူးကို ခံယူခဲ့ရလေတော့၏။

မောင်အောက်သည် အရွယ်နှင့်မမျှအောင် ဆင်းရဲနိမ့်ကျသော်လည်း ဘဝကို အရှုံးမပေး။ ဇွဲလုံ့လဝီရိယ ရှိသူတစ်ယောက်ဖြစ်သည်။ ထမင်းကြမ်းနှင့် ဆား၊ ငါးပိဖုတ်နှင့်တို့စရာ၊ သည်အစားအစာများကို နေ့စဉ် စားသုံးနေရသော်

လည်း ကျေနပ်နိုင်သူ၊ ရင်ဆိုင်နေနိုင်သူ တစ်ယောက်ဖြစ်ခဲ့လေသည်။

မောင်အောက်သည် ဘဝ ပေးကံနည်းသူ တစ်ယောက်ဖြစ်၏။ ပညာသင်ရမည့် အရွယ်တွင် နွားကျောင်းသားဘဝသို့ ရောက်ခဲ့ရ၏။ ဒုက္ခ သုက္ခ လောက လှိုင်းတံပိုးအောက်၌ နိမ့်ချီ မြင့်ချီဖြင့်ပင် ဘဝခရီးကြမ်းကို မောသည်ပမ်းသည်မထင် ရင်ဆိုင်နေထိုင်သူ တစ်ယောက်ဖြစ်သည်။ မောင်အောက်၏ လွယ်အိတ်ထဲတွင် သင်ပုန်းကြီးစာအုပ်ငယ်မရှိ။ လောက်စလုံးများသာရှိ၏။

## လေထဲမှာ တိုက်အိမ်ဆောက်သူ

လူနေချုံကြား၊ စိတ်နေဘုံဖျားဟုပင် ပြောချင်ပြော၊ လေထဲမှာ တိုက်အိမ်ဆောက်သည်ဟုပင် ဆိုချင်ဆို၊ မောင်အောက်တစ်ယောက်ကတော့ ကျွဲကျောင်းရင်းလောက်လေးခွပစ်ရင်း သူ့ကိုယ်သူ "ငါတစ်နေ့ကြွယ်ဝ ချမ်းသာစေရမယ်၊ ငါဟာ တစ်နေ့ ကတိုးရွာ သူဌေးကြီး ဦးမွန်တော်၏ ကိုးဆောင်အိမ်ကြီးကဲ့သို့လည်းကောင်း၊ ကော့နှက်ရွာရှိ သူဌေးကြီးဦးထော်အာ၏ အိမ်ကြီး အိမ်ကောင်းကဲ့သို့ လည်းကောင်း ပိုင်ဆိုင်ရမည်။ နေထိုင်နိုင်ရမည်" ဟု တွေးတော သန္နိဋ္ဌာန်ချကြိုးစားနေသူ တစ်ယောက် ဖြစ်သည်။ ကြီးပွားချမ်းသာ လိုစိတ်က မောင်အောက်ထိပ်ဝယ် ရောက်လို့နေပြီဖြစ်သည်။

www.burmeseclassic.com



မောင်အောက် တစ်ယောက် လူလားမြောက်ချိန်တွင် အမိ ရော အဖပါဆုံး ပါးသွားခဲ့လေသည်။ မောင်အောက်သည် စိတ်ဓာတ်မကျ၊ ဘဝအတွက် တက်လမ်းမျိုးစုံကို မျက်စိဖွင့် နားစွင့်ထားခဲ့၏။

ထိုအချိန်မှစ၍ ကတိုးကော့နှက်ရွာနှင့် တစ်ဆက်တည်းရှိ နေသော သံလွင်မြစ်ပေါ်ရှိ သံကပိုင်ရွာလေးသို့ မောင်အောက် တစ်ယောက် ခြေဆန့်ခဲ့သည်။ သံကပိုင်ရွာလေးမှာ မောင် အောက်၏ အစ်မကြီး ဒေါ်ထော်ဇေ့ (မိထပ်ဂွံ) ၏ လယ်ယာ မြေတွင် လယ်သူရင်းငှား (လယ်လုပ်သား) အဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့လေသည်။ မောင်အောက်သည် အလုပ်ကို ကြိုးစား လုပ်ကိုင်ရင်း လယ်လုပ်သားခရသမျှ ငွေတိုငွေစလေးများကို စုဆောင်းတော့၏။ ဟုတ်သည်လေ၊ မောင်အောက်တစ်ယောက် က လေထဲမှာ တိုက်အိမ်ဆောက်နေမိသည်ကိုး။

## အချစ်ဦးရွှေမှုန်

ဖူးပွင့်စအရွယ်။ သစ်ရွက်ကလေးများ လေမှာဝဲသည်ကိုပင် ကြည့်၍ စိတ်ကူးယဉ်စအရွယ်။ သည်အရွယ်။ ရင်ခုန်မှုဘာသာ ဗေဒကို မသင်ပါဘဲ တတ်မြောက်ခဲ့သော မောင်အောက်တစ် ယောက် အချစ်ဆိုသည့် ရင်ခုန်ဝေဒနာတစ်ရပ်ကို မိရွှေမှုန်ဆို သည့် တောစပယ်မလေးနဲ့ တွေ့လျှင် တွေ့ခြင်း ရင်ခုန်သံမြန်မိ လေပြီ။

**ဆုစာပေ**

## ၂၂ ကိုဂျေ

အချစ်ဦးကို လက်လွှတ်မခံနိုင်၊ ချစ်သူနဲ့ ကွေကွင်းရခြင်း ဝေဒနာကို မောင်အောက်တစ်ယောက် မခံစားချင်။ သည်တော့ အချစ်ဦး မိရွှေမှုန်ကိုပင် လက်ထပ်ထိမ်းမြားဖို့ ကြိုးစားခဲ့လေသည်။

မိရွှေမှုန်ဆိုသည့် တောစပယ်မလေးကလည်း အိမ်တွင်းမှုကိစ္စမှန်သမျှကို နိုင်နင်းသည့် အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်သည်။ ကောက်စိုက်၊ ကိုင်းလုပ်ကိစ္စမှန်သမျှကိုလည်း မောင်တစ်ထမ်း၊ မယ်တစ်ရွက်မဟုတ်။ မောင်တစ်ထမ်း၊ မယ်တစ်ထမ်း ရင်ပေါင်တန်းနိုင်သည့် အာဂသတ္တိခဲမလေး ဖြစ်သည်။ စီးပွားရေးလာဘ်မြင်သူလေးလည်း ဖြစ်သည်။ ထို့ကြောင့်ပင် စိတ်တူကိုယ်တူ လက်ရည်တူ အချစ်ဦးချစ်သူနှစ်ဦးတို့ ဘဝခရီး လမ်းဝယ် လက်တွဲညီညီ ရင်ဆိုင်ခဲ့ကြလေတော့သည်။

ချစ်ကံခေသည်ဟုပင် ဆိုရချေတော့မည်. . .

ချစ်လို့ကောင်းဆဲ၊ ရန်ခုန်လို့ ကောင်းဆဲအချိန်လေးမှာပင် အချစ်ဦးရွှေမှုန်တစ်ယောက် သူချစ်လှစွာသော မောင်အောက်တစ်ယောက်ကို လက်တွဲဖြုတ်လို့ သေမင်းခေါ်ရာနောက်သို့ လိုက်သွားရရှာလေသည်။ မောင်အောက်တစ်ယောက် နှလုံးသားအား နှုတ်ယူခြင်း ခံရသကဲ့သို့ ခံစားရ၏။ အချစ်ဦး ရွှေမှုန်အတွက် ရတက်ပွေ့ခဲ့ရလေ၏။ သောကဝေဒနာတို့က မောင်အောက်အား မညှာမတာ နှိပ်စက်ညှင်းပမ်းခဲ့လေတော့သည်။

www.burmeseclassic.com



သောကဗျာပါဒနှင့် ဘဝဇာတ်လမ်း ယိမ်းယိုင်မှု. . .

အသည်းကွဲရောဂါနှင့် သွေးရည်အရက်၊ အသည်းနုနုအရွယ် ရိုင်းရိုင်း မောင်အောက်တစ်ယောက် ရင်မချိအောင် ခံစား ရသော အချစ်ဦးဖော်ကွာ ဝေဒနာ။ ဒါတွေက မောင်အောက် အတွေးထဲ လှုပ်ရှားမှုထဲမှာ ဖြေဖျောက်ဖို့ ခက်ခဲသည့် ဝေဒ နာများ။ သည်ဝေဒနာများကို မောင်အောက်က အသည်း နှလုံးကို သွေးရည်အရက်ထဲမှာ ထည့်စိမ်ခြင်းဖြင့် မကုစား။ ခံစားရတာက ခံစားရတာပဲ။ ဘဝရည်မှန်းချက်ကိုတော့ ဆံ ချည်တစ်မျှင်လေးမျှ လမ်းလွဲမခံနိုင်။ ဒီတော့ မောင်အောက်ရဲ့ ဝေဒနာကုစားရာ အရပ်က လုပ်ငန်းခွင်။ အလုပ်ထဲကို စိတ် နှစ်ရင်း ဘဝရည်မှန်းချက်ကို မနေမနား အကောင်အထည် ဖော်ခဲ့လေသည်။

"အောင်မြင်ချင်တဲ့ သူဟာ ဘယ်လိုဒုက္ခဝေဒနာပဲ ကျ ရောက်ကျရောက် ခေါင်းထောင်ထောင်၊ လည်မော့မော့၊ ရင်ကော့ကော့နဲ့ ဘဝပြဿနာများကို ရဲရင့်ရင်ဆိုင် သင့်တယ်" ဆိုတဲ့ အယူအဆကို မောင်အောက် ကောင်း ကောင်းကြီး လက်ခံကျင့်သုံးခဲ့လေသည်။

ချစ်ဇနီး ကွယ်လွန်ပြီးနောက် အားငယ်ဖွယ်ရာ၊ ဘဝ အတွေးတို့ကို ဖယ်ရှားကာ ကော့နှက်ရွာသူဌေးကြီး ဦးထော် အာထံတွင် အလုပ်ဝင်လုပ်ခဲ့ပြန်သည်။

## ၂၄ ကိုရှေ

မောင်အောက်မှာ ခံယူချက်ရှိ၏။ ရည်မှန်းချက်ရှိ၏။ မောင်အောက်မှာ စိတ်ကူးဉာဏ်စဉ်ပွင့်၏။

"မင်းဖြစ်လိုက မင်းနားခစား၊ သူဌေးဖြစ်လိုက သူဌေးနားမှာခစား" ဆိုသည့် အယူအဆက မောင်အောက်ဦးနှောက်တွင် သံမှိုနှက်သကဲ့သို့ လက်ခံယုံကြည်ခဲ့သည်။

ထို့ကြောင့်ပင် သူဌေးကြီးဦးထော်အာကဲ့သို့ စည်းစိမ်ချမ်းသာ ကြွယ်ဝရေး၊ ဘဝတိုးတက်ရေးအတွက် မောင်အောက်တစ်ယောက် စည်းကမ်းချက် လေးချက်ကို ချမှတ်ကြိုးစားခဲ့သည်။

၁။ အလုပ်ကို ကြိုးစားလုပ်မည်။

၂။ ရဲရဲဝံ့ဝံ့ နောက်မတွန့်ဘဲ လုပ်မည်။

၃။ ရိုးသားရမည်။

၄။ ဝေဖန်ထောက်ရှု မိမိမှုကို ဝေဖန်ရမည်ဟူ၏။

## ရွှေမှုန်နဲ့ ရွှေအုပ်

သူဌေးကြီး ဦးထော်အာထံတွင် အလုပ်လုပ်နေစဉ် မောင်အောက်အတွက် ဒုတိယအိမ်ထောင်ပြုဖို့ အကြောင်းဖန်လာခဲ့ပြန်သည်။

မောင်အောက်၏ ရိုးသားမှု၊ ကြိုးစားမှုကို ရွှေမှုန်၏မိခင် ဖခင်တို့က သဘောကျ နှစ်ခြိုက်နေကြသည်။ သမီးကြီးမိရွှေမှုန် တစ်ယောက်အတွက် ရတက်ပွေ့ရသလို ရွှေမှုန်၏ညီမ မိရွှေအုပ်ကလေးအတွက် အကောင်းဆုံးသော အိမ်ထောင်

ဘက် တစ်ယောက်ကို ရွေးချယ်ပေးနိုင်ဖို့ တာဝန်တစ်ရပ်တိုးခဲ့ပြန်၏။

ထို့ကြောင့်ပင် မောင်အောက်တစ်ယောက် မိရွှေအုပ်ဖြင့် ဒုတိယအကြိမ် အိမ်ထောင်ပြုခဲ့ပြန်သည်။

မောင်အောက်၏ အိမ်ထောင်ရေးကံကြမ္မာနည်းလှသည်ဟုပင် ဆိုရချေတော့မည်။ မိရွှေအုပ်လေးသည်လည်း အိမ်ထောင်သက် မရှည်နိုင်ခဲ့။ သေမင်း၏ ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ရပြန်သည်။ သည်တစ်ကြိမ် တွင်လည်း မောင်အောက်တစ်ယောက် တစ်ပူပေါ် နှစ်ပူဆင့်ဆိုသကဲ့သို့ အရှုယ်နှင့် ဝေဒနာမမျှတအောင် ခံစားနေရပြန်သည်။

သို့သော် မောင်အောက်သည် သူသွားရမည့် လမ်းကို သူသိသည်။ ဘဝကို ထိန်းကြောင်း၏။ ပန်းတိုင် မရောက်မခြင်း တက်ကျိုးမခံနိုင်။ ထို့ကြောင့်ပင် သူဌေးကြီး ဦးထော်အာ၏ လုပ်ငန်းခွင်အတွင်းသို့ ခြေစုံပစ်ဝင်ခဲ့လေသည်။

ထိုအချိန်မှစ၍ မောင်အောက်တွင် ငွေစငွေနလေးများစုဆောင်းမိနေပြီဖြစ်၏။ ဘဝ တက်လမ်းအတွက် လိုအပ်သည့် ငွေများကို ထပ်မံရှာခဲ့ပြန်၏။ စုဆောင်းမိသမျှ ပစ္စည်းများကို သူ့ အစ်မကြီးထံတွင် အပ်နှံခဲ့၏။ မောင်အောက်သည် အိမ်ထောင်ရေးကံ နည်းလွန်းသော်လည်း အလုပ်အကိုင်လေးများက ကောင်းမွန်ခဲ့၏။ ကြိုးစားသမျှ အရာရောက်ခဲ့၏။

မောင်အောက်သည် သူဌေးကြီး ဦးထော်အာ ထံတွင် အလုပ်ဝင်ရောက် လုပ်ကိုင်ခဲ့ရာတွင် ကြိုးစားမှု၊ ရိုးသားမှု၊ ဖွဲ့ရှိမှု၊ စည်းကမ်းသေဝပ်မှုတို့ကြောင့် မကြာခင် အချိန်မှာပင် အလုပ်သမားခေါင်းဆောင် အဖြစ်တာဝန်ယူဆောင်ရွက်ခဲ့ရလေသည်။

သူဌေးကြီး ဦးထော်အာ မောင်အောက်အား လူယုံတော်အဖြစ် ခန့်အပ်ပြီး အလုပ်သမားများကို ခေါင်းဆောင်စေကာ သူပိုင်သစ်တောကြိုး ဝိုင်းများကို စေလွှတ်၍ သစ်လုပ်ငန်းများကို ကြီးကြပ်လုပ်ကိုင်စေခဲ့သည်။

## တတိယ မြောက်မိဂျာဥ

'စီးတဲ့ရေဆည်တဲ့ကန်သင်း' ဆိုတဲ့ မြန်မာဝေါဟာရ လေးတစ်ခုကို သတိရကြပေလိမ့်မည်။ ယောက်ျားမြတ်တို့၏ ကြိုးစားမှု၊ လုံ့လပြုမှု အစုံစုံနှင့် ငွေကြေးဥစ္စာရှာဖွေမှုတို့သည် ထိန်းသိမ်းတတ်၊ နေရာတကျ အသုံးချတတ်သော မိန်းမမြတ်တစ်ဦးတော့လိုအပ်ပါ၏။

မောင်အောက် ကြိုးစား၏။ ကြိုးစားသလောက် အရာထင်၏။ ဤကြိုးစားမှုတို့မှရရှိလာသော ငွေကြေး၊ ဥစ္စာတို့ကို စနစ်တကျ ထိန်းသိမ်းမည့် ဇနီးကောင်း တစ်ဦးတော့လိုအပ်လို့ နေပေသည်။

မောင်အောက်၏ ကြီးကြပ်မှု၊ သေချာမှုတို့ကြောင့် သူဌေးကြီး ဦထော်အာက မောင်အောက်အား ဆုတော်ငွေ

www.burmeseclassic.com



များချီးမြှင့်လေသည်။ အလုပ်အားလုံးကိုလည်း မောင်အောက်အား တိုးမြှင့်လုပ်ကိုင်စေခဲ့၏။

အုပ်ချုပ်မှုပိုင်းရော၊ ငွေကြေးဥစ္စာပါ ပြည့်စုံခဲ့သော်လည်း မောင်အောက်တစ်ယောက် ဘဝင်မမြင့်၊ ဘဝမမေ့၊ ရောင့်ရဲ တင်းတိမ်မှုမရှိ။ ဘဝ၏ ပန်းတိုင်ဆီသို့ ဦးတည်ချက်မယိမ်းယိုင်ဘဲ တက်လှမ်းခဲ့၏။ ထို့အတူ မိဂျာဥဆိုသူမိန်းမငယ်နှင့် တတိယ မြောက်အိမ်ထောင်သစ်ကို တည်ထောင် ခဲ့ပြန်သည်။

မိမိလုပ်အားကြောင့် စုဆောင်းမိသည့်ငွေ၊ ဦးထော်အာ၏ ချီးမြှင့်မြောက်စားသည့်ငွေ၊ ပြီး. . . ဦးထော်အာ၏ ကူညီပံ့ပိုးမှု။ ထို့ကြောင့်ပင် ရတနာသုံးပါး ဦးထိပ်ထားသည့် မောင်အောက် တစ်ယောက် ဘဝချမ်းသာရေး အစီအစဉ်သစ်ကို စတင်ခဲ့လေသည်။

## သုံးသုံးလုံး

ကိုယ်ပိုင်လုပ်ငန်းသစ်ကို ထူထောင်တော့မည်။

မောင်အောက်တွင် အစီအစဉ် တကျအားလုံးဆောင်ရွက်ပြီးသား ဖြစ်နေပြီ။ မောင်အောက်သည် ကံ၊ ကံ၏အကြောင်းတရားကို ယုံကြည် ပြင်းထန်သော လူငယ်တစ်ယောက်ဖြစ်၏ သူ၏ ကြိုးစားမှု အစုစုသည် ကံတရား၏ မျက်နှာသာပေးမှုပေါ်တွင်သာ မူတည်သည်ဟု သူယုံကြည်သည်။

ထို့ကြောင့်ပင် ‘ငါ၏ ကောင်းမှုကံ ပြည့်အောင် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ရာဖြစ်၏’ ဟုသူနားလည်သည်။

**ဆုစာပေ**

ဤ ယုံကြည်ချက်အတိုင်းပင် သူ၏ သစ်လုပ်ငန်း တံဆိပ်မှာ (၃၃၃) လုံး ဖြစ်သည်။ အဓိပ္ပာယ်မှာ ရတနာသုံးပါး၊ ပိဋကတ်သုံးပုံ၊ ဘုံသုံးပါးဟူ၏။

မောင်အောက်သည် ယုံကြည်မှု အပြည့်အဝဖြင့် ကိုယ်ပိုင် လုပ်ငန်းသစ်ကို ထူထောင်တော့သည်။

ထိုအချိန်သည် အောက်မြန်မာပြည်ဖြစ်သော တနင်္သာရီ တိုင်းကို နယ်ချဲ့တို့ သိမ်းပိုက်ထားပြီး မြန်မာပြည် အထက်ပိုင်း မင်းနေပြည်တော်ကြီးအား နန်းတွင်း အရှုပ်တော်ပုံ များဖြင့် မငြိမ်မသက်ဖြစ်နေသော အချိန်ဖြစ်သည်။

သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် သီပေါမင်း ပါတော်မူပြီး နောက် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့က နယ်ချဲ့ကိုခုခံ တိုက်ခိုက်တော့မည်။ ထို့ကြောင့်ပင်နယ်ချဲ့တို့က ရှမ်းပြည်နယ် နှင့် ကယားပြည်နယ်ကို အလုံးအရင်းဖြင့် ဝင်ရောက် တိုက် ခိုက်သည့်အတွက် အားမတန်၍ စစ်ပြေငြိမ်း ကြရလေသည်။

သို့သော် ကယားစော်ဘွားများက သူတို့ပိုင် သစ်တောများ ဖြစ်ကြသော လွယ်ကော်၊ ဖယ်မ၊ မယ်ခဲ၊ သဖန်းပင်ချောင်းသစ် တောကြီးများကို အင်္ဂလိပ်သစ် ကုမ္ပဏီများသို့ မပေး။ တိုင်း ရင်းသား ညီအစ်ကိုတော် သစ်လုပ်ငန်းရှင်များသို့ ဈေးပေါ ပေါဖြင့် ထုတ်လုပ်ခွင့်ပေးခဲ့သည်။

ထို့ကြောင့်ပင် မွန်လုပ်ငန်းရှင် ဦးနာအောက် တစ်ယောက် သစ်ထုတ်လုပ်ခွင့်များရလိုက်၏။ ရှမ်းစော်ဘွားများကလည်း

www.burmeseclassic.com



သူတို့ပိုင် 'နန်းဖဲတော' သစ်တောကိုလည်း ဦးနာအောက်အား စျေးချိုသာစွာဖြင့် လုပ်ကိုင်ခွင့်ပေးလိုက်ပြန်သည်။

ဦးနာအောက်သည် မိမိပိုင်သစ်တောများဖြစ်သော ဖယ်မ၊ မယ်ခဲ၊ သဖန်းချောင်းသစ်တောများရှိ သစ်များကို ခုတ်လှဲပြီး စဉ် ထိုနှစ် သံလွင်မြစ်ရေနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခက်ခဲလှသော သစ်တောများမှသစ်များကိုပင် သံလွင်မြစ်အတွင်းသို့ လွယ်လင့်တကူ မျှောနိုင်ခဲ့၏။ သံလွင်မြစ်ပြင်ဝယ် သုံးသုံးလုံး တံဆိပ် ခပ်နှိပ်ထားသော သစ်လုံးများက အပြည့်။ အချိန်တိုတို အတွင်းမှာပင်ကတိုး ကော့နှက်ဆိပ်ကမ်းများဆီသို့ ရောက်ရှိခဲ့၏။

ဦးနာအောက်၏ သစ်ထုတ်လုပ်ရေးစခန်းမှ ကတိုး၊ ကော့နှက်ဆိပ်ကမ်းသို့ အရောက်သစ်တစ်လုံး၏ ကုန်ကျစရိတ်မှာ ငွေဒင်္ဂါး ၂၀ ဖြစ်သည်။ မော်လမြိုင်တွင် ရောင်းရသော စျေးနှုန်းမှာ သစ်တစ်လုံးလျှင် ငွေဒင်္ဂါး ၉၀ မှ ၁၀၀ အထိ ဖြစ်သည်။ ဦးနာအောက်၏ လုပ်ငန်းသစ်ပထမ ခြေလှမ်းမှာပင် အမြတ်ငွေပေါင်း ၁၀ သိန်းခန့် အထိ ရရှိခဲ့လေသည်။

ဦးနာအောက်၏ စီးပွားရေးမှာ အံ့သြဖွယ် ကောင်းလောက်အောင် တိုးတက်ခဲ့၏။ ရိုးသားသော မောင်အောက် တစ်ယောက် နေ့ချင်း ညချင်းမှာပင် သန်းကြွယ်သူဌေး ဘဝသို့ ရောက်ရှိခဲ့လေသည်။ သို့သော် မောင်အောက် တစ်ယောက်ဘဝမမေ့၊ မယစ်မူး၊ သူ၏ ရည်မှန်းချက်အတိုင်း

မနေမနား ဆက်လက် ကြိုးစားဆဲ။ အကောင်အထည်ဖော်ဆဲ၊ ဘ၀တူများကို ရိုင်းပင်းကူညီလျက်ရှိပါသည်။

## အကျည်းတန်ဘကြီး

မောင်အောက်သည် မည်မျှပင်ချမ်းသာ ကြွယ်၀လာသည် ဖြစ်စေ၊ လုပ်ငန်းများအား ကြိုးကြိုး စားစား နိုးနိုး ကြားကြား လုပ်မြဲရှိ၏။ မိမိ၏ ဘ၀ ဟောင်းကို မမေ့ သလို အောက်လက်ငယ်သားများအပေါ် ညှာတာစွာ ဆက်ဆံ၏။ ချီးမြှင့်ထိုက်သူကို ချီးမြှင့်မြှောက်စား သကဲ့သို့ ဆုံးမသင့်ထိုက်သူကို ဆုံးမသွန်သင်သည်။

ထို့ကြောင့်ပင် အကျည်းတန်လေးဘ၀မှ အလုပ်သမားငယ်သားများက ဘကြီးအောက်ဟူ၍ လည်းကောင်း မွန်ဘာသာဖြင့် (အနဲ့ာအံတ်) အနိုင်အောက်ဟု လည်းကောင်း အမွန်းတင် ခေါ်ဝေါ်ခြင်း ခံရလေသည်။ ထိုအချိန်တွင် အနိုင်အောက် (သို့) ဦးနာအောက်၏ အသက်မှာ ၄၀ ကျော်ရုံသာ ရှိလေသည်။

အရွယ်ကောင်းချိန်တွင် ပြည့်စုံချမ်းသာလာသော ဦးနာအောက် တစ်ယောက် စီးပွားဥစ္စာဘက်တွင် ကံကောင်းသလောက် အိမ်ထောင်ရေးဘက်တွင် ဇာတာညံ့ခဲ့၏။ မိဂျာဥ

www.burmeseclassic.com



တစ်ယောက် စည်းစိမ် ချမ်းသာအဝဝကို ကြာရှည် မခံစားလိုက်ရပဲ ကွယ်လွန်ခဲ့ရပြန်လေပြီ။

သို့သော် ဘဝကို အရှုံးမပေး တတ်သော ဦးနာအောက်ကတော့ ပထမအကြိမ်တွင် ရရှိလိုက်သော အမြတ်ငွေ ဆယ်သိန်းကျော်ကို လုပ်ငန်းခွင်ထဲသို့ အရင်းနှီးပြန်ထည့်ကာလုပ်ငန်းကို တိုးချဲ့ လုပ်ကိုင်ခဲ့ပြန်သည်။

မိမိကိုယ်တိုင် သစ်တောများဆီသို့ သွားကာ သံလွင်မြစ်အရှေ့ဘက် ထိုင်းနိုင်ငံ (ယိုးဒယား) 'မယ်တောင်သွန်' သစ်တောကြီးဝိုင်းကို အခွန်ဆောင်ပြီး ဆင်ပေါက် အစီး ၄၀ နှင့် သစ်ထုတ်လုပ်ရေးကို လုပ်ကိုင်ရာ အမြတ်အစွန်းများစွာရရှိခဲ့ပြန်သည်။

'မယ်တောင်သွန်' သစ်တောကိုလည်း ဇနီး မိဂျာဥဘက်မှ တူများဖြစ်သော နိုင်ထွန်းရင်၊ နိုင်တွတ်တို့အား ဆင်အစီး ၄၆စီးဖြင့် ကြီးကြပ်လုပ်ကိုင်စေပြီး 'မောင်မဲ' နှင့် ကယားပြည်နယ် 'ဖားဆောင်း' သစ်တောများကို ဦးနာအောက် ကိုယ်တိုင် ဆက်လက်လုပ်ကိုင်ပြန်၏။ ဦးနာအောက်၏ ရည်ရွယ်ချက်ပြည့်ဝခဲ့လေပြီ။ စည်းစိမ် ဥစ္စာများကား တိုင်းရင်းသားလုပ်ငန်းရှင် တစ်ယောက် မမျှော်မှန်းနိုင်ခဲ့သော အခြေအနေသို့ တိုင် အောင်မြင်ခဲ့လေတော့သည်။

**ဆုစာပေ**

၄၂ ကိုဂျေ

## ကျွန်တော်စပါးကုန်သည်

ဓနရှင် စီးပွားရေးဝါဒသည် တိုင်းရင်းသား ပြည်သူလူထု နှင့်အတူ တစ်ကမ္ဘာလုံးအားတိုက်ခတ် နှိပ်စက်နေသောအချိန် ကာလဖြစ်သည်။ ဓနရှင်တို့သည် ကုန်ထုတ် ပစ္စည်းများ ကို နည်း မျိုးစုံသုံး၍ မိမိတို့၏ စီးပွာရေးအတွက် အမြတ်ထုတ်သွေး စုပ်ချယ်လှယ်သော ကာလဖြစ်သည်။

မျိုးချစ်တိုင်းရင်းသား လုပ်ငန်းရှင် ဦးနာအောက်သည် လည်း ကိုယ့်တိုင်းရင်းသားများ၏ ဆင်းရဲတွင်း နက်မှုကိုမည် သို့ကယ်တင်ရမည်နည်းဟု စဉ်းစားတွေးတောနေချိန်ဖြစ်သည်။

သစ်လုပ်ငန်းများစွာကို အောင်မြင်မှု ရရှိပြီးနောက် ကော့နှက်ရွာသို့ ပြန်လာသော ဦးနာအောက် တစ်ယောက် ချစ်တီးကုလားနှင့် ဘာဘူကုလားများ၏ မတန်တဆ အတိုး နှုန်း အောက်ဝယ် ပြားပြားဝယ်နေသော ကော့နှက် ရွာသူ ရွာသားတို့အတွက် စိတ်မချမ်းမြေ့စွာ ဖြစ်ရလေသည်။

ထို့ကြောင့် နိုင်ငံခြားသား အရင်းရှင်တို့ကို တိုက်ရန် အတွက် ငွေတိုးချေးစားခြင်းနှင့် စပါးရောင်းဝယ်ရေးလုပ်ငန်း သစ်ဆီသို့ ဦးနာအောက် ခြေဆန့်ခဲ့၏။

နိုင်ငံခြားသား အရင်းရှင်တို့က တိုင်းရင်းသား လုပ်ငန်းရှင် ဦးနာအောက်အား မလိုလား၍ လုပ်ငန်းပျက်ရာ ပျက်ကြောင်း အတွက် နည်းမျိုးစုံ သုံး၍ တိုက်ခိုက်ခဲ့၏။

www.burmeseclassic.com



လုပ်ငန်းအစတွင် မကျွမ်းကျင်မှု၊ လုပ်ရည်ကိုင်ရည်ဟာ ကွက်လစ်ကွက်များရှိမှုကြောင့် အရှုံးနှင့်သာ ရင်ဆိုင်ရလေသည်။ ဦးနာအောက်ကတော့ အပြုံးမပျက်ခဲ့။ ဟာကွက်၊ လစ်ကွက်များ၊ မကျွမ်းကျင်မှုများကို အချိန်မီ ပြင်ဆင်၍ လုပ်ငန်းကို ဆက်လက် အကောင်အထည်ဖော်ခဲ့လေသည်။

ထို့ကြောင့် သစ်လုပ်ငန်း လူယုံတော် ဦးငယ်ကို စပါးလုပ်ငန်းတွင် တာဝန်ယူစေပြီး ငွေကြေးလူယုံတော် ဦးဘိုးခင်အား စာရင်းဇယားများကို စီစစ်ဆောင်ရွက်စေခဲ့သည်။

အလုပ်သမားများကိုလည်း လုပ်ငန်းခွင်အရည်အချင်းပြည့်မီစေအောင် ဆုတော်ငွေများပေး၍ လုပ်ကိုင်စေခဲ့သည်။ အလုပ်သမားတစ်ယောက်သည် ငွေဒင်္ဂါး ၂၀ ရပါက တစ်လတစ်ကြိမ် မထုတ်ပါထဲ တစ်နှစ်ပြည့်မှ ထုတ်ယူလျှင် အထူးချီးမြှင့်ငွေအဖြစ် တစ်နှစ်အတွက် ငွေဒင်္ဂါး ၂၄၀ အပြင် ငွေဒင်္ဂါး ၅၀၀ နှင့် အဝတ်အစားများကို ထပ်လောင်းပေးစေခဲ့သည်။ ထို့ကြောင့်ပင် အလုပ်သမားများသည် ဦးနာအောက်၏ ကွယ်ရာတွင် ဖြစ်စေ လုပ်ငန်းအား ခိုကပ်ခြင်း၊ ခိုဝှက်ခြင်း ကင်းရှင်းကာ ကြိုးစားလုပ်ဆောင်ခဲ့ကြလေသည်။ စပါးကုန်သည် လုပ်ငန်းမှ စီးပွား ဥစ္စာ သည်လည်း ဒီရေ အလား တိုးတက်ခဲ့ပြန်သည်။

ကကွိ၊ ဒရယ်၊ သဲကုန်း၊ ကျုံးတော၌လည်းကောင်း သာယာဝတီ၊ ပဲခူးဘက်၌လည်းကောင်း၊ ခရမ်းသုံးခွဘက်၌

## ၃၄ ကိုဂျေ

လည်းကောင်း၊ သံလွင်မြစ်တစ်လျှောက် ဂျိုင်းမြစ်ဘက်၌ လည်းကောင်း၊ အတ္တရံ မြစ်ကမ်းတစ်လျှောက်သို့တိုင်အောင် စပါးများအား ဝယ်ယူစေခဲ့သည်။

ရရှိလာသောအကျိုးအမြတ်များမှ လယ်သမားများအား အတိုးနှုန်း ချိုသာစွာဖြင့် ငွေချေးပေးသကဲ့သို့ လယ်ယာ လုပ်ငန်းများကိုလည်း တိုးချဲ့ လုပ်ကိုင်စေခဲ့သည်။ ဂုင်းပိုင် လယ်မြေများဝယ် တိုင်းရင်းသား လယ်ယာ လုပ်သားများ အား လုပ်ကိုင်စေခဲ့သည်။

နိုင်ငံခြားသားအရင်းရှင်များကို တိုက်ထုတ်ပစ်ရမည်။ ခုခံ ဝံ့သူတို့သည် အောင်ပွဲရလိမ့်မည်ဟု ဦးနာအောက်က ယုံကြည် ခဲ့လေသည်။

## စတုတ္ထမိဗျူ

ဦးနာအောက်သည် သူ၏ စတုတ္ထ အိမ်ထောင်ဘက်အဖြစ် လယ်သူမလေး မိဗျူအား ရွေးချယ်ခဲ့သည်။

မိဗျူသည်လည်း ဆင်းရဲနွမ်းပါးသော လယ်သူမလေးပင် ဖြစ်လင့်ကစား စေတနာသဒ္ဓါ ပြည့်ဝသူလေး ဖြစ်သည်။ သူမရင်ထဲမှာ ခံစားဖြစ်ပေါ်နေသော ဒါနပါရမီတို့လည်း ဦးနာအောက်က ဖြည့်စွမ်းပေးနိုင်ခဲ့၏။

www.burmeseclassic.com



မိဗျူသည် ဟိုစဉ်မှပင် မွန်မြတ်သော စေတီတစ်ဆူ ဆောက်လုပ် လှူဒါန်းရန် အဓိဋ္ဌာန် ပြုဖူးခဲ့၏။ သူဌေးကြီး ဦးနာအောက်၏ ဇနီးဘဝသို့ ရောက်လာသောအခါ သူမ၏ တောင်းဆု ရည်ရွယ်ခဲ့သည့်အတိုင်း စေတီတစ်ဆူ တည်ခဲ့လေသည်။ ထိုစေတီအား ဆုတောင်းပြည့်စေတီဟု ယနေ့တိုင် ခေါ်တွင်စေခဲ့လေသည်။

ဦးနာအောက်သည် အလှူအတန်း ဝါသနာထုံသော ဇနီးသည် မိဗျူနှင့်အတူ ပရိယတ္တိ စာပေလေ့လာလိုက်စား သူများကိုလည်း အားပေး လှူဒါန်းခဲ့၏။ အလှူရေစက် လက်နဲ့မကွာ ရှိနေစဉ်မှာပင် မိဗျူသည်လည်း ဦးနာအောက်အား ကျောခိုင်းကာ သေမင်းခေါ်ရာနောက်သို့ လိုက်ပါခဲ့ရပြန်လေသည်။

## သင်္ဘောသူဌေးကြီးဦးနာအောက်

ထိုအချိန်သည် ဓနရှင် စီးပွားရေးဝါဒ အရှိန်အဟုန် ကောင်းဆဲအချိန် ဖြစ်သည်။

ဧရာဝတီ သင်္ဘောကုမ္ပဏီသည် ဧရာဝတီမြစ်တစ်လျှောက် နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် ရေကြောင်းခရီးသွားလာရေး လုပ်ငန်းမှန်သမျှကို လက်ဝါးကြီးအုပ် စီးပွားရှာနေချိန်ဖြစ်သည်။

## ၃၆ ကိုဂျေ

ဧရာဝတီ သဘော်ာကုမ္ပဏီသည် ရေကြောင်းပို့ ဆောင်ရေး လုပ်ငန်းမှ နှစ်စဉ် အမြတ်ငွေ ၄၀ ရာခိုင်နှုန်း ရရှိနေချိန် ဖြစ်သည်။ ၎င်းတို့၏လက်ဝါးကြီးအုပ်ဝါဒအတိုင်းရေကြောင်း ပို့ဆောင်ရေး လုပ်ငန်းခွင်သို့ ဝင်ရောက်လာမည့် လုပ်ငန်း ရှင်များအား မနှစ်မြို့ မလိုလားနေသော အချိန်လည်းဖြစ် သည်။

ဧရာဝတီမှသည် ချင်းတွင်းမြစ်ကြောင်းသို့တိုင် ခနရှင်တို့ ခရီးသည် ပို့ဆောင်းရေးစရိတ်ကို အဆမတန် ယူနေသော ကြောင့် ခရီးသည်တို့အခက်အခဲပေါင်းများစွာဖြင့် ကြုံတွေ့နေ ကြရလေသည်။

ထိုအဖြစ်သနစ်ကို ဦးနာအောက်တစ်ယောက် ကောင်းစွာ နားလည်သည့်နည်းတူ သစ်လုပ်ငန်းမှ ရရှိလာသော အကျိုး အမြတ်များ၊ စပါးလုပ်ငန်းမှ ရရှိလာသော အကျိုးအမြတ် များဖြင့် ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းကို တိုးချဲ့ရန် အားယူလေတော့သည်။

နယ်ချဲ့ အရင်းရှင်များကို မြန်မာ့ရေပြင်မှ နှင်ထုတ်ရန် ဦးနာအောက်သည် ခံစားချက်ပြင်းထန်သော ကာလလည်း ဖြစ်သည်။ ထို့ကြောင့်ပင် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်း များကို ယှဉ်ပြိုင်ရန်အတွက် ဦးနာအောက် တစ်ယောက် သဘော်ာလုပ်ငန်းခွင်ထဲသို့ ဝင်ရောက်ခဲ့တော့၏။

www.burmeseclassic.com



၁၉၆၀ ခုနှစ်၌ စကော့တလန်ပြည် 'မက်ကွိအင်ဘက် စတာ' ကုမ္ပဏီမှ နှစ်ထပ်သင်္ဘောနှစ်စင်းနှင့် တစ်ထပ်သင်္ဘော နှစ်စင်း၊ စက်ပစ္စည်းများ ဝယ်ယူရန်အတွက် အင်္ဂလန်နိုင်ငံ စကော့တလန်ပြည်သို့ ဦးရွှေလေးအား စေလွှတ်ဝယ်ယူစေခဲ့ သည်။

သင်္ဘောလွှန်းတင်ရန်အတွက် သင်္ဘောကျင်းကို မုတ္တမမြို့ ဆီဆုံရပ်၌ တည်ဆောက်လေသည်။ ထိုသင်္ဘောကျင်းသည် ၁၂၆၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ကျပ်တစ်သိန်း ကုန်ကျခဲ့၏။

ထို့နောက် ဦးနာအောက်သည် သင်္ဘောများကို ထပ်မံ ဝယ်ယူ ပြန်သည်။ ရေကြောင်း ပို့ဆောင်ရေး လုပ်ငန်းကို အရှိန်အဟုန် မြှင့်ခဲ့လေသည်။ နှစ်ထပ်သင်္ဘော (၇) စင်းနှင့် တစ်ထပ်သင်္ဘော (၂) စင်း ပြေးဆွဲခဲ့သည်။

နှစ်ထပ် သင်္ဘောတစ်စင်းလျှင် ၆၀၀၀၀ ကျပ်ဖြစ်ပြီး တစ်ထပ် မီးသင်္ဘောတစ်စင်းလျှင် ၃၅၀၀၀ ကျပ်ဖြစ်သည်။

သင်္ဘောများ၏ ကိုယ်ထည်နှင့် အမိုးများကို ငှက်ပျောညွန့် ရောင် ဆေးခြယ်ထားသည်။ သင်္ဘောခေါင်းတိုင်များကို အညိုရောင် အခံထား၍ အဖြူရောင်ဖြင့် ရစ်ပတ်ထားလေသည်။ သင်္ဘောသားအားလုံးသည် တိုင်းရင်းသားများ ဖြစ်ကြသည်။

သင်္ဘောသားများသည် သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့် အတ္တရံမြစ် များတွင်း ဝယ်ပြေးဆွဲခဲ့ကြသည်။

သဘော်ာများကိုလည်း ရဟန်းသံဃာ၊ သီလရှင်နှင့် လူကြီး အိုမ၊ ကလေးများကို အခမဲ့ သတ်မှတ်ထားလေသည်။

ဦးနာအောက်၏ ရည်ရွယ်ချက်ကား ဓနရှင်လက်ဝါးကြီး အုပ်များ လက်အောက်ဝယ် အခက်အခဲကိုယ်စီနှင့် ရင်ဆိုင်နေကြရသော တိုင်းရင်းသားပြည်သူလူထု၏ သက်သာချောင်ချိမှုသာ အဓိကဖြစ်သည်။

ဓနရှင်များသည် ဦးနာအောက်အား မည်သို့သော နည်းဖြင့် တိုက်ထုတ်ရမည်ကို အမြဲတစေ စူးစမ်းလျက်ရှိ၏။ တိုက်လည်း တိုက်ထုတ်ခဲ့၏။ တိုက်ခိုက်ပုံမှာလည်း ဓနရှင်တို့၏ ထုံးတမ်းအစဉ်အလာအတိုင်း အရင်းနည်းသူအား အရင်းအနှီးများသူက ငွေကြေးဖြင့် တိုက်ခိုက်သိမ်းပိုက်သော လက်ဝါးကြီးအုပ်နည်းသာ ဖြစ်သည်။

ဦးနာအောက်က ခရီးသည်တစ်ဦး တစ်ကျပ်နှုန်းယူလျှင် ဧရာဝတီကုမ္ပဏီက ငါးမူးနှုန်းသတ်မှတ်၏။ ဦးနာအောက်က တစ်မတ်သတ်မှတ်လျှင် ဧရာဝတီက ဆယ်ပြား၊ ထို့နောက် တစ်ပဲ၊ ငါးပြားမှသည် အခမဲ့စီးခွင့်ပေးခြင်းဖြင့် တိုက်ခိုက်လေသည်။

## လော့ဒ်ကာဇံနှင့် ဦးနာအောက်

တိုင်းရင်းသား လုပ်ငန်းရှင်တစ်ဦးအနေဖြင့် ဤမျှများပြားလှစွာသော လုပ်ငန်းရပ်များကို တစ်ဦးတည်း ငွေကြေးစိုက်

www.burmeseclassic.com



ထုတ် လုပ်ကိုင်နေသည် ဆိုခြင်းမှာ ဓနရှင်တို့အတွက် အံ့ဩစရာတစ်ရပ် ဖြစ်ခဲ့ရသည်။

သစ်လုပ်ငန်း၊ ဆန်စပါးလုပ်ငန်း၊ သင်္ဘောလုပ်ငန်းနှင့် အလှူအတန်းများအား အမြဲမပျက် ပြုလုပ်နေသော ဦးနာအောက်အား အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ကာဇံ (Viceroy Lord Curzon) ကိုယ်တိုင် လာရောက်တွေ့ဆုံခဲ့လေသည်။

လော့ဒ်ကာဇံအနေဖြင့် ဤမျှကြီးကျယ်လှစွာသော တိုင်းရင်းသား သူဌေးကြီးတစ်ယောက်အနေဖြင့် အချွေအရံများစွာ ခြံရံလျက် လောကစည်းစိမ်အား တစ်နင့်တပိုးခံစားနေလိမ့်မည်ဟု ယုံကြည်မြင်ယောင်နေခဲ့၏။

သို့သော် တကယ်တန်းလာရောက် တွေ့ဆုံသောအခါတွင် အထင်နဲ့အမြင် တက်တက်စင်အောင် လွဲခဲ့ရလေသည်။

ဦးနာအောက်ကား အခြွေအရံအသင်းမရှိ။ လောကစည်းစိမ်တွင် မယစ်မူး၊ ဘဝကိုမမေ့။

အိမ်ရှေ့သစ်ပင်ရိပ်ဝယ် ဝတ်ဖြူစင်ကြယ်ဖြင့် နှီးကြမ်းဖျာ၊ ပလိုင်း၊ တောင်းများ ယက်လုပ်နေသည်ကိုသာ တွေ့ရ၏။ ရေနွေးကြမ်းအိုးတစ်လုံးသာ ဦးနာအောက်အတွက် ဧိမ်ခံပစ္စည်းသဖွယ်ရှိသည်။

ဦးနာအောက်သည် ရတနာသုံးပါးကို ကိုင်းရှိုင်းသည့်အလျှောက် ဘုရားကျောင်းကန်သို့ နံနက်တစ်ခေါက် ညနေတစ်ခေါက် မှန်မှန်သွားကာ ဝတ်ပြုလေ့ရှိ၏။

လော့ဒ်ကာဇံအတွက် မအံ့ဩဘဲ မနေနိုင်တော့ချေ။ သို့သော် ထိုအချိန်က ဓနရှင်တို့၏ မူအတိုင်း လာရောက်တွေ့ဆုံသည်မှာ သွေးရိုးသားရိုးမဟုတ်ပါဘဲ ဤလုပ်ငန်းရှင်အား မည်သို့ တိုက်ထုတ်ရမည်ကို အကဲခပ်လေ့လာခြင်းသာ ဖြစ်သည်။

အုပ်ချုပ်မှုပညာ ပါးနပ်လှသော နယ်ချဲ့တို့နှင့် ရိုးသားသော တိုင်းရင်းသား လုပ်ငန်းရှင် ဦးနာအောက်၏ တိုက်ပွဲ ကားပြင်းထန်ခဲ့လေပြီ။

ဦးနာအောက်၏ သင်္ဘောများ ဆိပ်ကမ်းများတွင် မဆိုက်ကပ်နိုင်ရန် ဧရာဝတီသင်္ဘောကုမ္ပဏီက ဆိပ်ကမ်းများကို အခွန်ဆောင်၍ ဝယ်ယူလေသည်။

ဦးနာအောက်မှာ သင်္ဘောဆိုက်ကပ်ရန် ဆိပ်ကမ်းမရှိသဖြင့် ဒုက္ခရောက်ရတော့၏။

ထိုအချိန်က ဘုရင်ခံ အတိုင်ပင်ခံလည်းဖြစ် ကတိုးကော့နက်ရွာ၏ တိုင်တစ်လုံးအိမ်ပိုင်ရှင်ဖြစ်သော သူဌေး ဦးရွှေလေးက. . .

> 'ဦးနာအောက်. . . ဧရာဝတီ ကုမ္ပဏီက ဆိပ်ကမ်းတွေကို သူတို့ပိုင်ဖြစ်အောင် အခွန်ဆောင်သလို ခင်ဗျားလည်း မြစ်ချောင်းအားလုံးကို ခင်ဗျားပိုင်ဖြစ်အောင် အခွန်ဆောင်ပါ" ဟု အကြံပေးလေသည်။

www.burmeseclassic.com



ထိုအကြံအတိုင်း ဦးနာအောက်က မြစ်ချောင်းအားလုံးကို အခွန်ဆောင်၍ သူပိုင်လုပ်ခဲ့၏။ ထို့ကြောင့် ဆိပ်ကမ်းများကို ပိုင်သော ဧရာဝတီကုမ္ပဏီအနေဖြင့် ဦးနာအောက်ပိုင် မြစ်ချောင်းများဆီသို့ သင်္ဘောဝင်ခွင့်မရ ဖြစ်ခဲ့ရသည်။

ခရီးသည်များ သွားလာရေး အခက်ပိုတွေ့ရတော့သည်။ ထို့ကြောင့်ပင် ဦးနာအောက်နှင့် ဧရာဝတီကုမ္ပဏီတို့ တရားရုံးတော်သို့ ရောက်ခဲ့ကြသည်။ တရားရုံးမှ ဆုံးဖြတ်လိုက်သည်ကတော့. . .

> "ဧရာဝတီသင်္ဘောသည် ခရီးတစ်ခုခုအတွက် ဆိပ်ကမ်းမှ ဦးနာအောက်၏ သင်္ဘောထက် အချိန်စော စွာ ထွက်စေပြီး ဦးနာအောက်၏ သင်္ဘောထက် စောစွာ ဆိုက်ကပ်ရမည်" ဟူ၏။

အရင်းရှင်တို့၏ ဖိနှိပ်မှု၊ ဘက်လိုက်မှု၊ မှုမမှန်သော တရားဥပဒေ အဆုံးအဖြတ်တို့ကြောင့် ရေရှည်တိုက်ပွဲဝယ် ဦးနာအောက်တစ်ယောက် အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရတော့သည်။

ဦးနာအောက်သည် မိမိပိုင်သင်္ဘောများဖြစ်သော. . .

၁။ အောင်ခေမာ (အောင်ဇေယျ) တစ်ထပ်သင်္ဘော

၂။ အောင်ပန်း ( အောင်နိဗ္ဗာန်) တစ်ထပ်သင်္ဘော

၃။ အောင်သိန်း

၄။ အောင်တပ်

၅။ အောင်စကြာ

၆။ အောင်မာလာ

၇။ အောင်ဒီပါ

၈။ အောင်သီတာ

၉။ အောင်ပန်း. . . တို့ဖြင့် ဧရာဝတီ သင်္ဘောကုမ္ပဏီအား မြန်မာ့ရေကြောင်းပိုင်နက်အတွင်းမှ အပြီးအပိုင် တိုက်မထုတ်နိုင်လင့်ကစား နယ်ချဲ့ကုမ္ပဏီတစ်ခုနှင့် ရင်ဆိုင်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ပုံမှာ မြန်မာလုပ်ငန်းရှင်များအတွက် မော်ကွန်းတင် အတုယူစရာပင် ဖြစ်ပါသည်။

## ပဉ္စမနှင့် နောက်ဆုံးခရီး

ဇနီးသည် ဒေါ်ဗျူကွယ်လွန်ပြီးနောက် ပဉ္စမမြောက်အိမ်ထောင်ဘက်အဖြစ် ဒေါ်ငြိမ်းမေဆိုသော ကြင်သက်လျာကို ရွေးချယ်ခဲ့လေသည်။

ဦးနာအောက်သည် ပဉ္စမြောက်ဇနီးနှင့်အတူ နောက်ဆုံးချိန်ထိ အလှူအတန်းများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သည်။ ဦးနာအောက်အနေဖြင့် ဘဝတူအလုပ်သမား၊ လယ်သမားများကို ရိုင်းပင်းကူညီသကဲ့သို့ နောင်လာ နောင်သားတို့အတွက် အဆောက်အအုံပေါင်း များစွာကို ဆောက်လုပ်လှူဒါန်းသည်။

www.burmeseclassic.com



၎င်းလှူဒါန်းခဲ့သော အဆောက်အအုံများသည်. . .

၁။ မွေးရပ် ကော့ဝယ်ခရဲ ကျေးရွာတွင် ကျောင်းသိမ်နှင့် ဇရပ်များ

၂။ ခရုံရွာတွင် ကျောင်းတစ်ကျောင်း

၃။ မော်လမြိုင်တောင်ပိုင်းရပ်တွင် ပန်းဥယျာဉ်ကျောင်း သိမ်ကျောင်းကြီး

၄။ ကော့နှက်ရွာ စာသင်တိုက်၊ ဆွမ်းစားဆောင်နှင့် ဘုရားဝန်ဆောင်

၅။ အတုမရှိကျောင်း၊ ယက်ကန်းစင်ကျောင်း

၆။ နှစ်ကျိပ်ရှစ်ဆူဝတ်ကျောင်း

၇။ ဒီပင်္ကရာဝတ်တန်ဆောင်း

၈။ မဟာဝိဇယသိမ်တော်ကြီး

၉။ ဆုတောင်းပြည့်ဝတ်တန်ဆောင်း

၁၀။ မဟာစေတီကြီးနှင့် ဆုတောင်းပြည့် စေတီကြီးတို့ ဖြစ်သည်။

ဦးနာအောက်သည် သက္ကရာဇ် ၁၂၇၅ ခုနှစ်၊ နယုန်လဆုတ် ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ် အချိန်အသက် ၈၁ နှစ် အရွယ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

ဦးနာအောက်ကွယ်လွန်ပြီးနောက် ဦးနာအောက်ရုပ်ပုံကို ခရစ်သက္ကရာဇ် ၁၉၂၇ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့

www.burmeseclassic.com



တွင် ထုလုပ် ပြီးစီးခဲ့သည်။ ဒင်းရုပ်ပုံကို ထုလုပ်ခအဖြစ် ကျပ် ၅၀၀၀ ပေးခဲ့ရလေသည်။

'ပုံတူရုပ်ပုံကြီး၏ အခြေတွင် မွန်ဘာသာ၊ မြန်မာဘာသာ နှစ်ဘာသာဖြင့်. . .

'ကော့နှက်ရွာနေ ကောင်းမှုပညာရှင် ဖြစ်သော သစ်ကုန်သည်၊ ဆန်စက်ပိုင်ရှင်၊ မြန်မာပြည် မီးသဘောသူဌေးကြီး၊ ဘုရားဒါယိကာကြီး ဦးနာအောက်သည် သက္ကရာဇ် ၁၁၉၄ ခုနှစ်၊ ကဆုန်လဆုတ် ၃ ရက် ကြာသပတေးနေ့တွင် မွေးဖွားပြီး သက္ကရာဇ် ၁၂၇၅ ခုနှစ် နယုန်လဆုတ် ၁၂ ရက်နေ့ ၁၂ နာရီ ၃၅ မိနစ် အချိန်တွင် ကွယ်လွန်' ဟု ရေးထိုးထားလေသည်။

ဦးနာအောက်သည် တိုင်းရင်းသား ပြည်သူများအတွက် ခေတ်ရှင် စီးပွားရေးဝါဒီများနှင့် ရင်ဆိုင်၍ စီးပွားရေး အပြိုင်လုပ်ခဲ့သော ရဲရဲတောက် မြန်မာ့ လုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်ပါသည်။

(မြန်မာကုန်သည်များနှစ်ပတ်လည်မဂ္ဂဇင်း ၁၉၉၂)

⊘

www.burmeseclassic.com



www.burmeseclassic.com

# ရဲရဲတောက် မြန်မာ့ လုပ်ငန်းရှင်ကြီး
# ပန်းကန် ဦးသော်

ဟသ်ာတ။

သည်မြို့လေးဟာ အနုပညာလောက၊ နိုင်ငံရေးလောက၊ စီးပွားရေးလောက၊ ပညာရေး၊ ဘာသာရေး၊ အားကစား၊ လောက နယ်ပယ်အစုံမှာ ထူးချွန်တဲ့ အောင်မြင်တဲ့ သူတွေ ခြေချတဲ့ မြို့ကလေးတစ်မြို့။

**ဆုစာပေ**

## ၄၆ ကိုဂျေ

သည်မြို့ဟာ ကျွန်တော့်ရဲ့ မွေးရာဇာတိရွာလေးနဲ့ ခုနစ်မိုင်လောက် ဝေးတဲ့မြို့လေး ဖြစ်သည်။ တစ်နှစ် တစ်ခေါက် နှစ်နှစ် တစ်ခေါက်လောက်တော့ ကိုယ့်ရွာ ကိုယ်မြို့ဆီသို့ အလည်ပြန်ဖြစ်၏။

ဟင်္သာတသည် ကျွန်တော်တို့နှင့် မစိမ်း။ ဟင်္သာတသည် အမြဲပျော်ရွှင်ဖွယ်၊ တက်ကြွဖွယ်၊ အားရကျေနပ်ဖွယ်။

ကျွန်တော့်ရင်ထဲမှာ ရေးချင်သည့် အကြောင်းအရာလေးများစွာ ရှိ၏။ ဒီအထဲတွင် ဟင်္သာတမြို့ပေါ်မှ ခြေချလှုပ်ရှားခဲ့သော စီးပွားရေးသမားများအကြောင်းက အတွေးထဲမှာ မရေးရ မနေနိုင်လောက်အောင် စေ့ဆော်ပေးနေမြဲ။

ဘယ်သူတွေ ရှိသနည်း။ စဉ်းစားနေစရာမလို၊ ကျွန်တော်တို့ မိဖဘိုးဘွားများ လက်ထက်ကတည်းက ဟင်္သာတမြို့ပေါ်မှာ ခြေချလှုပ်ရှားခဲ့သည့် သူဌေးများအကြောင်း ပြောကြလျှင်။

ဟင်္သာတဦးမြအကြောင်း ပါ၏။

ပန်းကန်ဦးသော်အကြောင်း ပါ၏။ ထို့နောက် များစွာသော စီးပွားရေးလုပ်ငန်းရှင်များ။ ဒီအထဲက ကျွန်တော်အတွေး၊ ရေးချင်စိတ်ကိုစေ့ဆော်စေဆုံးနှစ်ဦးက ဟင်္သာတဦးမြနှင့်ပန်းကန် ဦးသော်။

(ဟင်္သာတ ဦးမြအကြောင်းကို ဤစာအုပ်၏ တစ်နေရာတွင် ရေးသားထားပါသည်။

www.burmeseclassic.com



ပန်းကန်ဦးသော်၊ ပန်းကန်ဦးသော် ဆိုသည်က ဟင်္သာတသားတော့ မဟုတ်။ ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့သား ဇာတိဖြစ်သည်။ ဒါပေမယ့် သူ၏ စီးပွားရေးလုပ်ရှားမှုလေးများက ဟင်္သာတ မြို့ပေါ်ရှိ ပြည်သူများ နှုတ်ဖျားမှ ပြောစရာကျန်ခဲ့လေသည်။

အသက်ကလေးက ငယ်ငယ်၊ တန် (၁၀၀) ဆန်စက်ကြီးကို ဦးဆောင် ကြိုးစား အကောင်အထည်ဖော်ခဲ့သည့် ဦးသော်လှုပ်ရှားမှုများ၊ ဒီအကြောင်းအရာလေးများက မည်မျှပင်ကြာညောင်းသွားစေဦးတော့၊ ကြိုးစားနေသူ၊ အောင်မြင်ချင်သူများအတွက် အားဆေးသဖွယ် တည်ရှိနေဆဲ။

သည်မှာ နာမည်ကြီးမား ဂုဏ်သတင်း ကျော်ကြားခဲ့ သည့်ဦးသော်ကား. . . မိုးကျ ရွှေကို တစ်ယောက်မဟုတ်။ သူဌေးကြီးနဲ့ သူဌေးမကြီး ဝမ်းထဲက ထွက်လာတဲ့ ခေတ်သစ်သူဌေးလေးတစ်ဦးမဟုတ်။

ဦးသော်ဆိုတာ. . .။

မောင်းထောင်း၊ ကျိတ်ထိုးပြီး ရရှိလာတဲ့ ဆန်ဖြူတွေကို ထမင်းဆိုင်တကာ၊ ဈေးတကာ လှည့်လည် ရောင်းချပြီး၊ အသက်မွေးဝမ်းကြောင်းပြုခဲ့ရတဲ့ ဆင်းရဲသား လယ်သမားကြီး ဦးဘိုးဆင်၊ ဒေါ်သက်တို့က ၁၂၅၅ ခု ဝါခေါင်လဆုတ် (၁၀) ရက် အင်္ဂါနေ့ (၁၈၉၃ ခုနှစ် စက်တင်ဘာလ

www.burmeseclassic.com



၅ ရက်) နေ့မှာ မွေးဖွားခဲ့တဲ့ အညတရ ဆင်းရဲသားလေးတစ် ဦးသာ ဖြစ်သည်။

## လက်ဖွဲ့ကြေးက ၉ ကျပ် ၁၄ ပဲ

ဦးသော်ရဲ့ ဖခင် ဦးဘိုးဆင်ဟာ အလွန်ဆင်းရဲခဲ့သည့် လယ် သမား တစ်ဦးဖြစ်သည်။ ခေတ်ပညာဆိုသည် ချိုနဲ့လားဆို သည့် အစားထဲက ဖြစ်သည်။ ဘုန်းကြီးကျောင်းသား လယ်သမား မောင်ဘိုးဆင်နဲ့ ဝလုံးကို ဘယ်လိုရေးရမှန်းမသိ သော ဒေါ်သက်တို့ ချစ်ခင်စုံမက်ကြရာမှ ဘဝတူအဖော်မွန် အဖြစ် လက်တွဲခဲ့ကြလေသည်။

ဆင်းရဲမှု၊ ချို့တဲ့မှု အစုစု ကြောင့်ပင် သူတို့လင်မယား လက်ထပ်စဉ်က လက်ဖွဲ့ကြေးငွေသားကိုးကျပ်နဲ့ ၁၄ ပဲသာရရှိ ခဲ့သည်။ သူတို့ဘဝ၏ စီးပွားရေး အရင်းအနှီးကလည်း ဒီလက်ဖွဲ့ကြေးလေး ကိုးကျပ်နဲ့ ၁၄ ပဲသာ ဖြစ်သည်။

ရတဲ့ လက်ဖွဲ့ငွေလေးဖြင့်ပင် သက်ကယ်တဲ ငယ်ငယ်လေး တစ်လုံး ထိုးပြီး လင်မယားနှစ်ယောက်၏ အနာဂါတ်ဘဝ ရောင်ခြည်ဦးကို အိပ်မက်မက်ကြရသည်။ သူတို့ အိပ်မက်သည် စိတ်ကူးယဉ်မဟုတ်။ လက်တွေ့အိပ်မက်သာဖြစ်သည်။

သက်ကယ်တဲလေးထိုးလို့ ပို့တဲ့ငွေစလေးနဲ့ စပါးလက် ထိုးကြိတ်တစ်လုံးနှင့် ဆန်ထောင်းတဲ့ မောင်းတစ်ခုထူထောင် သည်။ ထို့နောက် စပါးအနည်းငယ် ဝယ်ကာ မောင်းထောင်း

www.burmeseclassic.com



ကြ၏။ ရသည့် ဆန်ဖြူလေးများကို မောင်တစ်ထမ်း၊ မယ်တစ်ရွက်၊ သက်ကယ် ပိုးကာ ထမင်းဆိုင်များမှာ သွားရောင်းကြရသည်။ သည်အချိန်တွင် ဦးသော်ရယ်လို့နာမည် ဂုဏ်သတင်းကြီးမားတော့မည် မောင်သော်ကလေးက ဒေါ်သက်၏ ဝမ်းဗိုက်အတွင်းဝယ်. . .

ဒီတော့ ဦးဘိုးဆင်ကြိုးစားရတော့မည်။ ပါးစပ်က နှစ်ပေါက်တည်း မဟုတ်တော့၊ သုံးပေါက် နောက်ဆို ပါးစပ်တွေက များစွာ။ လောကမှာ သည်ပုံစံအတိုင်း မွေးနေသွားလို့ မလွယ်ရေးချမလွယ်။

အင်မတန် ကြိုးစားတဲ့ နိုးကြားတဲ့ ဦးဘိုးဆင်သည် မနက်မိုးမလင်းမီအချိန်ကတည်းက အလုပ်လုပ်ပြီး သူ၏ အလုပ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားလေတော့သည်။

ဆန်ချင်းယှဉ်လျှင် ဦးဘိုးဆင်၏ ဆန်ကရောင်းပန်းလှမြဲ။ လူချင်းယှဉ်လျှင် ဦးဘိုးဆင် ဝိရိယ အားကောင်းမြဲ။ ပြီး. . . ဒေါ်သက်ကလည်း အရောင်းအဝယ်ပညာမှာ စီးပွားရေးဘွဲ့ မရသော်လည်း ဝလုံးတစ်လုံး မရေးတတ်သော်လည်း၊ အပြောအဆို အတွက် အချက်ကတိကျ၊ ပိုင်နိုင်သူ ဖြစ်သည်။

သူတို့မောင်နှံ၏ ကြိုးစားရိုးသားမှုကြောင့်ပင် ဦးသော် (၇) နှစ်သားအရွယ်တွင် ဦးဘိုးဆင်နှင့် ဒေါ်သက်ကို မစမည့်လူတစ်ဦးပေါ်လာလေသည်။ ၁၉၀၀ ပြည့်နှစ်သည် ဦးဘိုးဆင်နှင့် ဒေါ်သက်တို့ စိတ်ကူးအိပ်မက်ကို လက်တွေ့အကောင်

အထည်ဖော်ခွင့်ရခဲ့၏။ ဦးဘိုးဆင်၏ မိတ်ဆွေက ငွေတစ်သိန်း ကူညီလေသည်။ ဦးဘိုးဆင်၏ ဘဝတစ်ဆစ်ချိုးအပြောင်းအလဲ ဟုပင် ဆိုရချေတော့မည်။

**ဆန်စက်ကသေးသေးဖွဲနုမှုန့်ကတန် (၁၀၀၀)**

သည်ငွေတစ်သိန်းကို အခြေခံပြီး၊ ဦးဘိုးဆင်တစ်ယောက် ပေါင်းတည်မြို့တွင် တန် (၃၀) ဆန်စက်တစ်လုံးတည်ထောင် တော့သည်။

ဦးဘိုးဆင်သည် သူ့ဆန်စက်လေးကို နေ့မအားညမအား အချိန်ကုန်မခံဘဲ လည်ပတ်ခဲ့၏။ နှစ်ကာလတိုတို တောင်း တောင်းအချိန်လေးမှာပဲ ဖွဲနုတန် (၁၀၀၀) ကို စတီးဘုရား သား ကုမ္ပဏီသို့ ရောင်းချနိုင်ခဲ့သည်။

ထိုခေတ် ထိုအချိန်က မြန်မာနိုင်ငံ စတီးဘရားသားကုမ္ပဏီ သို့ စာချုပ်အတိုင်း ဆန်စက်သေးသေးလေးမှ အချိန်တိုတို အတွင်း ဖွဲနုမှုန့်တန် (၁၀၀၀) ပေးနိုင်ခဲ့သည် ဆိုခြင်းမှာ အင်္ဂလိပ်အစိုးရအတွက် ပျက်လုံးတစ်ခု သဖွယ် ထင်မှတ်ခဲ့သည် ထင်သည်။

ထို့ကြောင့်ပင် ဗြိတိသျှအရာရှိများသည် ဦးဘိုးဆင်၏ ဆန် စက်လေးအား လာရောက် လေ့လာခဲ့ကြ၏။

နေ့ရောညပါ နေ့မီးညမီးမပြတ်။ နေ့ဆိုင်းညဆိုင်းဖြင့် အလုပ် သမား မပြတ်နှင့် လည်ပတ်နေသော ဆန်စက်ငယ်ကို တွေ့ ပါမှ သြချခဲ့ကြလေသည်။ ဤသို့ ကြိုးစား နိုးကြားသော

ဦးဘိုးဆင် တစ်ယောက်၊ ဟောင်းမောင်း ဘ၀မှ ဆန်စက်ပိုင်ရှင်ကြီးဖြစ်လာသည်မှာ ဖြစ်သင့် ဖြစ်ထိုက်ပေ၏။ ဦးဘိုးဆင်၏ အကျင့်၊ စာရိတ္တ၊ ၀ီရိယ တို့သည် ဦးသော်၏သွေးသားများအနှံ့ဆီသို့ ပျံ့နှံ့၀င်ရောက်ခဲ့ကြ၏။ ဦးသော်သည်ကား အဖေတူသားပင်တည့်။

ဦးဘိုးဆင်၏ ကြိုးစားမှုက အရှိန်မသေ။ ရှေ့သို့သာ တိုး၍ တိုး၍ ကြိုးစားနေဆဲဖြစ်သည်။ ၁၉၀၉ ခုနှစ်တွင် တန် (၁၀၀)ဆန်စက်တစ်လုံးကို ဇီးကုန်းမြို့၌ ထူထောင်ပြန်သည်။

ဆန်စက်၏ အရင်းအနှီး သုံးပုံနှစ်ပုံကို ဦးဘိုးဆင်က ထည့်၀င်၍ ဦးဘိုးဆင်၏မိတ်ဆွေ ဦးလုံးကျော်က ကျန်အစုငွေကို ထည့်၀င်လေသည်။ အစုရှယ်ယာဆန်စက်ကို စိတ်တူကိုယ်တူ ဆယ့်သုံးနှစ်ကျော် လုပ်ဆောင်လာရာမှ ဦးလုံးကျော်၏ အစုရှယ်ယာကို ဦးဘိုးဆင်က အပြီးအပြတ် ၀ယ်ယူနိုင်ခဲ့သည်။ ဆင်တို့က အစုရှယ်ရာပေါင်း၍ ဆက်လုပ်ဆောင်ခဲ့ကြသည်။ ထို အချိန်၀ယ် ဦးသော်၏အသက်မှာ (၁၉) နှစ်သာ ရှိသေးသည်။

ဦးသော်၏ အရည်အချင်းကို ဖခင်ဖြစ်သူက ယုံကြည်၏။ လူငယ်ဖြစ်သော်လည်း နိုးကြားတက်ကြွပြီး အမြော်အမြင်ရှိလွန်းသော သားအတွက် ဦးဘိုးဆင်ကြိုးစားပျိုးထောင်ရကျိုးနပ်ခဲ့၏။

ထိုအချိန်တွင် ဦးသော်သည် အစိုးရအထက်တန်းကျောင်း

မှ (၇) တန်းအောင်ပြီးစဖြစ်သည်။ ကျောင်းပညာကို ဆက်လက်မဆည်းပူးနိုင်တော့သော ဦးသော်တစ်ယောက် မော်လမြိုင်သူ ဒေါ်လှခင်နှင့် အိမ်ထောင်ကျခဲ့သည်။ ဟင်္သာတမြို့ တာလေးတန်း၌ တန် (၁၀၀) ဆန်စက်လုံ တစ်လုံးကို ဝယ်ကာ ရေကြည်ရာ မြက်နုရာသို့ ဥစ္စာဓနငွေရှာရန် ထွက်ခဲ့ကြလေသည်။

ဦးသော်သည် မိဝေးဖဝေးနှင့် ကြီးကျယ်လှသော လုပ်ငန်းခွင်ကြီးအား အချိန်ပြည့် စီမံခန့်ခွဲနေရ၏။ ဦးသော်၏ ကျွမ်းကျင်မှု၊ တိကျသော စီမံကွပ်ကဲမှုတို့ကြောင့် ဖခင်ဖြစ်သူက ဦးသော်အား ပို၍ ယုံကြည်စိတ်ချခဲ့လေ၏။

ထို့ကြောင့်ပင် စစ်ဖြစ်စအချိန်၌ လက်ကျန်ဆန်အိတ်များကို ရောင်းချရန် ဖခင်ဖြစ်သူက ဦးသော်အား အိန္ဒိယပြည် ကာလကတ္တားသို့ စေလွှတ်ခဲ့သည်။ ဤသို့ဖြင့် ဦးသော်တစ်ယောက် အိန္ဒိယပြည်သို့ အခေါက်ခေါက်ခါခါ ရောက်ခဲ့သည်။

ရေခြားမြေခြား မြို့ကြီးများသို့ လှည့်လည်ရင်း မြန်မာပြည်နှင့် လိုက်ဖက်မည့် စက်မှုလုပ်ငန်းများကို စူးစမ်းခဲ့၏။ မြန်မာမြေ၊ မြန်မာရေနှင့် မြန်မာတွေလိုအပ်နေသော စက်မှုလုပ်ငန်းသစ်ကို ဦးသော်တွေ့ခဲ့လေပြီ။

www.burmeseclassic.com



တစ်ဘက်က ဆန်စက်တွေ တစ်လုံးပြီးတစ်လုံး ထောင်သလို၊ တစ်ဘက်၌လည်း စက်မှုစီးပွားရေးနယ်ပယ်သို့ တိုးဝင်နိုင်ရန် လှေ့လာခဲ့၏။

ဦးသော်သည် စီးပွားရေးဘက်သို့ စိုက်စိုက်မတ်မတ် လုပ်ကိုင်နေသော်လည်း လူမှုရေး၊ ဘာသာရေး၊ မြို့ရေးရွာရေး၊ နိုင်ငံရေးတို့ဘက်တွင်လည်း တာဝန်ကျေပြွန်ဆုံး ဖြစ်အောင် ကြိုးစားခဲ့သူ တစ်ယောက်ဖြစ်သည်။ ထို့ကြောင့်ပင် ဦးသော်၏ ကောင်းသတင်းက ဟင်္သာတမြို့လေးမှသည် မြန်မာပြည် တစ်နံ့တစ်လျား ကျော်ကြားခဲ့ခြင်း ဖြစ်သည်။

၁၉၁၄ ခုနှစ် နိုဝင်ဘာလတွင် ဇီးကုန်းမြို့၌ တန် (၁၀၀) ဆန်စက်သစ်တစ်ခု တိုးချဲ့ခဲ့ပြန်သည်။ ဖခင်ဖြစ်သူသည် ဦးသော်အား ဇီးကုန်းသို့ပြန်လည်ခေါ်ယူပြီး ဆန်စက်လုပ်ငန်းများကို ကြီးကြပ်စေခဲ့ပြန်သည်။

ဦးသော်သည် ဆန်စက်လုပ်ငန်းကို စီမံအုပ်ချုပ်နေရသကဲ့သို့ တစ်ဘက်တွင် မြန်မာရေမြေနဲ့ အလိုက်ဖက်ဆုံး မည်သူမျှ မစရသေးသော ပန်းကန်စက်လုပ်ငန်းကို တိုးချဲ့ လုပ်ကိုင်ဖို့ ဆန္ဒပြင်းပြလျက် ရှိလေသည်။

## ပန်းကန်အစ ဦးသော်က

ဦးသော်တွင် ဖြစ်ပါ့မလားဆိုသည့် အတွေးမျိုးမရှိ။ ဖြစ်ကို ဖြစ်ရမည်ဆိုသည့် ဆုံးဖြတ်ချက်မျိုးရှိ၏။

## ၅၄ ကိုဂျေ

ဦးသော်တွင် လုပ်ငန်းသစ်တိုးချဲ့ရင် ကောင်းမလားဆိုသည့် တွေဝေတွေးခြင်းမျိုးမရှိ။ လုပ်ငန်းသစ်ထူကို ထူထောင်မည်ဆိုသော ဆုံးဖြတ်ချက်ပဲ ရှိသည်။

ရော်ရမ်း၍ မှန်းဆလုပ်ကိုင်ခြင်းမျိုး မဟုတ်။ တိတိကျကျ သေသေချာချာ လေ့လာစူးစမ်း ဆုံးဖြတ်ပြီးမှ လုပ်ကိုင်ခြင်းမျိုးဖြစ်သည်။ ထို့ကြောင့်ပင် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုဆိုင်ရာ ပြည့်စုံစေချင်သောကြောင့် ဇီးကုန်းမှ သူငယ်ချင်းဖြစ်သူ ဦးဖိုးမြိုင်ကို ရန်ကုန်တက္ကသိုလ်မှ အိုင်အေအပြီး၌ ကာလကတ္တားရှိ ပန်းကန်စက်ကုမ္ပဏီသို့ သုံးနှစ်ပညာသင်ကြားဖို့ စေလွှတ်ခဲ့သည်။

ထိုခေတ်အခါက ပညာတော်သင်စရိတ်အဖြစ် တစ်လလျှင် ၂၅၀ ကျပ် ထောက်ပံ့သည်။ သုံးနှစ်သင်ကြားပြီး မြန်မာနိုင်ငံသို့ ပြန်ရောက်လာသောအခါ ၁၉၂၁ ခုနှစ်၌ သမိုင်းဘူတာရုံအနီး မြေကွက်လပ် တစ်ကွက်ကို ဝယ်ယူလိုက်သည်။ ပန်းကန်စက်မြေပေါ်၌ တဲအိမ်ငယ်များ တည်ဆောက်ကာ ကြွေပန်းကန်များကို စမ်းသပ်ထုတ်ခဲ့၏။ မြန်မာနိုင်ငံတွင် မြန်မာလူမျိုးတစ်ဦးအနေဖြင့် ပန်းကန်ဖြစ်မြောက်ရေးအတွက် စတင်စမ်းသပ်ခဲ့ခြင်းလည်း ဖြစ်သည်။

ဦးသော်အနေဖြင့် ဆန်စက်လုပ်ငန်းနှင့် ပန်းကန်စက်လုပ်ငန်းတို့သည် လုပ်ငန်းသဘာဝချင်း တူညီလိမ့်မည်ဟု ယုံကြည်

www.burmeseclassic.com



ခဲ့သော်လည်း တကယ်တမ်း စမ်းသပ်လုပ်ကိုင်ကြည့်သော အခါ အထင်နှင့် အမြင်လွဲခဲ့ရသည်။

ပန်းကန်စက်လုပ်ငန်းသည် ဆန်စက်လုပ်ငန်းထက် အဆပေါင်းများစွာ ခက်ခဲပင်ပန်း၏။ ငွေကြေးအကုန်အကျများ၏။ အတတ်ပညာပိုင်းပို၍ ကျယ်ပြန့်၏။

ငွေကြေးကို နှမြောတွန့်တို၍ မရ။ သုံးသင့်သည့် နေရာများတွင် ရက်ရက်ရောရော သုံးရမည်။ ဇွဲ၊ လုံ့လ၊ ဝီရိယ အပြည့်အဝထားရှိနိုင်ရမည်ဟု ဦးသော်နားလည်ခဲ့သည်။

ဦးသော်က ပန်းကန်စက်လုပ်ငန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ကောက်ချက်ချခဲ့ဖူးသည်။

> "ငွေကုန်ခံနိုင်ရမည်၊ သည်းခံရမည်။ သို့သော် မခံချင်စိတ်ကို လက်မလွှတ်ရ။ မဖြစ်မနေ သတ္တိရှိရှိ ကြိုးစားရမည်' ဟု ဆိုခဲ့ဖူးသည်။

ပန်းကန်လုပ်ငန်းတွင် မီးထိုးပညာသည် အခက်အခဲဆုံး ဖြစ်သည်။ ကျင်လည်သော မီးထိုးသမားဖြစ်ရန် ငါးနှစ်ခန့် သင်ရသည်။ ပန်းကန်မီးထိုးပညာမသင်မီ ပထမဆုံး ကျွမ်းကျင်နေရမည်မှာ. . .

"ဖိုထဲတွင် တောက်နေသော မီးအရောင်ကို မြင်ရုံနှင့် ဒီမီးဟာ ဘယ်ဒီဂရီကို ရောက်ပြီဆိုတာ သိထားရမည်" သည်လို အခြေအနေမျိုးကိုမှ မသုံးသပ်တတ် မကျွမ်းကျင်လျှင်တော့

ပန်းကန်ဖိုများ မီးထိုးရာတွင် အပျက်အစီးများစွာဖြင့် ကြုံတွေ့နိုင်လေသည်။

ထိုအခြေခံ အကြောင်းအရာများ၊ ပညာရပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဦးသော်ကိုယ်တိုင် ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခဲ့၏။ ကြွေထည်ပညာကား လေ့လာလေ ကျယ်ပြန့်လေဖြစ်သည်။ ထို့ကြောင့် ဦးသော်သည် အလုပ်သမားများ ဖြင့်လွှဲမထားဘဲ သူကိုယ်တိုင် မီးဝင်ထိုးခဲ့၏။ အကောင်းဆုံးသော ပန်းကန်များအတွက် ရှိနိုင်ရေးအတွက် မဆုတ်မနစ်ကြိုးစားခဲ့သည်။

မည်သည့် ပန်းကန်ပင်ဖြစ်စေ မီးထိုးမဟုတ်လျှင် ပန်းကန်မဖြစ်။ ပန်းကန်မီးဖုတ်ရာတွင် လောင်စာအဖြစ် ထင်း၊ ကျောက်မီးသွေး၊ တွင်းထွက်ဂက်စ်၊ ရေနံဆီနှင့် လျှပ်စစ်ဓာတ်အား၊ အကောင်းဆုံးကတော့ လျှပ်စစ်ဓာတ်အားဖြစ်သည်။ သို့သော် ဦးသော်အနေဖြင့် လျှပ်စစ်ဓာတ်အားကို မသုံးနိုင်။ ကမ္ဘာ့ဈေးကွက်တွင် ရေပန်းစားနေသော ပန်းကန်များဖြင့် ယှဉ်လျှင် မျက်နှာပန်းလှနိုင်ဖို့က မလွယ်။

ဦးသော်ရဲ့ ပန်းကန်က ကျောက်မီးသွေး၊ သစ်တောထွက်လောင်စာများနှင့် ပန်းကန်ဖြစ်အောင် ကြိုးစားနေရတဲ့အချိန်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားကို သုံးနိုင်ဖို့ မလွယ်သေး။ ဦးသော်တစ်ယောက် ခေါင်းခဲနေရ၏။ ကြိုးစားသမျှ ခဲလေသမျှ ထင်သလောက် အောင်မြင်ဖို့မလွယ်။

**ဆုစာပေ**

www.burmeseclassic.com



မည်သို့ပင်ခက်ခဲစေတော့ ရှေ့တိုးမိသည့် ခြေလှမ်းနောက် မဆုတ်လိုတော့။ အခက်အခဲ အတားအဆီးမှန်သမျှ ကျော်ဖြတ်ဖို့ ဦးသော် ဆုံးဖြတ်ပြီးပြီ ဖြစ်သည်။

ထို့ကြောင့်ပင် တည်ဆောက်ထားဆဲ တဲတန်းများနေရာ၌ စက်ခန်းများ၊ အသားစပ်သော နှစ်ထပ်တိုက်ကြီး၊ ပန်းကန်များ ခြစ်စက်ခုံများ၊ အချောကိုင်သော စက်ခုံများ၊ ပန်းကန်သယ် လင်းဇယား ခွက်များ၊ စသော အထွေထွေပစ္စည်းများကို ငွေသောင်းနှင့်ချီ၍ အသစ်တစ်ဖန်ပြင်ဆင်ထားလိုက်သည်။ နှစ်ထပ်တိုက် အဆောက်အဦးကိုလည်း ကျပ်ငွေ (၅) သိန်း အကုန်အကျခံ ဆောက်လုပ်လိုက်သည်။

၁၉၂၅ ခုနှစ် မတ်လတွင် သစ်တောဝန်ကြီးကိုယ်တိုင် တက်ရောက်၍ ပန်းကန်စက်ကို ဖွင့်လှစ်ပေးခဲ့သည်။

ပန်းကန်စက်မှ အခြေခံပန်းကန်များ ထွက်ရန် အတွက် အလုပ်သမား တစ်ရာကျော်နှင့် ရင်းနှီးငွေ တစ်သိန်းဖြည့်ကာ ကြိုးစားပြန်၏။ ကြွေထည်များ၊ ပန်းကန်များထွက်မလာသည့်အပြင် စိတ်ညစ်စရာဖြင့်သာ ကြုံတွေ့ခဲ့ရပြန်သည်။

ဦးသော်သည် စိတ်ဓာတ် မကျ။ မအောင်မြင် ရသောအကြောင်းရင်းကို ရှာဖွေခဲ့သည်။ ပြဿနာအရင်းအမြစ်ကိုရှာဖွေတွေ့ရှိခဲ့လေပြီ။ ကာလက္ကတ္တားမှ ဦးဘိုးမြိုင်သင်ကြားသည့် ပညာမှာ ကြွေလျပ်ကာ (လျှပ်သား) ထုတ်လုပ်သည့် ပညာသာ

ဖြစ်၍ ကြွေထည်ထုတ်လုပ်မှုကို သင်ကြားခဲ့သည့် ပညာရပ် မဟုတ်ကြောင်း တွေ့ခဲ့လေသည်။

ထို့ကြောင့် စက်ရုံကို နှစ်နှစ်ကျော် သုံးနှစ်နီးပါး ပိတ်ပစ်လိုက်သည်။ အစိုးရ၏ အကူအညီကိုရယူပြီး ဦးသော်သည် မိတ်ဆွေ ဦးကျင်ကို ဘိလပ်သို့ ပညာတော်သင် ထပ်မံ စေလွှတ်ပြန်သည်။

ဦးကျင် ဘိလပ်မှ ပြန်ရောက်လာပြီး ၁၉၃၉ ခုနှစ်တွင် မြန်မာစက်မှုလုပ်ငန်း စက်ရုံမှ မြန်မာတို့လုပ်သော မြန်မာ ကြွေထည်၊ မြေထည်၊ ပန်းကန်လုံး ပန်းကန်ပြားများကို စတင် ထုတ်လုပ်နိုင်ခဲ့လေသည်။

၁၉၂၁ ခုနှစ်မှ ၁၉၃၉ ခုနှစ်တိုင်အောင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် ကြိုးစားခဲ့ရသော ဦးသော်၏ ကြိုးစားမှုကား အရာထင်ခဲ့လေပြီ။ ၁၉၂၁ ခုနှစ်၌ တဲကလေးနှင့် စတင်ခဲ့သော ပန်းကန်စက်သည် ယခုတော့ နှစ်ထပ်တိုက် စက်ရုံကြီးဖြင့် အလုပ်သမား ၁၀၀ ကျော်တို့ဖြင့် နေ့ညမပြတ် ပန်းကန်များ ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်သည်။

ဦးသော်သည်ကား တွေဝေနေသော သူ၊ ဇွဲမရှိသောသူ၊ ကြိုးစားမှုအားနည်းသောသူ တစ်ဦးဖြစ်ခဲ့ပါလျှင် ဆန်စက် ဦးသော်ဘဝမှ ပန်းကန် ဦးသော်ဘဝသို့ ရောက်လာလိမ့်မည်မဟုတ်ပေ။

ခုတော့ ဦးသော်ဟုဆိုလျှင်ပင် ပန်းကန်ဦးသော်ဟုပင်

www.burmeseclassic.com



တွဲဘက်၍ လက်ခံနေကြပြီဖြစ်၏။ ပန်းကန်အစ ဦးသော်ကဟု ပင် စာချိုးနေကြလေပြီ။

၁၉၃၉-၄၀ ခုနှစ်တွင် ဦးသော်၏ ပန်းကန်စက်ရုံမှ ပန်းကန်များ လှိုင်လှိုင်ထုတ်လုပ် ရောင်းချနိုင်သော ကာလဖြစ်သည်။ ထိုကာလတွင် ဦးသော်၏ အပျော်လှိုင်းများသည်လည်း ပန်းကန်းစက်ကြီး နေ့ညမပြတ် လည်ပတ်နေသကဲ့သို့ အနှိုင်းအဆမရှိ ခံစားပျော်ပါးခဲ့ရသော ကာလလည်း ဖြစ်သည်။

နေ့စဉ် ပန်းကန်အရွယ်အစားမျိုးစုံ ၈၀၀၀ ကျော်ထုတ်လုပ်နိုင်ခဲ့၏။ ဖိုကြီး (၆) ခုဖြင့် ၂၄ နာရီ နေ့ဆိုင်း ညဆိုင်း လည်ပတ်နိုင်ခဲ့၏။ လုပ်ငန်းဟူသမျှ မရပ်မနားလည်ပတ်နိုင်က အကျိုးဖြစ်ထွန်းနိုင်မည်ဟူသော ဖခင်ထံမှ ရရှိခဲ့သည့်စီးပွားရေးပညာရပ်ကို ဦးသော်တစ်ယောက် လိုက်နာကျင့်သုံးလျက်ရှိ၏။ ထို့အတူ နိုင်ငံခြားရောင်းတန်းဝင် ကြွေထည်များဖြင့်ပင် ဈေးကွက်များ၌ ယှဉ်ပြိုင်ရောင်းချနိုင်သော အရည်အသွေးပြည့် ပန်းကန်များကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

## ကိုယ့်မြေနဲ့ကိုယ့်ရေ

လုပ်ငန်းသစ် ထူထောင်တဲ့နေရာမှာ ကိုယ့်ရေမြေသဘာဝ လူတွေရဲ့တောင့်တမှု၊ လိုအပ်ချက်၊ ကိုယ်ဘယ်လောက်ထိ ကြိုး

www.burmeseclassic.com



စား အကောင်အထည်ဖော်နိုင်သလဲ ဆိုသည့်အချက်တွေကို စဉ်းစားတတ်ဖို့ အထူးပင်လိုအပ်သည်။

ဦးသော်သည် ထိုအရာအားလုံးကို လေ့လာပြီးမှ ကြိုးစားအကောင်အထည်ဖော်ခဲ့၏။ အကောင်အထည်ဖော်ခဲ့သည်ဆိုရာတွင်လည်း လွယ်လွယ်ကူကူအောင်မြင်မှု ရခဲ့သည်မဟုတ်။ အလုပ်ထဲမှာ၊ လုပ်ငန်းခွင်မှာ လုပ်ရင်းကိုင်ရင်း အပြစ်အနာအဆာများ၊ လိုအပ်ချက်များ စူးစမ်းရှာဖွေရင်း ခရီးဆက်ခဲ့သူဖြစ်သည်။

ဦးသော်ရဲ့ လုပ်ငန်းသစ် ထူထောင်နည်းကတော့ 'ပန်းပုဆရာ' လိုထူထောင်ခဲ့ခြင်းမျိုးဖြစ်သည်။

'ပန်းပုထုတဲ့အခါမှာ မလိုအပ်တာတွေကို ဖဲ့ထွင်ရှင်းလင်းရသလို တကယ် လိုအပ်ချက်တွေကို ပန်းပုထုရင်းရှာကြံ ထုလုပ်ရခြင်းမျိုး ဖြစ်သည်။ လှပသည့် ရုပ်လုံးပေါ်လာနိုင်ဖို့အတွက် စိတ်ရှည်ခဲ့ရ၏။ သေသပ်လှပမှုကိုကြည့်တတ်၊ မြင်တတ်ရလေ၏။'

ထို့အတူပင် ပန်းကန်စက်ပညာသည် နိုင်ငံခြားတွင် ပညာသင်ယူပြီး သင်ယူခဲ့သည့်ပညာအတိုင်း ပြုလုပ်၍ရသောပညာရပ်မျိုးမဟုတ်ပေ။

ကိုယ့်ရေ၊ ကိုယ့်မြေသဘာဝ၊ ဖေါက်သည်လူအချိုးအစား၊ မြေစေး၏အနေအထား၊ ဒါတွေကိုပြန်လည် သုတေသနလုပ်ခဲ့ရ

www.burmeseclassic.com



၏။ ငွေအရင်းအနှီးများစွာ အကုန်အကျခံ၍ သုတေသနလုပ်ငန်းများ၊ ပန်းကန်ပုံစံများကို တီထွင်ခဲ့ရလေသည်။

နောက်ဆုံးဝယ် လှပခိုင်ခံ့သော ပန်းပုရုပ်ကလေးကဲ့သို့ပင်၊ ဦးသော်၏ ပန်းကန်လေးများသည်လည်း၊ မြန်မာ့မြေကိုလှပစေခဲ့၏။ မြန်မာ့ဂုဏ်ကိုမြှင့်တင်စေနိုင်ခဲ့သည်။

၁၉၄၁-ခုနှစ်။

ဒုတိယကမ္ဘာစစ်၏ စစ်ဘေးစစ်ဒဏ်သည် မြန်မာ့မြေသို့ ကြမ်းတမ်းစွာကျရောက်ခဲ့ပြန်သည်။

မြန်မာပြည်ရှိ မြို့ကြီးများအနှံ့ ဂျပန်တို့၏ဗုံးကြဲမှုဒဏ်ကို ခံခဲ့ကြရ၏။ ဦးသော်သည်လည်း ဒုတိယကမ္ဘာစစ်၏ စစ်ပြေးဒုက္ခသည်ဘဝဖြင့် သူမြတ်နိုးသောပန်းကန်စက်ကို ကျောခိုင်းခဲ့ရသည်။ စစ်အေးရာ အရပ်သို့ ရှောင်ပြေးခဲ့ရသည်။ ပေါင်းတည်မြို့၌ တစ်နှစ်နီးပါးခန့် စစ်ရှောင်ခဲ့ပြီး သူချစ်သောပန်းကန်စက်ရုံဆီသို့ ပြန်လာခဲ့လေသည်။

ပန်းကန်စက်သည် မယိုမယွင်း၊ မပျက်မစီး ဒုတိယကမ္ဘာ စစ်၏ ဗုံးဒဏ်မှ ကင်းဝေးခဲ့၏။ ဂျပန်တို့သည် ဦးသော်၏ပန်းကန်စက်ကို ဆက်လက်လည်ပတ်ခဲ့သည်။ ဂျပန်တို့က ကြွေထည်များကို လက်ပစ်ဗုံးများပြုလုပ်ရန်အတွက် သုံးခဲ့သည်။

www.burmeseclassic.com

## ၆၂ ကိုဂျေ

ဦးသော်သည် စိတ်အပျက်ကြီးပျက်ခဲ့ရ၏။ ဂျပန်တို့သည် စစ်ရှုံး၍ မြန်မာ့မြေမှ ခွာကြရသောအခါ ဦးသော်၏ ပန်းကန်စက်ကို ရစရာမရှိအောင် ဖျက်ဆီးပစ်ခဲ့လေသည်။

ဦးသော်သည် စီးပွားရေးနယ်ပယ်ဘက်တွင် အောင်မြင်မှုရနေသကဲ့သို့ နိုင်ငံရေးလောကတွင်လည်း နာမည်ကောင်းရခဲ့သူဖြစ်သည်။ ဗြိတိသျှအစိုးရ၏ မင်းတိုင်ပင်အမတ်အဖြစ်ဆောင်ရွက်ခဲ့၏။

ဦးသော်သည် မြန်မာနိုင်ငံမီးရထားအုပ်ချုပ်ရေးဘုတ်အဖွဲ့တွင်လည်း အဖွဲ့ဝင်လူကြီးအဖြစ် ခန့်အပ်ခြင်းခံရလေသည်။ သမာဓိမြို့ဝန်အဖြစ် ရပ်ကျိုးရွာကျိုးကိုလည်း ဆောင်ရွက်ခဲ့၏။ ဂျီစီဘီအေ လူကြီးတစ်ဦးအနေဖြင့်လည်း တက်တက်ကြွကြွပါဝင်ဆောင်ရွက်သကဲ့သို့ ဇီးကုန်းမြို့တွင်လည်း အမျိုးသားကျောင်းတစ်ကျောင်းကို ငွေရင်းမတည်ကာ ဦးဆောင်ဆောက်လုပ် လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံအစိုးရသည် ဦးသော်အား နိုင်ငံဂုဏ်ရည် (ပထမဆင့်) ကိုပေးအပ်ခဲ့ပြန်သည်။

'မခံချင်စိတ်ကို လက်မလွှတ်နဲ့၊ မဖြစ်မနေသတ္တိရှိရှိကြိုးစား' ဟူသော ဦးသော်သည်၊ သူ၏ဆောင်ပုဒ်နှင့်အညီ လူ့လောကကြီးကိုအလှဆင်နိုင်ခဲ့သူဖြစ်သည်။

**ဆုစာပေ**

www.burmeseclassic.com



ဦးသော်သည် ၁၉၈၀ ခုနှစ်၌ အနိစ္စရောက်ခဲ့၏။ သို့သော် ဦးသော်သည်ကားမသေ။ ဦးသော်ကား မြန်မာ့လုပ်ငန်းရှင်ကြီးပင်ဖြစ်ပါလေ၏။

❒

# ရဲရဲတောက် မြန်မာ့ လုပ်ငန်းရှင်ကြီး
# ဆာ ဦးသွင်

မြန်မာသူဌေးကြီး ဆာ ဦးသွင်ဟုဆိုလျှင် ဟိုတစ်ချိန်က မသိသူမရှိသလောက်ပင်။

သူ့ဘဝတွင် အောင်မြင်ခြင်း၊ ကျော်ကြားခြင်းကို လူသားတိုင်း လိုချင်တပ်မက်ကြ၏။ ထိုအောင်မြင်ခြင်း၊ ကျော်ကြားခြင်းတို့သည် လူသားတိုင်းအတွက် အသင့်ရှိသော သာမည ကိစ္စရပ်မျိုး မဟုတ်ပေ။ မိမိတို့ဘက်က အားစိုက်မှု၊ ကြိုးစားမှုများကိုလည်း ပေးဆပ်ပါမှ အားထုတ်ပါမှ ရရှိနိုင်ခြင်း ဖြစ်လေသည်။

**ဆုစာပေ**

www.burmeseclassic.com



www.burmeseclassic.com



အောင်မြင်မှုရရှိနေကြသော အောင်မြင်ခဲ့ပြီးသော သူတို့ သည် အမှန်တကယ် ကြိုးစားခဲ့၊ အားထုတ်ခဲ့ကြသော သူများ သာ ဖြစ်လေသည်။

အောင်မြင် ကျော်ကြားသူတို့အကြောင်း ပြန်ပြောင်း၍ ပြောသည်ဖြစ်စေ၊ သမိုင်းစာမျက်နှာများဆီသို့ စေ၍ဖြစ်စေ ထိုသူတို့ အောင်မြင်ခဲ့၊ ကြိုးစားခဲ့သမျှတို့သည် ကြိုးစားမှု၊ ရိုးသားမှု၊ ဇွဲလုံ့လရှိမှု အများအကျိုး သယ်ပိုးမှုတို့နှင့် ပြည့်နှက်နေပေလိမ့်မည်။

ဆာဦးသွင်ဆိုသော မြန်မာသူဌေးကြီးသည်လည်း ဤနှယ် နှင်နှင်ပင်. . .

သူဌေးကြီး ဆာဦးသွင်ကို မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့် နှစ်၊ ခရစ်နှစ် ၁၈၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက် နေ့တွင် အဖဦးဖန်၊ အမိဒေါ်ယဉ်တို့မှ မော်လမြိုင် မြို့တွင် ဖွားမြင်ခဲ့သည်။

မောင်သွင်သည် ငယ်စဉ်အခါက မော်လမြိုင်မြို့တွင် ပညာ သင်ကြားခဲ့ပြီး အရွယ်ရောက်လာသောအခါ ရန်ကုန်ကော လိပ်တွင် ပညာ ဆက်လက် သင်ကြားခဲ့သည်။

မောင်သွင်သည် ဆင်းရဲနွမ်းပါးသော မိသားစုမှ မွေးဖွား ကြီးပြင်းခဲ့သူ မဟုတ်သော်လည်း စီးပွားဥစ္စာကို အငြိမ့်သား ထိုင်စား၍ ဘဝကို မိန်းမူးခဲ့သူ မဟုတ်ပေ။ ငယ်စဉ်ကပင် စည်းစနစ်ကြီးမားခဲ့သူ တစ်ဦးဖြစ်သည်။

**ဆုစာပေ**

## ၆၆ ကိုဂျေ

ပညာရှာသည့် အရွယ်တွင်လည်း ပညာသင်စရိတ်မှ လွဲ၍ အပိုငွေသုံးစွဲခြင်းကို ဝါသနာထုံခဲ့သူ မဟုတ်ပေ။ ပညာကိုသာ ဇွဲနပဲကြီးမားစွာ ဆည်းပူးခဲ့သူ ဖြစ်သည်။

ထို့ကြောင့်ပင် ၁၉၀၁ ခုနှစ်၌ အက်စ်၊ ဖ်၊ စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။

ထို့နောက် ဦးသွင်သည် အစိုးရပညာရေးဌာနသို့ ဝင်ရောက်ကာ ပညာအုပ်အဖြစ် အမှုထမ်းခဲ့၏။ တစ်နှစ်မျှသာ အစိုးရအလုပ်ကို လုပ်ကိုင်ခဲ့ပြီး ၁၉၀၂ ခုနှစ်တွင် ပညာအုပ်အလုပ်မှ နုတ်ထွက်ကာ မိမိ၏ဇာတိ မော်လမြိုင် မြို့တွင် ဆန်စက်ပိုင်ရှင်အဖြစ်ဖြင့် စီးပွားရေး နယ်အတွင်းသို့ စတင်ခြေချခဲ့သည်။

ဆန်စက် လုပ်ငန်းကို လုပ်ကိုင် နေစဉ်မှာပင် လျှပ်စစ်ဓာတ်အား ကုမ္ပဏီပိုင်ရှင်အဖြစ်ဖြင့် လုပ်ငန်းသစ်ကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။

ဦးသွင်သည် စီးပွားရေး နယ်အစုံကို စိတ်ဝင်စားသူပီပီ "မြန်မာတို့ လုပ်နိုင်သမျှ စီးပွားရေး လုပ်ငန်း မှန်သမျှကို စောက်ချ လုပ်ကိုင်မည်" ဟု ကြွေးကြော်ခဲ့၏။

ထို့နောက်တွင် မြန်မာနိုင်ငံ အမျိုးသား အာမခံကုမ္ပဏီ လီမိတက်၏ အုပ်ချုပ်သူလူကြီးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

www.burmeseclassic.com



## သူရိယဥက္ကဋ္ဌ

၁၉၁၁ ခုနှစ်တွင် ရန်ကုန်မြို့၌ သူရိယ သတင်းစာတိုက်ကို စတင်တည်ထောင်သောအခါ သတင်းစာတိုက် တည်ထောင်သောလူကြီးအဖွဲ့တွင် ဦးသွင်ပါဝင်ခဲ့၏။ သူရိယ သတင်းစာတိုက်အုပ်ချုပ်သူလူကြီးများအဖွဲ့တွင် အဖွဲ့၏ ပထမဆုံးသော ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရသော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်သည်။

သူရိယသတင်းစာသည် မြန်မာသတင်းစာ သမိုင်းတွင် အထူး အရေးပါခဲ့သော သတင်းစာ တစ်စောင် ဖြစ်ခဲ့၏။ သူရိယ သတင်းစာတိုက်ကို စတင် တည်ထောင်သူများတွင် ကွယ်လွန်သူ ဦးဘဘေ (အကြီးအကဲ) နှင့် ကွယ်လွန်သူပြန်ကြားရေးဝန်ကြီးဟောင်း ဦးထွန်းဖေတို့ ပါဝင်သည်။

ဦးဘဘေက အယ်ဒီတာအဖြစ် ဆောင်ရွက်၍ ဦးထွန်းဖေက မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့လေသည်။

သူရိယသတင်းစာကို ထုတ်ဝေရန် အကြံပေါ်လာသည့် အကြောင်း ရေးသားထားသော စာတမ်းတစ်စောင်၌. . .

'အင်္ဂလိပ် ဘာသာဖြင့် ထုတ်ဝေသော မြန်မာပြည်ရှိ သတင်းစာများနှင့် နိုင်ငံခြားများက သတင်းစာများမှ သတင်းစာဖတ်ရှုသူ၌ ဗဟုသုတ ဖြစ်ဖွယ်သတင်း အမျိုးမျိုးကို နှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ အလျင်အမြန် ဖတ်ရှုတွေ့မြင်

## ၆၈ ကိုဂျေ

အောင် ရှာဖွေထည့်သွင်းကြသည့်အပြင် ယခုလက်ငင်း ဖြစ်ပွားပေါ်ပေါက်နေသော မြို့ရေးရွာရေး၊ တိုင်းရေးပြည်ရေး အကြောင်းကိစ္စများနှင့် ပတ်သက်၍လည်း သတင်းစာဆရာ၏ အာဘော်ကို ထည့်သွင်း ဖော်ပြကြပေ၏။ သတင်းစာတို့ မည်သည်မှာ လူအပေါင်းတို့အား စီးပွား ရှာဖွေရေးမှစ၍ လောကီ၏ ကိစ္စအဝဝတို့၌ ဉာဏ်ကစားနိုင်အောင် အကြံသစ် ဉာဏ်သစ်၊ သတင်းသစ်များ စုပေါင်းတည်ရှိနေရာ အဖိုးတန်စာ များဖြစ်သည်နှင့် အညီ ကျွန်ုပ်တို့ မြန်မာပြည် တွင်လည်း မြန်မာစာ သက်သက်ဖြင့် ထုတ်ဝေသော သတင်းစာများ လည်း မြန်မာပြည်မှာ အမျိုးသား အပေါင်းတို့၏ အကျိုးကို ဆောင်ရွက်စေရမည်ဟု သဘောပိုက်မိသည့်အတိုင်း ထိုအချက် တို့နှင့် ကိုက်ညီသော မြန်မာသတင်းစာ တစ်စောင်ပေါ် ပေါက်စေရန် အကြံအစည် ဖြစ်ပေါ်လာကြပေ၏' လို့ တွေ့ရှိရသည်။

## စီးပွားရေးသာအဓိက

ဆာဦးသွင်သည်ကား ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးတို့သည် စည်းလုံးညီညွတ်စွာဖြင့် တစ်ပါးကျွန်ဘဝမှ လွတ်မြောက်ရန် ကြိုးစားကြသကဲ့သို့၊ တိုင်းပြည်၏ စီးပွားရေးကို အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ကြိုးစားသင့်သည်ဟု ခံယူချက်ပြင်းပြ ခဲ့သူတစ်ဦး ဖြစ်သည်။

**ဆုစာပေ**

www.burmeseclassic.com



ထို့ပြင် ၁၉၂၄ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေး အဖွဲ့တွင် အဖွဲ့ဝင် လူကြီး အဖြစ်လည်းကောင်း၊ မြန်မာပြည်ဘိလပ်မြေ ကုမ္ပဏီ လီမိတက်၏ အုပ်ချုပ်သူလူကြီးအဖြစ်လည်းကောင်း၊ မြန်မာပြည်ဆိုင်ရာ အိန္ဒိယသီးသန့်ဘဏ်လီမိတက်၏ အုပ်ချုပ်သူ လူကြီးအဖြစ်လည်းကောင်း မြန်မာပြည် ကုန်သည်ကြီးများအသင်း၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ စသည့် တာဝန်များကို ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။

၁၉၃၇ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ မြန်မာပြည် ဥပဒေပြုလွှတ်တော် အထက်လွှတ်တော် အမတ်အဖြစ်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသူ ဖြစ်လေသည်။

'စီးပွားရေး နယ်အစုံကို မြန်မာတွေ ဝင်ရောက် လုပ်ကိုင်နိုင်ရမည်' ဟု သန္နိဋ္ဌာန်ချခဲ့သူပီပီ ဦးသွင်၏ စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်ရေး လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများနှင့် နိုင်ငံရေး လုပ်ဆောင်ချက် များသည် မြန်မာ လူမျိုးတို့အဖို့၊ မြန်မာ့ စီးပွားရေးကို စိတ်ဝင်စားကြသူတို့အဖို့၊ အထူးအားကိုး အားထားပြုခဲ့ရသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ခဲ့ရလေသည်။

ထိုအချိန်က နိုင်ငံခြားသား အရင်းရှင်များက 'မြန်မာတွေဟာ စီးပွားရေး မျက်စိ မရှိပါဘူး။ လုပ်ငန်းတာဝန်တွေ

ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခြင်းမရှိပါဘူးဟု အမျိုးမျိုး ကောက်ချက်ချခဲ့ကြလေသည်။

ထိုကဲ့သို့ တိုင်းတစ်ပါးသား အရင်းရှင်တို့၏ အထင်သေးမှု မှန်သမျှကို ကြိုးစားမှု၊ ရိုးသားမှု၊ ဇွဲလုံ့လရှိမှုတို့ဖြင့် တွန်းလှန်ခဲ့သော ဦးသွင်ကြောင့် ထိုအထင်အမြင်တို့ ပပျောက်ပျက်ပြားခဲ့တော့သည်။

၁၉၄၁ ခုနှစ်တွင် ဆာဘွဲ့ ချီးမြှင့်ခြင်း ခံရသည်။ ထို့ကြောင့်ပင် ဆာဦးသွင်ဟု လူသိများခဲ့လေသည်။

ထိုကဲ့သို့ ဆာဘွဲ့ရခြင်းမှာ ဗြိတိသျှတို့အပေါ် သစ္စာစောင့်တည်ခဲ့၍ မဟုတ်။ အစိုးရတာဝန်တို့ကို ကျိုးနွံစွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် မဟုတ်။ ဗြိတိသျှတို့၏ ကုန်သွယ် စီးပွားလုပ်ငန်းများကို တိုးတက် ဝေစည်အောင် ကြိုးစားခဲ့ခြင်းကြောင့်မဟုတ်ပေ။ မြန်မာပြည်သားတို့၏ အားထားယုံကြည်မှုကို ရယူနိုင်ခြင်း၊ သစ္စာသမာဓိဖြင့် ပြည့်စုံခြင်း၊ အဂတိတရားလေးပါးမလိုက်စားခြင်းတို့ကြောင့် ဗြိတိသျှအစိုးရကလေးစားအသိအမှတ်ပြုကာ ချီးမြှင့်ခဲ့သော ဆာဘွဲ့ ဖြစ်သည်။

## ဝံသာနုဦးသွင်

ဆာဦးသွင်သည် ၁၉၁၀ ပြည့်နှစ်များတွင် ဝံသာနုလုပ်ငန်းများကို ပါဝင် ဆောင်ရွက်ခဲ့သည်။ မြန်မာပြည်တွင် အစိုးရအရာရှိများကို ရှိခိုးဦးနိမ့်ချသော အလေ့၊ အစိုးရ

www.burmeseclassic.com



အရာရှိများ ရှေ့မှောက်တွင် ဖိနပ်ချွတ်ရသော အလေ့အထများကို ပပျောက်အောင် ခုခံတိုက်ခိုက်ခဲ့သော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သပိတ်ကြီးဖြစ်ပွားစဉ်ကလည်း၊ တင်းမာလျက်ရှိသော အခြေအနေကို ကြားဝင် ဖျန်ဖြေခဲ့သည်။

၁၉၄၁ ခုနှစ်တွင် (ပထမကမ္ဘာစစ်အတွင်း) ဗြိတိသျှလက်အောက်ခံ မြန်မာပြည် အစိုးရသည် ဆန်စပါး ရောင်းဝယ်ရေးကို ချုပ်ကိုင်လိုက်သောကြောင့်၊ ဥရောပတိုက်သား ဆန်စက်ပိုင်ရှင်ကြီးများသာ အကျိုးခံစားခွင့် ရရှိကြလေသည်။

ထိုအဖြစ်ကို သိသော ဆာဦးသွင်က ဆန်စက် ငယ်များအသင်းကို တည်ထောင်ခဲ့ပြီး၊ မြန်မာပြည် အစိုးရကို အတိုက်အခံပြုခဲ့သည်။ စီးပွားရေးဖြင့် ပြန်လည် ထိုးနှက်ခဲ့၏။ ထို့ကြောင့်ပင် မြန်မာ တောင်သူလယ်သမားတို့ ဆုံးရှုံးခဲ့ရသော အကျိုးအမြတ်တို့ ပြန်လည်ခံစားခဲ့ကြရသည်။

ဦးသွင်သည် မြန်မာပြည်၏ ပထမဦးဆုံးသော နိုင်ငံရေးအသင်းကြီးဖြစ်သည့် 'မြန်မာပြည် သဟာယအသင်း' စတင်တည်ဆောက်ရာတွင်လည်း ပါဝင်ခဲ့သည်။ ထိုအသင်းကြီး၏ ပထမဦးဆုံးသော ဥက္ကဋ္ဌလည်း ဖြစ်ခဲ့သည်။

## ၇၂ ကိုဂျေ

# သွင် (သို့) ဦးသွင်

၁၉၃၀-၁၉၃၇ ကာလများ၌၊ ရန်ကုန်မြို့နှင့် အခြား မြို့ကြီးများတွင် တိုက်တာ အဆောက်အဦးများ၊ မြေယာ များ၊ ရုပ်ရှင်ရုံများကို မြန်မာလူမျိုးတို့ ပိုင်သည် မရှိခဲ့ပေ။

မြေယာများ၊ ရုပ်ရှင်ရုံများ၊ တိုက်တာ အဆောက်အအုံ များကို နယ်ချဲ့အရင်းရှင်နှင့် တိုင်းတစ်ပါးများကသာ ပိုင်ဆိုင် ခဲ့ကြသည်။ ရုပ်ရှင်ရုံများကို မြန်မာလူမျိုးတို့ပိုင်သည် မရှိ ခဲ့ပေ။

မြေယာများ၊ ရုပ်ရှင်ရုံများ၊ တိုက်တာအဆောက်အအုံ များကို နယ်ချဲ့အရင်းရှင်နှင့် တိုင်းတစ်ပါးသားများကသာ ပိုင်ဆိုင်ခဲ့ကြသည်။ ရုပ်ရှင်ရုံများဆိုလျှင် ကုလားလူမျိုးများ ကသာ ပိုင်ဆိုင်ခဲ့သည်။ မြန်မာပိုင်ရုပ်ရှင်ရုံဟူ၍ တစ်ရုံမျှပင် မရှိခဲ့။ ရုပ်ရှင်ရုံလုပ်ငန်းများမှ ရသမျှသော အကျိုးအမြတ် များကို တိုင်းတစ်ပါးသားတို့ကသာ အငြိမ့်သား စံစား ခံစားနေကြလေ၏။

ထို့ကြောင့်ပင် မြန်မာ့ရုပ်ရှင်ရုံလုပ်ငန်းသည် တိုင်းတစ်ပါး အရင်းရှင်တို့၏ ရုပ်ရှင်ရုံများအပေါ် အားထားနေကြရ၏။ ရုပ်ရှင်တစ်ကားတွင် စိုက်ထုတ်ရသော အရင်းအနှီးများ ပြန်လည် ပေါ်လာရေးအတွက် နိုင်ငံခြားသား အရင်းရှင်ရုံ များသို့ ဇာတ်ကားတင်ပြီး ငွေပြန်လည်ပေါ်လာမှ နောက် ရိုက်ကူးမည့်ဇာတ်ကားများသို့ ငွေအရင်းအနှီးမြှုပ်နှံ နိုင်၏။

www.burmeseclassic.com



ထို့ကြောင့်ပင် မြန်မာ့ရုပ်ရှင် တိုးတက်စည်ပင်မှု လည်ပတ်မှု အရှိန်မှာ၊ နှောင့်နှေးကြန့်ကြာနေခဲ့ရ၏။

မြန်မာ့အနုပညာရှင်၊ ရုပ်ရှင်ပညာသည်တို့သည် အနုပညာစိုက်ထုတ်မှု အင်အားနှင့် ပြန်လည်ခံစားရသည့် အကျိုးအမြတ်ကား မမျှမတ၊ မဝမလင် ဖြစ်နေကြရ၏။

ထိုအချက်ကိုသိသော ဦးသွင်က ဗြိတိသျှဘားမား (နောင်တွင် ညွှန့်မြန်မာ) ရုပ်ရှင်ကုမ္ပဏီမှ ဦးညွှန့်ကို

> 'မြန်မာပိုင် ရုပ်ရှင်ရုံများရှိသင့်တယ်။ ရုပ်ရှင်လုပ်ငန်းကိုမြန်မာတွေ ဝင်ရောက်လုပ်ကိုင်သင့်တယ်' ဟု အကြံပေးခဲ့လေ၏။

ဦးညွှန့်သည်လည်း မြန်မာရုပ်ရှင်ရုံတစ်ရုံ ရန်ကုန်မြို့တွင် အမှန်တကယ် လိုအပ်ကြောင်း သိမြင်ခဲ့သည့်နည်းတူ၊ ရုပ်ရှင်ရုံတည်ဆောက်ရေးလုပ်ငန်းကို ကြံစည် အားထုတ်ခဲ့လေသည်။

သို့ရာတွင် ဦးညွှန့်အနေဖြင့်၊ ရုပ်ရှင်လုပ်ငန်းဘက်၌ ငွေကြေး အရင်းအနှီး အများအပြား ရင်းနှီးထားရသောကြောင့် ရုပ်ရှင်ရုံလုပ်ငန်း တည်ဆောက်ရေးအတွက် ငွေကြေးအခက်အခဲများစွာ တွေ့ရှိနေရလေသည်။

ထို့ကြောင့် မြန်မာ့ရုပ်ရှင်ရုံလုပ်ငန်း တိုးတက်ရေးအတွက် မျိုးချစ်စိတ်အပြည့်ဖြင့် ဆာဦးသွင်ကပင် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီအား ငွေကြေးစိုက်ထုတ် ကူညီခဲ့သည်။ မြန်မာ့

## ၇၄ ကိုဂျေ

ရုပ်ရှင်လုပ်ငန်း တည်ဆောက်ရေးအတွက် အကြံဉာဏ်ကော ငွေကြေးပါ ကူညီခဲ့လေသည်။

ကုန်ကျသောငွေကြေးများကိုလည်း ကုမ္ပဏီအနေဖြင့် အရစ်ကျ ပြန်ဆပ်စေခဲ့သည်။ ဤသို့ဖြင့် မြန်မာ့ရုပ်ရှင်ရုံကြီးတစ်ရုံသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၅-လမ်းထောင့်တွင် ပေါ်ထွက်လာခဲ့လေသည်။

ဗြိတိသျှဘားမား ကုမ္ပဏီက ဦးသွင်အား ဂုဏ်ပြုသောအနေဖြင့် 'သွင်' ရုပ်ရှင်ရုံဟု အမည်ပေးခဲ့သည်။

၁၉၈၃-ခုနှစ် ဇန်နဝါရီလ ၁-ရက်နေ့တွင် သွင်ရုပ်ရှင်ရုံကြီးကို ဖွင့်လှစ်ခဲ့ပြီး၊ ဗြိတိသျှဘားမား ကုမ္ပဏီမှ ရိုက်ကူးသော မင်းသားဘတင့် (မင်းသမီး မေမေဝင်းတို့၏ တော်လေးဝ) အသံထွက် ရုပ်ရှင်ကားကို ပြသခဲ့လေသည်။

ဆာ ဦးသွင်သည် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဘက်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီး ဖြစ်သကဲ့သို့ ဘာသာရေးဘက်တွင်လည်း ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

### အရပ်သားကိုယ်စားလှယ် ဦးသွင်

ဆာဦးသွင်သည် ၁၉၃၇ ခုနှစ်တွင် ကျင်းပသော ဆဋ္ဌမမြောက် ဂျော့ဘုရင်၏ ဘိသိက်ပွဲသို့ တက်ရောက်ရန်အတွက် (အစိုးရအရာရှိ မဟုတ်သူ) အရပ်သား ကိုယ်စားလှယ်တစ်ဦး အနေဖြင့် ရွေးချယ်ခြင်းခံခဲ့ရသော ပုဂ္ဂိုလ်ထူးကြီး ဖြစ်သည်။

ရန်ကုန်မြို့ အတွင်းဝန်ရုံး (ဝန်ကြီးများရုံး) ကို ကျောင်းသားများ ဝိုင်းဝန်းကြသောအရေးအခင်း (ကိုအောင်ကျော်အရေးအခင်း) တွင် ကျောင်းသားများကို ပုလိပ်များ ရိုက်နှက်သည့် အမှုကို စုံစမ်းရေးကော်မတီတွင် လည်းကောင်း၊ အစိုးရအမှုထမ်းတို့ လာဘ်စားမှု၊ ပပျောက်ရေး ကော်မတီတွင် လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ထောက်ပံ့ရေး အဖွဲ့တွင် လည်းကောင်း၊ မြန်မာနိုင်ငံ အဆုတ်ရောဂါနှင့် အနာကြီးရောဂါ ပပျောက်ရေးအသင်းတွင် လည်းကောင်း၊ ပါဝင်ကာ တိုင်းပြည်၏အကျိုး၊ ပြည်သူလူထု၏အကျိုးကို ထမ်းဆောင်နိုင်ခဲ့သော လူမှုထူးချွန် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။

ဆာ ဦးသွင်သည် ဘာသာရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုကာ အားပေးခဲ့သည့်အပြင် ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာထိန်း လူကြီးအဖြစ်သာမက မဟာဗောဓိအသင်း၏ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

အိန္ဒိယနိုင်ငံ ဗာရာဏသီ၊ မိဂဒါဝုန်၌ ဓမ္မာရုံတည်ဆောက်လှူဒါန်းပြီး၊ ဂျပန်နိုင်ငံ မိုဂျီမြို့ရှိ ကမ္ဘာအေး စေတီတော်အတွက် စိန်ဖူးတော်လှူဒါန်းမှုစသော နိုင်ငံခြားသာသနာပြုလုပ်ငန်းများကိုလည်း ဗုဒ္ဓဘာသာဝင် တစ်ဦးပီပီ ဆောက်လုပ် လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးနောက်တွင်လည်း၊ ဆဋ္ဌသင်္ဂါယနာ ဖြစ်မြောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ

www.burmeseclassic.com



ကောင်စီ၊ တပိဋကဓရ ရွေးချယ်ရေးအဖွဲ့စသည့် ဘာသာဆိုင်ရာ အသင်းအဖွဲ့များတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဆာဦးသွင်အား သတိုးသီရိသုဓမ္မာဘွဲ့ကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆာ ဦးသွင်သည်ကား အောင်မြင် ကျော်ကြားခဲ့သော ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်၏။ ရွှေပေါ်မြတင် မွေးဖွားလာသော်လည်း လောကကြီးတွင် ပေါ့ပေါ့နေ ပေါ့ပေါ့စား ဆန်ကုန်မြေလေး သူဌေးသားဘဝကို မက်မော တွယ်ဖက်တတ်သူ မဟုတ်ပေ။ လောကကြီးကို အဓိပ္ပာယ်ရှိရှိ ရင်ဆိုင်ခဲ့။ အောင်မြင်မှုများကို ရယူနိုင်ခဲ့သော၊ စီးပွားရေးသမား၊ နိုင်ငံရေးသမား၊ ဘာသာရေးသမား၊ လူမှုရေးသမားကြီး ဖြစ်လေသည်။

သတိုးသီရိသုဓမ္မ ဆာဦးသွင်သည် မြန်မာ သက္ကရာဇ် ၁၃၂၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် (ခရစ်နှစ် ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်) နေ့ အသက် ၈၈ နှစ်အရွယ်တွင် ရန်ကုန်မြို့၌ လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။

စာကြွင်း. . . ။

(မဟာစည် သာသနာ့ရိပ်သာ အတွင်းတွင် ဆာဦးသွင်၏ မိဘများ ဖြစ်ကြသော ဦးဖန်၊ ဒေါ်ယင်ဥ်တို့က 'ဖလ်ယဉ်' ဓမ္မာရုံကို ဆောက်လုပ်လှူဒါန်းခဲ့သည်။)

▶

www.burmeseclassic.com



www.burmeseclassic.com

# ရဲရဲတောက် မြန်မာ့ လုပ်ငန်းရှင်ကြီး
# ဆာ ဘိုးသာ

ဧပြီ နေ့လည်ခင်း. . .

ပူပြင်းသည့် နေရောင်ခြည်ကြောင့် ရွှေတိဂုံရင်ပြင်တော် ပေါ်၌ ဘုရားဖူးလာသူတွေ ကင်းရှင်းလျက်ရှိသည်။ အရိပ် ခိုသူတွေကတော့ တန်ဆောင်းများအနှံ့ ပြည့်လျက်။

ပြင်းပျသည့် နေရောင်ခြည်ကြောင့် ရင်ပြင်တော်ပေါ်ရှိ ကျောက်ပြားများပေါ်သို့ပင် ခြေချရန်မဝံ့။ တန်ဆောင်းရိပ် များကို အားကိုးရင်း တွေ့လိုသော တန်ဆောင်း တစ်ခုကို အားကိုးရင်း တွေ့လိုသော တန်ဆောင်း တစ်ခုကို ရှာပုံတော်ဖွင့်နေမိသည်။

“ဟော့ လူ ဘာရှာနေတာလဲ”

**ဆုစာပေ**

မြောက်ဘက်တန်းအရောက် တန်ဆောင်း တစ်ခုပေါ်က အသံ တစ်ယောက်၏ နှုတ်ဆက်မေးသဏ္ဌာန်ကြောင့် အသံ လာရာသို့ လှည့်ကြည့်မိသည်။

ရွှေတိဂုံ အလှူခံအသင်းမှ အသိတစ်ယောက်။

'ဟာ. . . အတော်ပဲဗျာ၊ ကျွန်တော့်ကို အကူအညီတစ်ခု ပေးစမ်းပါဦး'

'ဘာကူညီရမှာလဲ'

'ဆာဘိုးသာ တန်ဆောင်းကို လိုက်ရှာနေတာ'

'မတွေ့သေးဘူးပေါ့'

ထိုသူက ရယ်မောရင်း ကျွန်တော့်ကို မေးသည်။ ကျွန်တော် က ခေါင်းခါပြရင်း တန်ဆောင်းပေါ်သို့ လှမ်းတက်မိ၏။

'ခု ခင်ဗျား ရောက်နေတာ ဆာဘိုးသာ တန်ဆောင်း လေဗျာ'

မိတ်ဆွေ၏ စကားကြောင့် အံ့သြဝမ်းသားဖြစ်ကာ တန် ဆောင်းနံရံများဆီသို့ အကြည့်ကစားမိသည်။ ဘာမှတ်တမ်း မှတ်ရာမှ မတွေ့ရ။

'ဟုတ်လို့လားဗျာ'

'မဟုတ်ပဲနဲ့ ခင်ဗျားကို ပြောပါ့မလားဗျာ၊ ကဲ ခင်ဗျား မယုံရင် ဟိုမျက်နှာကြက်မှာ မှန်ဘောင်သွင်းထားတဲ့ စာရွက် လေးကို ကြည့်ပေတော့'

www.burmeseclassic.com



ထိုသူ ပြရာဆီသို့ အကြည့်စူးစိုက်မိပါမှ သေးငယ်သော လက်နှိပ်စက်စာလုံးလေးဖြင့် ဂုဏ်ထူးဆောင် ကဒ်ပြားလေးပေါ်မှာ ရိုက်နှိပ်ထားသော ဆာဘိုးသာ တန်ဆောင်းဆိုသော စာတမ်းလေးကို တွေ့ရသည်။

'ဆာဘိုးသာနဲ့ ပတ်သက်ပြီး မှတ်တမ်းမှတ်ရာလေးများ ရမလားလို့ ရှာလိုက်ရတာဗျာ၊ ဘာမှလည်း မရှိပါလား'

နှုတ်က ညည်းညူသလိုဖြင့် ပြောဖြစ်သည်။ မိတ်ဆွေက ကျွန်တော့် စကားကြောင့်. . .

'နေဦးဗျာ. . . ခင်ဗျားအတွက် အကျိုးရှိနိုင်မယ့် နေရာတစ်နေရာတော့ ရှိတယ်'

'ဘယ်နေရာလဲ'

'အလယ်ပစ္စယံမြောက်ဘက်တန်းက ဦးအေးချို-ဒေါ်အေးမေတို့ရဲ့ ဇရပ်ကို ခင်ဗျားသိလား'

'မသိဘူး'

'သိသိ မသိသိဗျာ၊ ခင်ဗျား အဲဒီ တရားဇရပ်လေးကို အရင်သွားလိုက် ဆာဘိုးသာရဲ့ မြေးအရင်းတွေ ခုထိရှိနေသေးတယ်။ နေဦး ဦးချမ်းသာ ဟုတ်တယ်၊ ဦးချမ်းသာဆိုတာ ဆာဘိုးသာရဲ့ မြေးအရင်းပဲ'

'ခင်ဗျား အားရင် လိုက်ပို့ ပေးပါလား'

မိတ်ဆွေရဲ့ အကူအညီထပ်တောင်းဖြစ်ပြန်သည်။ မိတ်ဆွေက ဘာမှ ထပ်မပြောတော့ပဲ ထိုင်ရာမှ ဆတ်ကနဲ ရပ်ကာ. . .

'လာ. . . သွားကြမယ်'

ရွှေတိဂုံ အလယ်ပစ္စယံသို့ ဆင်းခဲ့ကြသည်။ မြောက်ဘက်တန်း အလယ်ပစ္စယံပေါ်ရှိ အုတ်ခင်းလမ်းကလေးများလည်း ပူပြင်းတဲ့ နေရောင်ခြည်ကြောင့် လူသူက ရှင်းလျက်ရှိ၏။

အုတ်ခင်း လမ်းစပ်ကလေး နဘေးက မြက်ရိုင်းပင်လေးများပေါ် ခြေချရင်း လျှောက်ခဲ့ကြသည်။

'နေပါဦးဗျ. . . တကယ်လို့ အဲဒီ ဦးချမ်းသာ မတွေ့ခဲ့ရင် ကျွန်တော့် အတွက် အကျိုးရှိမယ့် နောက်တစ်နေရာလောက် မညွှန်နိုင်ဘူးလား'

မိတ်ဆွေက ကျွန်တော့် စကားကြောင့် မျက်မှောင်ကုတ် စဉ်းစားနေသည်။ ပြီး ကျွန်တော့် ပခုံးကို လှမ်းပုတ်ခါ. . .

'ရှိတာပေါ့. . . ဆာဘိုးသာက ရွှေတိဂုံ ဂေါပကအဖွဲ့မှာလည်း လူကြီးအဖြစ် ဆောင်ရွက်ခဲ့သေးတယ်ဆိုတော့ ရွှေတိဂုံ မော်ကွန်းတိုက်မှာ သူ့အကြောင်း စာရွက်စာတမ်းတွေ ရနိုင်တယ်'

မိတ်ဆွေက သူ့စကားဆုံးသည်နှင့် တရားဇရပ်လေးတစ်ခု ရှေ့မှာ ခြေစုံရပ်ရင်း. . .

'အဲဒီ တန်ဆောင်းပဲ'

တန်ဆောင်းလေးရဲ့ အဝင်အဝ မျက်နှာကြက်ပေါ်မှာကတော့။ ဦးအေးချို-ဒေါ်အေးမေတို့၏ တရားဇရပ်ဆိုသည့် စာတန်းကလေး။

www.burmeseclassic.com



တရားဇရပ်လေးပေါ်မှာ ဧည့်သည်တွေနဲ့ ပြည့်နှက်လို့နေသည်။ ကျွန်တော်တို့ နှစ်ယောက်လည်း တရားဇရပ်ပေါ်သို့ မဝံ့မရဲ တက်ခဲ့ကြသည်။

'ဘာကိစ္စများ ရှိပါသလဲ'

အသက် ၆၀ အရွယ်ရောက်နေပြီ ဖြစ်သော အမျိုးသားကြီးတစ်ဦးက စူးစမ်းသလို ကြည့်ရင်း မေးသည်။ မိတ်ဆွေက ကျွန်တော့်ကို ရည်ညွှန်းရင်း။

"ဒီလိုပါ အန်ကယ်၊ ဒီမိတ်ဆွေက အန်ကယ့်အဖိုး ဦးဆာဘိုးသာအကြောင်း သိချင်တာလေးတွေ မေးချင်တယ်ဆိုလို့ လိုက်ပို့ပေးတာပါ"

'လာပါ. . . လာပါ ထိုင်ကြပါဦး'

အသက် ၆၀ ခန့် အရွယ်လောက်ပင်ရှိသော အမျိုးသမီးကြီးတစ်ဦးက ကျွန်တော်တို့ ဘက်ကို ကြည့်ရင်း ဧည့်ဝတ်စကားကို ဆိုနေပြန်ပါသည်။ အမျိုးသမီးကြီး ညွှန်ပြရာ ဖျာကြမ်းလေးပေါ်တွင် ကျွန်တော်တို့ စကားဝိုင်းလေးဖွဲ့မိကြပါသည်။

}

ဆာဘိုးသာသည် ငယ်စဉ်ကတည်းမှ ဇွဲ၊ လုံ့လ၊ ဝီရိယ တို့ဖြင့်ပြည့်စုံသူ တစ်ဦးဖြစ်ပါသည်။ လယ်ယာလုပ်သားချင်း

တူပေတူပြား ဆာဘိုးသာလို စီးပွားရေး အမြင်ရှိသူ လယ်ယာလုပ်သာမျိုးကား တစ်ခေတ်မှာ တစ်ယောက်သာ ထွန်းကားလာခြင်း ဖြစ်ပါသည်။

'အန်ကယ့်အဖိုးက တခြား လယ်သမာတွေလို မဟုတ်ဘူးကွ၊ လယ်ယာကထွက်တဲ့ စပါးရောင်းတဲ့ နေရာမှာတောင် သူတို့ခေတ်က ကုမ္ပဏီကြီးတွေရဲ့ အဝယ်တော်တွေကို မရောင်းဘူး။ သူကိုယ်တိုင် လှေထိုးသားလုပ်ပြီး သူ့လယ်ကထွက်တဲ့စပါးကို ကုမ္ပဏီကြီးတွေဆီ တိုက်ရိုက် ရောင်းချပြီး အဆက်အသွယ် ယူခဲ့တာလား'

ဆာဘိုးသာသည် လယ်သမား ဘဝမှာပင် လမ်းအခွင့် တို့ကို မရမက ရှာကျန်ခဲ့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။ အများနည်းတူ လှေကြီးထိုးသမား မဟုတ်။ ဘဝရည်မှန်းချက် ကြီးမားခဲ့သူဖြစ်သည်။

သည်လောကကြီးတွင် အသက်မွေးမှု ဟူသမျှကို ကြံစည်ကြိုးစားနေသမျှသော သူတို့သည် ရည်ရွယ်ချက် တစ်ခုတော့ ရှိသင့်လေသည်။

ထိုရည်ရွယ်ချက်အတိုင်း ပေါက်ရောက်အောင်၊ ထောက်ပံ့နိုင်သော ရည်ရွယ်ရာ လမ်းကို မြင်အောင် ကြည့်မြင်တတ် သောမြင်သမျှ တွေ့သမျှကို လက်လွှတ်မခံဘဲ ကြိုးစားကား ဘဝ၏ တိုးတက်ရာ အခွင့်အရေးတို့ကို ရယူနိုင်ခဲ့သူထဲတွင် ဆာဘိုးသာသည်လည်း အပါအဝင် ဖြစ်လေသည်။

www.burmeseclassic.com



'ပြီးတော့ အဝယ်တော်ဆိုတဲ့ ပုဂ္ဂိုလ် ချောတွေကလည်း သူတို့အတွက် အမြတ်အစွန်းကိုက်အောင်၊ ကုမ္ပဏီပေါက်ဈေးထက် နှိမ်ဝယ်ကြတာကိုး။ ဒါကိုသိခဲ့တဲ့ အန်ကယ်တို့ အဖိုးက ကုမ္ပဏီက အဝယ်တော်တွေ ပေးတဲ့ ဈေးထက်ပိုပေးပြီး စပါးတွေ ဝယ်ခဲ့တယ်။ သူကိုယ်တိုင် လှေထိုးသား လုပ်တယ်။ သူ့ရဲ့လုပ်ရည် ကိုင်ရည်တွေကြောင့်ပဲ သူ့ နယ်သားတွေက မောင်ဘိုးသာဆို ယုံကြည်အားကိုးလာကြတယ်လေ'

'အန်ကယ်တို့ အဖိုးရဲ့ မိဘတွေကလည်း ဟိုအရင် ကတည်းက လယ်ပိုင်ရှင်ကြီးတွေပါပဲ။ ဟိုအရင်ကတော့ ဟံသာဝတီ ခရိုင်ပေါ့။ ခုတော့ ရန်ကုန်တိုင်းပေါ့။ အဲ-ဖားကူးရွာလေးဟာ ဆာဘိုးသာရဲ့ မွေးရပ်ရွာလေးပဲ။ ဒီရွာလေးမှာပဲ ဆာဘိုးသာ ဟာ ငယ်စဉ်က ဘုန်းကြီးကျောင်းမှာ ပညာဆည်းပူးခဲ့တယ်'

ဆာဘိုးသာကဲ့သို့သော အကျော်ဒေယျ ပုဂ္ဂိုလ်ကြီးဟာ ခေတ်ပညာတတ်တစ်ယောက် မဟုတ်ပါပဲ စီးပွားရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး အားလုံးသော အရေးအရာတွေမှာ တတ်သိနားလည်နိုင်စွမ်းရှိပုံ၊ ပေါက်မြောက်ထူးချွန်နိုင်စွမ်းရှိပုံတွေကို တအံ့တသြ တွေးတောမိလိုက်သေးသည်။

'အဖိုးက ငယ်ငယ်ကတည်းက ရိုးသားကြိုးစားတဲ့ သူဆိုတော့ အဖိုးရဲ့အဖေ အမေတွေ၊ အန်ကယ်တို့ အဘွားတွေပေါ့။ ဆာဘိုးသာကို ဘာအလုပ် လုပ်လုပ်ယုံကြည် စိတ်ချမှု ရှိကြတယ်။ ဒါကြောင့်ပဲ အဖိုးအသက် (၂၀) အရွယ်လောက်က

စပြီး၊ စပါး လုပ်ငန်းခွင်ထဲမှာ စပါးပွဲစားကြီး အဖြစ်ဝင် ရောက်လုပ်ကိုင်ခဲ့တာကို အားပေးခဲ့တာပေါ့'

'ဒါကြောင့်လည်း အဖိုးရဲ့ ရိုးသားဂုဏ်၊ ကြိုးစားမှု၊ ဖြောင့်မတ်မှု၊ ဉာဏ်အမြော် အမြင်ရှိမှုတွေဟာ ဖားကူးရွာ အနှံ့ပြန့်နှံ့ခဲ့တာလား၊ ဒီကတည်းက အဖိုးရဲ့တက် လမ်းဟာ ဖြောင့်ခဲ့တာပဲ'

ဦးချမ်းသာက ပြောလက်စ စကားကို ရပ်ပြီး ဘုရားစင် လေး အောက်ကစာအုပ်ထပ်အထဲမှာညှပ်ထားတဲ့ စာရွက်ပိုင်း စလေး တစ်ပိုင်းကို ထုတ်ယူလိုက်သည်။

'နေပါဦးကွ မောင်ရင်က ဆာဘိုးသာနဲ့ ပတ်သက်တဲ့ မှတ် တမ်းမှတ်ရာဆိုလို့ အန်ကယ် ဆီမှာတော့ လောလောဆယ် ဒီစက္ကူပိုင်းလေးပဲရှိတယ်။ ဟိုအရင်တုန်းကတော့ အဘိုးနဲ့ပတ် သက်တဲ့ မှတ်တမ်းတွေ သေတ္တာတစ်လုံးလောက်ကိုရှိတယ်။ နှစ် တွေကြာလာတော့ ပိုးဟပ်ကိုက်ခြစားနဲ့ တစ်ခုမှကို မကျန် တော့ဘူး၊ ဒီစာရွက်လေးတောင် ဟိုတလောက လေတိုက်တဲ့ နောက်လွင့်သွားတာ တစ်ပိုင်းပဲ ပြန်ရတာ မောင်ရင်ရဲ့'

ဦးချမ်းသာ စာရွက်ပိုင်းလေးကို လက်ကမ်းလိုက်သည်။

စေတိပဂ်ကာပရိယတ္တိ အသင်းကဖတ်ကြားသော ကွယ်လွန် သူ ဆာဘိုးသာ၏ အတ္ထုပ္ပတ္တိစာတမ်းရယ်လို့ စာရွက်လေး အပေါ်ပိုင်းမှာ နှစ်ပိုင်းအမဲစာလုံးများဖြင့် ရိုက်နှိပ်ထားတာ တွေ့ရသည်။

www.burmeseclassic.com



‘ဆာဘိုးသာသည် ဟံသာဝတီ စီရင်စု ဖားကူးရွာအဘ ဦးညွန့်၊ အမိဒေါ်ဒွေးတို့မှ၊ မြန်မာသက္ကရာဇ် ၁၂၁၉ ခု၊ တန်ခူးလတွင် ဖွားမြင်၍ လူလားမြောက်သောအခါ မိဘရိုးရာ စပါးကုန်သည်အဖြစ် ရောင်းဝယ် ပြီးနောက် (ဝါလစ်ကုမ္ပဏီ) တွင် စပါးပွဲစားကြီး အဖြစ်ဖြင့် စတင်လုပ်ကိုင်လာကြောင်း၊ ၎င်းဝါလစ်ပွဲစားကြီးမှ (ဘုံဘေဘားမား ထရေ ဒင်း) ကုမ္ပဏီဟု ပြောင်းလိုက်သော ဝါလစ်မှ (စတီးဘရားသား) ကုမ္ပဏီသို့ စပါးလုပ်ငန်းကို တိုးတက် လုပ်ကိုင်လာကြောင်း၊ စတီးဘရားသား ကုမ္ပဏီတွင် ဆာဘိုးသာသည် ပွဲစားကြီးအဖြစ်နှင့် အလုပ်လုပ်ကိုင်လာရာ တစ်နေ့တစ်ခြား စီးပွားချမ်းသာ ရွှေငွေရတနာဒီရေအလား တိုးတက် ပွား၍၊ အများသူငါ နှုတ်ဩဘာဖြင့် ပွဲစားကြီး (သူဌေးကြီး ဦးဘိုးသာဟု ကြေငြာကြလေကြောင်း။

ဗြိတိသျှ ကိုလိုနီ အစိုးရတို့က ပွဲစားကြီး ဆာဘိုးသာကို (သမာဓိမြို့ဝန်ဘဝ) တိဂုမ္ဘ စေတီတော်ကြီး၏ ဂေါပက ဘဏ္ဍာတော်ထိန်း လူကြီးအဖြစ် တထွေ၊ (ကေ-အို-အိပ်) တစ်ထပ်၊ ဗြိတိသျှ မဟာရဌသူရမည်သီး၊ (အို-ဘီ-အီး) တလီ၊ (စီ-အိုင်-အီး) ဘွဲ့မြတ်နှင်း အပ်ပြီးသောအခါ (ဆာ) ဟူသော ဘွဲ့ကြီးအံ့မငြီးအောင် ချီးမြှင့်သူကောင်းပြုတော်မူခြင်း ခံရပေသော၊ တိုင်းသူ ပြည်သား လူအများတို့၏ ကျက်သရေဆောင်၊ အမျိုးသားတို့၏ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်

www.burmeseclassic.com



ကြီး (ဆာ-ဦးတိုးသာ) လောကုတ္တရာအတွက် ကုသိုလ်ကောင်းမှုမှာ စာရင်းတင်ပြတွက်ဆ၍ ကုန်နိုင်ဖွယ်ရာမရှိပေလို့၊ ဆာဘိုးသာရဲ့ အတ္ထုပ္ပတ္တိတစ်ပိုင်း တစ်စသာ တွေ့ရှိခဲ့ရသည်။

ကျွန်တော်က ဆာဘိုးသာအတ္ထုပ္ပတ္တိ စာရွက်ပိုင်းလေးကို ဖတ်ပြီး ဦးချမ်းသာကို မော့ကြည့်မိသည်။

'အန်ကယ်ဆီမှာတော့ လောလောဆယ် စာရွက်စာတမ်းဆိုလို့ ဒီလောက်ပဲ ရှိတော့တယ်။ မောင်ရင်အတွက် အသုံးဝင်မယ်ဆိုရင်တော့ကူးယူသွားပေါ့။

'ပြောရဦးမယ်ကွ၊ ဆာဘိုးသာရဲ့ ဇနီး အန်ကယ်တို့ အဘွားနာမည်က စိန်မပုလို့ ခေါ်တယ်၊ သားနှစ်ယောက် သမီးတစ်ယောက် ထွန်းကားခဲ့တယ်။ ဆာဘိုးသာဟာ စပါးလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ခဲ့တယ် ဆိုတဲ့အပိုင်းမှာ ဘွားစိန်မပုရဲ့ အရှိန်အဝါတွေလည်းပါတယ်။ ဘွားစိန်မပုရဲ့ အမိအဖတွေကလည်း ဟိုတစ်ချိန်က စပါးလုပ်ငန်းမှာ အတော် အောင်မြင်ခဲ့တဲ့ သူတွေပဲ။ ဆာဘိုးသာ လုပ်ကိုင်ရည်ကိုင် ရှိတယ်။ လုပ်ငန်း ကျွမ်းကျင်တယ်။ စည်းစနစ်ရှိတယ်။ အမြော်အမြင်ရှိတယ်။ ဘွားစိန်မပုတို့က ငွေအင်အား တောင့်တယ်။ ဒီမှာတင်ပဲ စီးပွားဟာ တရိပ်ရိပ် တက်လာတာပဲ”

'ကျွန်တော် နားမရှင်းလို့ မေးပါရစေဦး အန်ကယ်။

www.burmeseclassic.com



ကျွန်တော် စုဆောင်းမိထားတဲ့ ဆာဘိုးသာ အကြောင်း အရာတွေထဲမှာ ဆာဘိုးသာရဲ့ ဇနီးနာမည်က ဒေါ်ရီလို့တွေ့ ထားလို့'

'ဟုတ်ပါတယ်၊ စိန်မပုဆိုတာက ဆာဘိုးရဲ့ ဇနီးကြီးပေါ့'

'ရှင်ပါပြီ. . . ရှင်းပါပြီ'

တရားဇရပ်လေးမှာ စကားကောင်း နေခဲ့သည်မှာ အချိန် အတော် လင့်ခဲ့ပြီ။ တရားထိုင်မည့်သူတွေက ရှိနေသေးသည်။ ဆာဘိုးသာအကြောင်းစကားအဖြစ် ဆက်ပြောနေလျှင်တော့ အချိန်များစွာ ပေးရပေဦးမည်။ တရားဇရပ်လေးသည် ဆိတ် ငြိမ်လျက်ရှိ၏။ သြော်. . . ဟိုတစ်ချိန်က သူဌေးကြီး ဆာဘိုး သာ၏ မြေများ၏ တရားဇရပ်လေးသည် အိုမင်းဟောင်းနွမ်း နေပြီဖြစ်သော်လည်း ငြိမ်းချမ်းခြင်းတော့ ပေးဝေနေဆဲပင်။

ဇရပ်လေး အပြင်မှာတော့ နေမင်းက ပူကောင်းဆဲ။

}

အိမ်ပြန်ရောက်တော့ နေညိုလေပြီ။ အပူချိန်က မလျော့ သေး။ ဆာဘိုးသာ၏ အကြောင်းက အတွေးမှာ ရစ်ဝဲလျက်

စာရေးစားပွဲလေးပေါ်က မိမိစုဆောင်းထားရာ (ဆာဘိုးသာနှင့်ပတ်သက်သမျှ) မှတ်စုလေးများကို လှန်လှော ကြည့်မိ၏။

'ဆာဘိုးသာသည် စေတနာ၊ သဒ္ဓါတရား၊ ထက်သန်၍ ဘုရားတရား အလွန်ကြည်ညို သူလည်း ဖြစ်သည်။ အကြံဉာဏ် အကူအညီဖြစ်စေ၊ ငွေကြေး အကူအညီဖြစ်စေ၊ တောင်းခံလျှင် နှောင့်နှေး ငြင်းပယ်သည့်သူ မဟုတ်။ သာသနာရေးဘက်တွင် ရွှေတိဂုံ စေတီတော်ကြီး၏ မြောက်ဘက်တန်း၌ တန်ဆောင်း ဆောက်လုပ် လှူဒါန်းခဲ့၏။ ပုဇွန်တောင်တွင် ဆာဘိုးသာ ကျောင်းဟု ခေါ်သော နော်ပံဘုန်းတော်ကြီးကျောင်းကိုလည်း ဆောက်လုပ် လှူဒါန်းခဲ့သည်။ အခြားသော နားခိုးစရာဇရပ်များစွာကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သူဖြစ်သည်။

ဘာသာရေးဘက်တွင် အာရုံစိုက်ခဲ့သော ပုဂ္ဂိုလ်သက်သက်မဟုတ်ဘဲ လူမှုရေးဘက်တွင် အင်းစိန်၌ ဆေးရုံတစ်ရုံ ဆောက်လုပ်ခဲ့၏။

ပရိယတ္တိ ပြန့်ပွားရေးဘက်တွင်လည်း ငွေအားလူအားဖြင့် လှိုက်လှိုက်လဲလဲ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ဝင် လူကြီးတစ်ဦး အဖြစ် နှစ်ပေါင်း များစွာ ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ပထမကမ္ဘာစစ်အတွင်း ဗြိတိသျှ အစိုးရအတွက် စစ်သားစုဆောင်းရေးတွင်လည်း ကူညီခဲ့သူဖြစ်သည်။

www.burmeseclassic.com



ဆာဘိုးသာသည် သမာဓိ မြို့ဝန်အဖြစ် လည်းကောင်း၊ ဥပဒေလွှတ်တော် အမတ်အဖြစ် လည်းကောင်း၊ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သူလည်း ဖြစ်သည်။

ထိုထိုသော ဆာဘိုးသာသည် ၁၉၁၇ ခုနှစ်တွင် C.I.E ဘွဲ့၊ ၁၉၁၉ ခုနှစ်တွင် O.B.F ဘွဲ့၊ ၁၉၂၃ တွင် C.I.E ဘွဲ့ တို့ကို ချီးမြှင့်ခြင်းခံခဲ့ရ၏။

၁၉၂၇ ခုနှစ်တွင် ဆာဘွဲ့ကို ချီးမြှင့်ခံခဲ့ရ၍ ဆာဘိုးသာဟု လူသိများ လာခဲ့သည်။

ဆာဘိုးသာသည် မြန်မာ့စီးပွားရေး လောကတွင် ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့၏။

ဆန်စပါး လုပ်ငန်းတွင် မြန်မာလူမျိုးထဲမှ အကျွမ်းကျင်ဆုံးသော ပုဂ္ဂိုလ်ကြီးအဖြစ် မြန်မာ့စီးပွားရေး လောကတွင် အသိအမှတ် ပြုခံခဲ့ရသူဖြစ်ခဲ့သည်။

'မြန်မာတွေ တိုင်းတစ်ပါးသားတွေနဲ့ ရင်ပေါင်တန်းသင့်ပြီပေါ့' ဟု ကြွေးကြော်ခဲ့သော တကယ်တန်းလည်း ကြိုးစား ဆောင်ရွက်ခဲ့သော ဆာဘိုးသာသည် ၁၉၃၃ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ ကင်းဘဲလမ်း (ငါးထပ်ကြီးဘုရားလမ်း) နေအိမ်တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။

မှတ်စုစာအုပ်ပေါ်က ဆာဘိုးသာ အကြောင်းအရာလေးများကို အကြိမ်ပေါင်းများစွာ စူးစိုက်ကြည့်နေမိ၏။

**ဆုစာပေ**

၉၀ ကိုဂျေ

မြန်မာ့ စီးပွားရေးလောကမှာ ဆာဘိုးသာပေါင်းများစွာ ပေါ်ပေါက်သင့်သည်ဟု တွေးတောခံစားရင်း။

ကိုယ့်လက်က ထွက်တဲ့စပါး။

ကိုယ့်လှေကိုယ်ထိုး။

ကိုယ်ကျိုးထက် အများအကျိုး သယ်ပိုးခဲ့သော မြန်မာ ပွဲစားကြီး။

သတိုးသီရိသုဓမ္မာ ဆာဘိုးသာအား လေးစားမိ၏။ ဂုဏ်ယူနေမိတော့သည်။

}

www.burmeseclassic.com



# ရဲရဲတောက် မြန်မာ့ လုပ်ငန်းရှင်ကြီး
# ဟသ်ာတ ဦးမြ

ကျွန်တော် စကားချီခဲ့သလိုပင် ဟသ်ာတ မြို့ပေါ်က စီးပွားရေး သမားကြီးတွေ လူမှုထူးချွန် ပုဂ္ဂိုလ်ကြီးတွေ၊ မျိုးချစ်ခေါင်းဆောင်ကြီးတွေ အကြောင်းပြောကြမယ်ဆိုရင် ဟသ်ာတဦးမြဆိုသည့် မျိုးချစ် ကုန်သည်ကြီးအကြောင်းက မပါမပြီး ပြောရတော့မည် ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ကျွန်တော်က ဟသ်ာတဦးမြအကြောင်းကို ရေးချင်နေတာ ကြာပြီ။

ဟသ်ာတဦးမြနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ အတော် အတန် စုဆောင်းမိလည်း ဖြစ်နေသည်။

**ဆုစာပေ**

## ၉၂ ကိုဂျေ

တစ်နေ့ . . .

အဲဒီနေ့က မှတ်မှတ်ရရနေ့တစ်နေ့ ဖြစ်သည်။

ကျွန်တော်ရေးသည့် ဆောင်းပါးလေးများ၊ ဝတ္ထုတိုလေး များမှာ ဟသ်ာတ အငွေ့ အသက်လေးပေါင်း များစွာ ပါ၏။ ထို့ကြောင့်ပင် မန္တလေး နဂါးစာပေမှ ဟသ်ာတ အသင်း ပြက္ခဒိန်အတွက် ငွေလွှဲဘောက်ချာနှင့်အတူ ငွေစက္ကူ အချို့ ကျွန်တော့်ဆီ ရောက်လာသည်။

ထို့ကြောင့်ပင် ဟသ်ာတ အသင်းတိုက်သို့ ရောက်ခဲ့ရ၏။ အသင်းအမှုဆောင် အဖွဲ့နှင့် မတွေ့။ ကျွန်တော်က စာလေးတစ် စောင်ရေးခဲ့ပြီး ပြန်လာခဲ့ရ၏။

နောက်တစ်နေ့ နံနက်စောစောတွင် ဟသ်ာတအသင်းမှ ဦးတင်မောင်ညွန့် ကျွန်တော့်ဆီ ရောက်လာသည်။ သူ့ကို ကျွန်တော်က လွှဲငွေ ပေးအပ်ပြီး အလ္လာပ သလ္လာပ စကားလေးများ ပြောကြသည်။ ဒီမှာတင် ဟသ်ာတ ဦးမြ အကြောင်း ရောက်သွား၏။

ကျွန်တော်လည်း ဟသ်ာတသားဖြစ်ကြောင်း၊ ကျွန်တော့် အနေဖြင့် မြန်မာ လုပ်ငန်းရှင်များအကြောင်း ရေးရန်သာ အာသီသ ပြင်းပြ နေကြောင်း၊ ထို့ကြောင့် ဟသ်ာတ ဦးမြအကြောင်းကိုလည်း စိတ်ဝင်စားကြောင်း၊ ကျွန်တော့်မှာ ဟသ်ာတ ဦးမြအကြောင်း စုဆောင်း ထားတာလေးများရှိ ကြောင်း ပြောပြခဲ့၏။

www.burmeseclassic.com



ဦးတင်မောင်ညွန့်ကလည်း သူဟာ ဟသ်ာတဦးမြနဲ့ အနီးကပ် နေဖူးကြောင်း ဟသ်ာတဦးမြ အကြောင်း တစေ့တစောင်းကို သူသိသည့် ရှုထောင့်မှ ကူညီပေးနိုင်ကြောင်း၊ ထို့ပြင် ဟသ်ာတဦးမြ၏ သားကြီးများဖြစ်ကြသော ဦးထွန်းအောင်ကျော်နှင့် ဦးငွေစိုးတို့နှင့်လည်း တွေ့ဆုံ ပေးမည့် အကြောင်းများ ပြောဖြစ်ကြသည်။

ကျွန်တော် ရေးချင်နေသော ဟသ်ာတဦးမြ. . .

ကျွန်တော် သိချင်နေသော ဟသ်ာတဦးမြ အကြောင်းကား ကျွန်တော့်အား မရေးရမနေနိုင်အောင် နှိပ်စက်ချေတော့သည်။

အန်ကယ်ဦးတင်မောင်ညွန့်က. . .

"ဦးမြဟာ သာမန် စီးပွားရေးသမားတစ်ယောက်တော့ မဟုတ်ဘူး၊ တကယ့်ကို မျိုးချစ်၊ တိုင်းချစ်၊ ပြည်ချစ်စိတ် ပြင်းထန်တဲ့ စီးပွားရေးသမားကြီးပဲ။

## ၉၄ ကိုဂျေ

“အန်ကယ် မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်လေးတစ်ခု ကို အရင်ပြောပြမယ်၊ ဦးမြ ရန်ကုန်ကို ပြောင်းလာပြီး ကုန်ဈေးတန်းလမ်းမှာ (ဦးမြနှင့်သားများ ကုမ္ပဏီလီမိတက်) ဆိုပြီး ကုမ္ပဏီတစ်ခု ဖွင့်ခဲ့တယ်၊ ပြည်တွင်းပြည်ပ ပစ္စည်းအစုံရောင်းတယ်၊ မော်တော်ကားကနေ စပြီး ဆံပင်ညှပ်ကိရိယာအထိ အစုံရောင်းတဲ့ ကုမ္ပဏီကြီးပဲ၊ တစ်နေ့တော့ အဲဒီကုမ္ပဏီကြီးရှေ့မှာ သူတောင်းစားတစ်ယောက်က သူဟာ ဟသ်ာတသားပါ၊ ဒုက္ခရောက်လို့ တောင်းစားရတာပါဆိုပြီး ပိုက်ဆံလာတောင်းတယ်၊ ဒီအချိန်မှာ ဦးမြကလဲ ကုမ္ပဏီထဲမှာ ရှိနေတယ်၊ သူတောင်းစားကတော့ ထင်မှာပေါ့လေ၊ ဟသ်ာတဦးမြဆိုတော့ ကျွန်တော် ဟသ်ာတသားပါလို့ ပြောတောင်းရင် အိုကေနိုင်မယ်ပေါ့. . .

ဒါပေမယ့် ဟသ်ာတဦးမြဟာ သူထင်သလို အလွယ်တကူ ပိုက်ဆံထုတ်ပေးတဲ့ လူစားမျိုးမဟုတ်ဘူး။ ကူညီတယ်၊ ရိုင်းပင်းတယ် ဆိုပေမယ့် တကယ့်ကို မခိုမကပ် ဖွဲနပဲကြီးကြီးနဲ့ အလုပ်လုပ်တဲ့ သူတွေကိုမှ ကူညီရိုင်းပင်းတာကို. . .။

ဒီမှာတင် ဦးမြက. . .

“မင်းက ဟသ်ာတသားလား”

သူတောင်းစားက. . .

“ဟုတ်ပါတယ်”

www.burmeseclassic.com



"မင်းဘာမှ မလုပ်တတ်ဘူးလား၊ မင်းကြည့်ရတာ သန်သန်မာမာကြီးနဲ့ ဘာဖြစ်လို့ တောင်းစားနေရတာလဲ"

"ဟုတ်ပါတယ်၊ ကျွန်တော် ဆံပင်ညှပ်တတ်ပါတယ်၊ ဒါပေမယ့် အရင်းအနှီးမရှိလို့ တောင်းစားနေရတာပါ"

"မင်း တကယ် ဆံပင်ညှပ်တတ်တယ်နော်"

"ဟုတ်ကဲ့"

ဦးမြက သူ့ ကုမ္ပဏီက အလုပ်သမားတစ်ယောက်ကို ဆံပင်ညှပ်ပစ္စည်းတစ်စုံ ယူခိုင်းလိုက်သည်။

"ကဲလာ၊ မင်းတကယ် ဆံပင်ညှပ်တတ်ရင် ငါ့ဆံပင်ကို ညှပ်ပေး"ဆိုပြီး သူတောင်းစားကို ဆံပင်ညှပ်ပစ္စည်းတွေပေးပြီး သူကိုယ်တိုင် ဆံပင်အညှပ်ခံလိုက်သည်။ သူတောင်စားကလည်း တကယ့်ကို ဆံပင်ညှပ်ကောင်းသည့် သူတစ်ယောက်ဖြစ်သည်။ ဆံပင်ညှပ်ပြီးလျှင် ဦးမြက သူ့ ဆံပင်ပုံစံကို သေချာကြည့်ပြီး. . .

"မင်း ဒီလောက်ကျွမ်းကျင်တဲ့ အလုပ်ကို မလုပ်ဘဲ ဘာကြောင့် တောင်းစားရတယ်ဆိုတာ ငါမစဉ်းစားတတ်ဘူး၊ လူဆိုတာ ကိုယ်ကျွမ်းကျင်တဲ့ အလုပ်၊ ကိုယ်တတ်မြောက်တဲ့ လက်မှုပညာနဲ့တင်ပဲ တကယ်ကို ရိုးရိုးသားသား အသက်မွေးမယ်ဆိုရင် စားဝတ်နေရေးလောက်ကတော့ ဂုဏ်ရှိရှိ ဖြေရှင်းလို့ ရပါတယ်။

"ကဲ. . . မင်း ဒီနေ့ကစပြီး တောင်းမစားတော့ပါဘူးလို့

ငါ့ကို ကတိပေးရင် မင်းအတွက် ဒီဆံပင်ညှပ်ပစ္စည်းတွေ ငါ ကူညီလိုက်မယ်၊ မင်းပေးတဲ့ ကတိကိုလည်း တည်ပါစေ၊ လူဆိုတာ ကတိတည်မှလဲ ကြီးပွားနိုင်တယ်၊ ကဲ. . . မင်း ငါ့ကို ကတိပေးမလား”

“ဟုတ်ကဲ့၊ ကျွန်တော် ဘယ်တော့မှ တောင်းမစားတော့ပါဘူး”

ဦးမြဟာ အဲ့ဒီသူတောင်းစားကို ဆံပင်ညှပ်ပစ္စည်းတွေ ကူညီလိုက်တယ်၊ ဦးမြဟာ လူတိုင်းလူတိုင်းကို အလုပ်လုပ်စေချင်တယ်၊ အလုပ်ကို မြတ်နိုးစေချင်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်တယ်”

“နောက်တစ်ခုက ဗိုလ်ချုပ်အောင်ဆန်းတို့ နိုင်ငံရေးလှုပ်ရှားမှု အချိန်တုန်းကလည်း ငွေရေးကြေးရေး အများဆုံးပံ့ပိုးခဲ့တာလည်း ဟသ်ာတဦးမြလို့ပဲ အန်ကယ်ထင်တယ်၊ အန်ကယ့်ကိုယ်တွေ့ပေါ့လေ၊ ဗိုလ်ချုပ်ရဲ့ တရားပွဲတွေ ခရီးစဉ်တွေအတွက် ဦးမြဟာ ငွေအလုံးအရင်းနဲ့ အားပေးခဲ့တာပဲ”

အန်ကယ်ဦးတင်မောင်ညွှန့် ပြောပြသော ဟသ်ာတဦးမြ၏ တစ်ပိုင်းတစ်စကလေးများ ဖြစ်သည်။ ကျွန်တော့် အတွက် ဟသ်ာတဦးမြသည် ပို၍ အရေးကြီးလာခဲ့ချေပြီ။ ကျွန်တော်ယခု စာအုပ်စတင် ရေးတော့မည်ဟု ဆုံးဖြတ်ချက်ချမိသည့် အချိန်တွင် စီးပွားရေးလုပ်ငန်းရှင်များအကြောင်း ရေးသည်ဆိုခြင်းထက် သာမန်စီးပွားရေးသမားများထက် တိုင်းချစ်ပြည်

www.burmeseclassic.com



ချစ် စီးပွားရေးသမားများအကြောင်းသာ ရွေးချယ်ရေးသား မည်ဟု ဆုံးဖြတ်ချက် ချခဲ့မိသောကြောင့် ဖြစ်သည်။

ဦးမြသည် တိုင်းချစ်-ပြည်ချစ်-စီးပွားရေးသမားကြီးဖြစ်၏။ သို့နှင့် အန်ကယ်ဦးတင်မောင်ညွန့်၏ အကူအညီဖြင့်ပင် ဟသ်ာ တဦးမြ၏ သားများဖြစ်သော ဦးငွေစိုး၊ ဦးထွန်းအောင်ကျော် တို့နှင့် သိကျွမ်းခွင့်ရခဲ့သည်။

ကျွန်တော့် ရင်မှာ ခံစားရသော ကျွန်တော် ရေးချင်စိတ် ရှိ သော ဟသ်ာတဦးမြ အကြောင်း တစ်ပိုင်း တစ်စကိုပင် ဦးထွန်းအောင်ကျော်ထံမှ လက်နှိပ်စက် စာမျက်နှာလေးမျက် နှာခန့်ရလိုက်ပြန်သည်။

## ယောကျ်ားလား မိန်းမလား

အချိန်က ၁၉၆၅ ခုနှစ်ဖြစ်သည်။

ဟသ်ာတဦးမြ၏သား ဦးထွန်းအောင်ကျော် တစ်ယောက် ရန်ကုန် တက္ကသိုလ် ဥပဇာအထက်တန်း အောင်ပြီး အမေရိ ကား နိုင်ငံမှာ ပညာသင်ယူနေစဉ် ဖြစ်သည်။

ဦးမြက သားများ ပညာသင်နေသော အမေရိကားသို့ အလည်အပတ်သွားခဲ့၏။ သာမန် အလည် အပတ်သွားသည် ဆိုခြင်းထက်၊ ကြေးသတ္တုထုတ်လုပ်ရေးအတွက် အမေရိကား သတ္တုတွင်း ထုတ်လုပ်ရေး ကုမ္ပဏီကြီးတွေ၊ ရေနံ ထုတ်လုပ်ရေး ကုမ္ပဏီကြီးတွေနှင့် တွေ့ဆုံရန် ဖြစ်သည်။

**ဆုစာပေ**

ထိုစဉ်က ဦးမြသည် မုံရွာမြို့ အနောက်ဘက် ကြေးစင်တောင်၊ လက်ပတောင်းတောင်များ၌ သတ္တု တူးဖော်ရေး လိုင်စင်ရရှိပြီး ကိုဟိုချိမား ဂျပန် ပညာရှင်များနှင့် သတ္တုရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်နေစဉ် ဖြစ်သည်။

သို့ဖြင့် ဦးမြတစ်ယောက် အမေရိကားသို့ ရောက်ခဲ့သည်။ ဦးမြသည် ကြွယ်ဝချမ်းသာသော သူတစ်ဦး ဖြစ်သော်လည်း ဇိမ်ရှိရှိတည်း ခိုနိုင်သော ဟိုတယ်ကြီးများတွင် မတည်းခိုပဲ သားများနေသော သာမန်အိမ်လေးမှာပင် တည်းခို ခဲ့သည်။ မြန်မာ ထမင်းဟင်းများကို ပျော်ပျော်ကြီး ချက်ပြုတ်စား သောက်နေထိုင်ခဲ့သည်။

သွားစရာရှိသော နေရာများကိုလည်း သားများကို လိုက်မပို့ခိုင်း။ ကျောင်းတက်ပျက်မည်ကို မလိုလား၊ တစ်ပါးနိုင်ငံတွင် ပညာသင်ကြား နေရသည်မှာ အချိန်တိုင်း ငွေပေး၍ ပညာသင်ရသည်ကို သူ့သားများအား သဘောပေါက်စေချင်သည်။ သူတစ်ယောက်တည်း သွားလာ လှုပ်ရှားခဲ့သည်။

တစ်နေ့ . . .

ဦးမြကို သားဖြစ်သူ ဦးထွန်းအောင်ကျော်က ကားဂိတ်တစ်ဂိတ်ဆီသို့ လိုက်အပို့ အလယ်တန်း ကျောင်းသားလေးများ ကျောင်းဆင်းချိန်နှင့် သွားတိုးလေသည်။

ဦးမြသည် မျိုးချစ်စိတ်ရှိသော သူပီပီ၊ တိုင်းတစ်ပါးသို့

www.burmeseclassic.com



ရောက်နေသည့်တိုင် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး၏ အဝတ်စားကိုသာ မြတ်နိုးစွာ ဝတ်ဆင်သူ တစ်ဦးဖြစ်သည်။

မြန်မာ ပုဆိုး၊ တိုက်ပုံ အင်္ကျီ၊ ခေါင်းပေါင်းနဲ့ ဆိုတော့ အလယ်တန်း ကျောင်းသားလေးတွေ အဖို့ ဦးမြကို လူထူးလူဆန်း တစ်ယောက်လို ဝိုင်းဝန်းကြည့်ကြလေသည်။

ကလေး တွေက. . .

'သိပ်ကောင်းတယ်။ နောက်ပြီး ဒီလူကြီးက ယောကျ်ားလား၊ မိန်းမလား' လို့ လိုက်မေးကြသည်။ ဦးထွန်းအောင်ကျော်က ယောကျ်ားပါလို့ ဖြေတော့ အမေရိကားက ကလေးတွေကပို၍ အံ့သြသဖြင့် ကြည့်ကြပြန်သည်။

အနောက်နိုင်ငံများတွင် မိန်းမများကသာ ဦးထုပ်စောင်းလေ့ရှိသည်။ ကျွန်တော်တို့ဆီက မောင့်ကျက်သရေ ခေါင်းပေါင်းဆိုသည်ကလည်း ဦးထုပ်ပုံစံဖြစ်နေပြန်သည်။

သို့သော် ဦးမြက ဒီကိစ္စလေးတွေကို ဂရုမစိုက်။ သားကြီးကို. . .

'မသိလို့ မေးတာဘဲ။ ဒါအရေးမကြီးပါဘူး' ဟု ပြောကာ သူသွားလိုသည့် ခရီးကို ဆက်၍ သွားလေသည်။

## မြန်မာပြည် ၂ နာရီ

ဦးမြသည် အမေရိကား၌ စကားပြန်မလို၊ ဂိုက်မလိုပဲ တစ်ယောက်တည်း သွားလာလှုပ်ရှားခဲ့သူ ဖြစ်သည်။

အတန်းပညာကိုလည်း ဟုတ်တိပတ်တိ သင်ခဲ့သူမဟုတ်။

နိုင်ငံတကာနှင့် ဆက်ဆံတဲ့အခါမှာ အင်္ဂလိပ်စာဟာအရေးကြီးသည်။ ဦးမြသည် ကိုယ့်ထူးကိုယ်ချွန်ဖြင့်ပင် အင်္ဂလိပ်စာတတ်မြောက်အောင်ကြိုးစားခဲ့သူ တစ်ဦးလည်းဖြစ်သည်။ သားများအားလုံးသည် ခေတ်ပညာတတ်များဖြစ်သည့် အင်္ဂလိပ်စာ၊ စကား၊ အရေးအသား ကျွမ်းကျင် တက်နေကြသောသူများ ဖြစ်သော်လည်း ဦးမြ၏ အင်္ဂလိပ်စာကိုမမီခဲ့။

ဦးမြ၏သား အကြီး ဦးအေးကျော်သည် အင်္ဂလိပ်စာဂုဏ်ထူးတန်းအောင်ခဲ့သူဖြစ်သည်။ သို့သော် ဦးအေးကျော်ရေးသော အင်္ဂလိပ်စာများကို ဦးမြက ပြင်ပေးရသည်။ ဝါကျအထားအသို၊ စကားအလုံးအသုံးအနှုန်းက အစ၊ ဦးမြပြင်ပေးခဲ့ရသည်ဟု ဆိုသည်။

သတ္တုတွင်း ကိစ္စနှင့် ပတ်သက်၍ အမေရိကားရှိ ရေနံကုမ္ပဏီကြီးများ သတ္တုရှာဖွေရေး ကုမ္ပဏီကြီးများကိုဖိတ်၍ မြန်မာပြည် သတ္တုရှာဖွေရေးနှင့် ပတ်သက်ပြီး ဟိုတယ်တစ်ခုတွင် ထမင်းစားပွဲတစ်ပွဲ ပြုလုပ်ခဲ့သည်။

ဦးမြသည် မြန်မာပြည် အကြောင်း၊ သတ္တု လုပ်ငန်းအကြောင်းများကို ၂ နာရီ ကြာလောက်ထိ အချက်အလက်စုံစုံလင်လင်နှင့် ပြောကြားခဲ့၏။ ဦးမြ အင်္ဂလိပ်လို ပြောသည့်နေရာတွင် အင်္ဂလိပ်သံ၊ အမေရိကအသံ မထွက်ဘဲ မြန်မာအသံထွက် အတိုင်းပင် မှန်မှန်ကန်ကန် ပြောကြားခဲ့သည်ဟု

www.burmeseclassic.com



ဆိုသည်။

ဦးမြသည်ကား ကိုယ့်ထူး ကိုယ်ချွန်၍ပင် နိုင်ငံတကာ ဆက်သွယ်ရေး စီးပွားဆက်ဆံရေးများကို ကြိုးစားခဲ့သူ တစ်ဦး ဖြစ်ပါသည်။

## မြထဲကမြ

မြန်မာနိုင်ငံ ခေတ်သမိုင်း တစ်လျှောက်မှာ ထင်ရှားခဲ့သော ဦးမြ သုံးယောက် ရှိသည်။ ဟသ်ာတဦးမြ၊ ပျော်ဘွယ် ဦးမြနှင့် သာယာဝတီ ဦးမြ (သခင်မြ) တို့ဖြစ်သည်။

ဟသ်ာတဦးမြသည်ကား ဟသ်ာတဦးမြဟု ဆိုသော်လည်း ဟသ်ာတသား ဇာတိချက်ကြွေ တစ်ယောက်မဟုတ်ပေ။ မိဘ ဘိုးဘွားများ လက်ထပ်ကပင် ရေကြည်ရာ မြက်နုရာသို့ ထွက် လာခဲ့ကြသော အထက်အညာ စစ်ကိုင်းဘက်မှ ဖြစ်သည်။

ဟသ်ာတမြို့ပေါ်မှာ အခြေစိုက်ရင်း အရောင်းအဝယ် လုပ်ငန်းများဖြင့် ကြီးပွားခဲ့သည်။

ဟသ်ာတဦးမြကို ဦးအောင်မြတ်ကျော် ဒေါ်ငွေယုံတို့မှာ ၁၂၅၃ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။

အရွယ်ရောက်လာသောအခါ ဒေါ်ဒေါ်ပုနှင့် အိမ်ထောင် ကျခဲ့သည်။ သားသမီး ကိုးယောက် ထွန်းကားခဲ့သည်။ ခေတ် ပညာတတ်များ ဖြစ်ကြသည်။ အစိုးရဝန်ထမ်း မလုပ်ဘဲ မိဘရိုးရာ ကုန်သည်လုပ်ငန်းများ ဖြင့်သာ အသက်မွေးကြ

သည်။

ဟသ်ာတဦးမြသည် ဟသ်ာတမြို့ပေါ်၌ ဆီစက်ပိုင်ရှင် ဆန်စက်ပိုင်ရှင်၊ ကုန်သည်ကြီး တစ်ဦးအနေဖြင့် ကျော်ကြားခဲ့သူဖြစ်သည်။

## မောစ်ဗစ်နှင့်စကိုဒါ

"ကျွန်တော် စီးပွားရေး လုပ်တာဟာ မိသားစု ကြွယ်ဝချမ်းသာဖို့ဆိုတဲ့ ကျဉ်းမြောင်းတဲ့ စိတ်ဓာတ် အများစိတ်ချမ်းသာဖို့ အများကောင်းစားဖို့ဆိုတဲ့ ဝံသာနုစိတ်နဲ့ကြိုးစား လုပ်ဆောင်နေတာပါ" လို့ ဦးမြပြောခဲ့တဲ့ စကားလုံးလေးများကို ကြည့်ခြင်းအားဖြင့် ဦးမြ၏ စီးပွားရေး စိတ်ဓာတ်ကလေးစားစရာ ဂုဏ်ယူစရာပင်။

ဦးမြသည် ဆီစက်၊ ဆန်စက်၊ ဆပ်ပြာစက်၊ ရေခဲစက်၊ သစ်စက်၊ ဆေးတံသောက်ဆေးစက်၊ စက္ကူစက်၊ သံရည်ကျိုစက် စသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့သည်။

ငွေရှိလို့ စီးပွားရေး လုပ်သည်ဆိုခြင်းထက်၊ နိုင်ငံခြားသား အရင်းရှင်များနဲ့ စီးပွားရေး အပြိုင်လုပ်ခဲ့ပြီး ကိုယ့်လူမျိုး အလုပ်သမားပေါင်း ရာထောင်များစွာကို အလုပ်ပေးလုပ်ငန်းကျွမ်းကျင်အောင်သင်ပေးခဲ့သည့် အာဃ စီးပွားရေး

www.burmeseclassic.com



သမားတစ်ဦးဖြစ်သည်။

နိုင်ငံခြား သွင်းကုန်ထုတ်ကုန် လုပ်ငန်းများကိုလည်း ကြိုးစားလုပ်ဆောင်ခဲ့သူ ဖြစ်သည်။ ဟင်္သာတမြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီးနောက် ကုန်စျေးတန်း လမ်းတွင် (ဦးမြနှင့်သားများ ကုမ္ပဏီလီမိတက်) ဆိုသည့် ကုမ္ပဏီ တစ်ခုကို ထူထောင်ခဲ့သည်။

ထိုအချိန်က ခေတ်စားခဲ့သော ရှုရှုလုပ် 'မောစ်ဗစ်' မော်တော်ကားနှင့် ချက်ကိုစလားဗီးယားလုပ် 'စကိုဒါ' ကားများကို မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ် အဖြစ် မှာယူတင်သွင်း ရောင်းချခဲ့သည်။

ကားတစ်စီး၏ တန်ဖိုးက ကျပ်ငွေတစ်သောင်းကျော်သာ ကျသည်။ ဆီစာနည်းသည်၊ ခိုင်ခံ့သည် ဆိုသည့်အတွက် အရောင်းသွက်ခဲ့သည်။

ထိုအချိန်မှာပင် 'စတီးဘရားသားကုမ္ပဏီ' က ဂျာမန်လုပ် 'ဗောက်စ် ဝက်ဂွန်' ကားငယ်လေးများကို ရောင်းချခဲ့၏။ ကားတစ်စီး ၃၅၀၀ ကျပ်၊ အင်ဂျင် စက်တစ်လုံးက အပိုပါ သေးသည်။ သို့သော် ဦးမြ၏ 'စကိုဒါ' 'ဗောက်စ်ဝက်ဂွန်' ကားများက ခေတ်စားပြီး တွင်တွင်ကျယ်ကျယ် အရောင်း ဖြစ်ခဲ့သည်။

ဦးမြဟာ ကားရောင်းဝယ်ရေးနဲ့ ပတ်သက်ပြီး ငွေကြေး သက်သာဖို့ထက် ခေတ်မီရမယ်၊ ဆီစားသက်သာရမယ်၊ ဒါမှ

လူသုံးများမယ်ဆိုတဲ့ စီးပွားရေး မျက်စိရှိသော စီးပွားရေး သမားဖြစ်သည်။

ဗြိတိသျှလက်အောက် မြန်မာပြည်စီးပွားရေး အခြေအနေသည် အရင်းရှင်နှင့် ဓနရှင်လက်ဟောင်းများ လွှမ်းမိုးထားဆဲ စီးပွားရေးဖြစ်သည်။ အုပ်ချုပ်ရေးပိုင်းတွင် ဗြိတိသျှက ကြိုးကိုင်သကဲ့သို့ ကုန်စည် ရောင်းဝယ် ဖောက်ကားရေးပိုင်းတွင် အိန္ဒိယ၊ တရုတ်တို့က ချယ်လှယ်ကြသည်။ တိုင်းရင်းသား တွေက နင်းပြား လက်လုပ်လက်စားများ ဖြစ်ကြသည်။

## ထိုင်ခုံနဲ့ ဖောင်တိန်

ထိုစဉ်က မြန်မာလူမျိုး ခေတ်ပညာတတ် အရည်အချင်း ရှိသူများကလည်း အမျိုးသားစီးပွားရေးထက် 'ငိုပါ' စီးပွားရေး သမားများဖြစ်သည်။ အစိုးရအုပ်ချုပ်မှု ယန္တရား လက်အောက်ဝယ် မလောက်မငှလစာလေးကိုယူ၍ ဖောင်တိန်ကိုင် ထိုင်ခုံထိုင် အလုပ်ကိုစိတ်ဝင်စားကြသူ များသည်။

စီးပွားရေးလောက အသေးလေးက အစ တရုတ်၊ ကုလားတို့က လွှမ်းမိုးထားသည်။ ဆံပင်ညှပ်၊ ကွမ်းယာ၊ ဖိနပ်ချုပ်၊ ကူလီထမ်းက အစ နားဖာကလော်တာအဆုံး နိုင်ငံခြားသားများကသာ လုပ်ကြသည်။ မြန်မာတွေကတော့ လယ်ယာလုပ်ငန်းလုပ်လိုက်၊ အတိုးဆပ်လိုက်၊ ကြွေးပိလိုက်၊ လယ်သိမ်းခံရလိုက်၊ လယ်လုပ်သားလုပ်လိုက်၊ မဝရေစာ စားနေရသော

www.burmeseclassic.com



ဘဝကိုပင် တရားခံမှန်နဲ့ ဝမ်းအေးအောင် ပြောနေကြလေ၏။

အဲဒီလို စီးပွားရေး အောက်ကျနောက်ကျ ဒုက္ခရောက်နေကြသည်ကို ဦးမြက မခံချင်။

ဟသ်ာတမြို့မှာ ဆံပင်ညှပ်ဆိုင်၊ ကွမ်းယာဆိုင် ကုန်ခြောက်ဆိုင်လေးတွေက အစ မြန်မာလူမျိုးများ တိုင်းရင်းသားများကို ငွေအရင်းစိုက်ထုတ်၍ ဖွင့်ခိုင်းသည်။

"ဈေးကောင်းရတောင် လူမျိုးခြားကို မရောင်းနဲ့။ မြန်မာလူမျိုးချင်းပဲ ဈေးအနာခံပြီးရောင်း" ဆိုသည့် ဝံသာနုစိတ်ဓာတ်များကို ဒီလိုဆိုင် အရောင်းအဝယ် လုပ်နေသူလေးတွေကအစ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးခဲ့သူ ဖြစ်သည်။

သည်လိုနှင့် ဟသ်ာတမြို့ပေါ်မှာ မြန်မာပိုင် ဆိုင်ငယ်ပေါင်း များစွာ ပေါ်ထွက်လာခဲ့သည်။ မြန်မာတွေ အရောင်းအဝယ် လုပ်ငန်းမှာ တစ်စတစ်စ စိတ်ဝင်စားလာကြသည်။ စားသောက်ဆိုင် လုပ်ငန်းတွေ၊ ကုန်မျိုးစုံ ဆိုင်လုပ်ငန်းတွေ ထွန်းကားလာခြင်းမှာ ဦးမြ၏ မျိုးစေ့ချပေးမှု၊ တိုက်တွန်းကူညီမှုများဖြစ်သည်ဟု ဆိုလျှင်ပင် မှန်ကန်နိုင်ပါသည်။

အရောင်းအဝယ်လုပ်သည့် နေရာမှာလည်း စာရင်းအင်း တိကျမှန်ကန်ဖို့၊ စနစ်ရှိဖို့၊ တစ်နေရာထဲမှာ ရပ်တန့်မနေဘဲ ဆိုင်အသေးလေးကနေ ဆိုင်ကြီး၊ ဆိုင်ကြီးကနေ ကုမ္ပဏီ၊ ကုန်တိုက်ကြီးတွေ ဖြစ်အောင်ကြိုးစားဖို့ အမြဲအားပေးခဲ့သူတစ်ဦး

ဖြစ်သည်။

ဦးမြရဲ့ဂုဏ်သတင်းဟာ တဖြည်းဖြည်း ကြီးမား ကျယ်ပြန့် လာခဲ့သည်။ ဦးမြသည် စီးပွားရေးဘက်တွင်သာ အာရုံစိုက်သူ မဟုတ်ဘဲ ဘာသာရေး နိုင်ငံရေး လုပ်ငန်းများကိုလည်း အားပေး လုပ်ဆောင်လာခဲ့သည်။

ဟင်္သာတမြို့ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားကို တည်ဆောက် လှူဒါန်းခဲ့သည်။

## ဆိုရှယ်တိုဗီလာ ဦးမြ

၁၉၃၆ မှ ၁၉၄၂ ခုနှစ်ထိ ဗြိတိသျှလက်ထက် ဟင်္သာတ ခရိုင် အနောက်ပိုင်း ဥပဒေပြုလွှတ်တော်အမတ်အဖြစ် လည်း ကောင်း၊ ၁၉၄၂-ခုနှစ်မှ ၁၉၄၅ အထိ (ဂျပန်ခေတ်) ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျပန်ခေတ် တော်လှန်ရေး ကာလတစ်လျှောက်တွင်လည်း ငွေအား၊ လူအား စည်းရုံးပြီး ရှေ့ဆောင်ရှေ့ရွက် ဦးဆောင် လှုပ်ရှားခဲ့သည်။

တော်လှန်ရေး အောင်မြင်ပြီးနောက် ဖ ဆ ပ လ အဖွဲ့တွင် လည်း ဦးစီးအဖွဲ့ဝင် အလုပ်အမှုဆောင် လူကြီးအဖြစ် ပါဝင် ဆောင်ရွက်သည်။ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်တစ်ကြိမ်၊ ဟင်္သာတမြို့မှ ပါလီမန်အမတ်နှစ်ကြိမ်၊ ပြည်ထောင်စုပါတီဝင်

www.burmeseclassic.com



ပါလီမန်အမတ်တစ်ကြိမ် ဖြစ်ခဲ့သေးသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏အမျိုးသားစီမံကိန်း အဖွဲ့၌ ဒုတိယ ဥက္ကဋ္ဌ အဖြစ်နှင့် နှစ်-နှစ် စီမံကိန်း ရေးဆွဲခဲ့ သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်၏စီးပွားရေး စီမံ ကိန်း ချမှတ် အကောင်အထည်ဖော်ဖို့ဟာ အရေးကြီးဆုံး လုပ်ငန်းဖြစ်သည်ဟု ယုံကြည်သူပီပီ စီးပွားရေးကို တကယ် နားလည်တတ်ကျွမ်းသော ဟသ်ာတဦးမြအား ယုံယုံကြည် ကြည် တာဝန်ပေးခဲ့ခြင်း ဖြစ်သည်။

ဦးမြသည် ၁၉၄၇-ခုနှစ်၊ နှိဝင်ဘာလတွင် စီမံကိန်းရေး ဆွဲပြီး ဒီဇင်ဘာလတွင် အစိုးရပိုင်းက အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ပြည်လမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ ဆိုရန်တိုဗီလာ (ယခု စာပေဗိမာန်) အဆောက်အအုံမှာ ကျင်းပပြုလုပ်ခဲ့သည့်အတွက် ထိုစီမံကိန်းကို ဆိုရန်တိုဗီလာ စီမံကိန်းဟု ခေါ်တွင်သည်။

ဦးမြသည် သူရေးဆွဲခဲ့သော ဆိုရန်တိုဗီလာ စီမံကိန်းအရ 'လွတ်လပ်တဲ့ မြန်မာပြည် စီးပွားရေးဝါဒ' ကို ပထမဦးဆုံး ကြိုးစားခဲ့သူ တစ်ဦးအကြောင်း တွေ့ရှိရလေသည်။

ထို့နောက် ဦးမြသည် ကတ်ဘိနက်အဖွဲ့၌ ကုန်သွယ်မှုဝန်

ကြီးနှင့် အမျိုးသား စီမံကိန်း ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူ ဖြစ်သည်။ သူသည် မြန်မာပြည် အစိုးရအဖွဲ့ ခေါင်းဆောင် အနေဖြင့် အမေရိကားနှင့် ဥရောပတို့ကို သွားရောက်လေ့လာ ခဲ့သည့်အပြင် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုမစ်ရှင် အဖွဲ့ကို ဦးဆောင်၍ အိန္ဒိယ၊ တရုတ်၊ ရုရှ၊ မြောက်ကိုရီး ယား၊ ဂျပန် စသည့် တိုင်းပြည်များကို သွားရောက် လေ့လာ ခဲ့သည်။

တိုင်းပြည် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ လုပ် သည့် နေရာတွင် လွတ်လပ်သော စီးပွားရေး ဝါဒသာ အကောင်းဆုံး ဖြစ်သည်ဟု ခံယူထားသူ ဦးမြသည် ပြည် ထောင်စု ဘဏ်ကြီး၏ ပထမဆုံးသော ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်ခဲ့သည်။

ထို့နောက် ကုန်သည်ကြီးများ အသင်း၏ နာယက မြန်မာနိုင်ငံလုံး ဆိုင်ရာ ဆန်စက်သမားများအသင်း နာယက စသော မြန်မာပြည် စီးပွားရေး၏ အချုပ်အချာ ကျသော နေရာများကို ဦးမြက ဦးဆောင် ကြိုးပမ်းခဲ့သည်။

ဦးမြ၏ လုပ်ဆောင်ချက် ကြိုးပမ်းချက်၊ စီးပွားရေး မူဝါဒများသည် ယနေ့တိုင် ရှင်သန်ဆဲဖြစ်သည်။ ဟဲ်ာတ ဦးမြ (သို့မဟုတ်) ဆိုရန်တိုဗီလာ ဦးမြသည် သူ့ဘဝအား စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ လူပ်ရှားမှုများ အမျိုးသား လှုပ်ရှားမှု များဖြင့် အလှဆင် နိုင်ခဲ့သည်။ ထို့ကြောင့်ပင်

www.burmeseclassic.com



အစိုးရက ဦးမြအား 'မဟာသီရိ သုဓမ္မ' ဘွဲ့ကို အပ်နှင်းခဲ့လေသည်။

ဟင်္သာတ ဦးမြအကြောင်းကို ပြောလျှင် ဟင်္သာတမြို့အကြောင်းမပါမပြီးသကဲ့သို့ ဟင်္သာတတိုက်ကြီး အကြောင်း မပါမပြီးပြောရတော့မည်ပင်။

ဦးမြသည် ဟင်္သာတကို ချစ်သည်။ တိုင်းပြည်ကို ချစ်သည်။ စည်းလုံးညီညွတ်မှုကို မြတ်နိုးသူ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးတွင် ဟင်္သာတခရိုင်သူ ခရိုင်သားများသည် ရေကြည်ရာ မြက်နုရာ ရန်ကုန်မြို့ကြီး၏ အနှံ့အပြားတွင် လာရောက် နေထိုင်ကြလေသည်။

အချင်းချင်း မကြာခဏ တွေ့ကြ၏။ ဟင်္သာတ၏ ရှေးဟောင်း နောက်ဖြစ်များကို ပြန်ပြောင်းလို့ ပြောဆိုကြ၏။ ထိုအခါ ဟင်္သာတ မြို့နယ်သူ မြို့နယ်သား အချင်းချင်း ရိုင်းပင်းကူညီနိုင်ရန်အတွက် ၁၉၅၁ ခုနှစ် ဇူလိုင်လ ၂၉ ရက် နေ့၌ ဟင်္သာတခရိုင်အသင်းကြီးကို ထူထောင်ခဲ့သည်။

အသင်းကြီး၏ ပထမ ဦးဆုံးသော ဥက္ကဌမှာ မဟာသီရိသုဓမ္မ ဟင်္သာတဦးမြပင် ဖြစ်သည်။

ဦးမြသည် သူသက်ဆုံးတိုင် ချစ်သော ဟင်္သာတမြို့နှင့် ဟင်္သာတအသင်းကြီးအား နောက်ဆုံး ခရီးတိုင် ဦးဆောင်ခဲ့သူဖြစ်သည်။ ဦးမြသည် ၁၃၂၄ ခုနှစ် အသက် ၇၀ အရွယ် တွင်

www.burmeseclassic.com



ရန်ကုန်မြို့၌ပင် ကွယ်လွန် အနိစ္စရောက်ခဲ့၏။

ဦးမြသည်ကား ရှားမှရှားသည့် မျိုးချစ်စီးပွားရေးသမားကြီး တစ်ဦးပင် ဖြစ်သည်။

ဦးမြ၏ စီးပွားရေး စိတ်ဓာတ်သည်ကား ယနေ့တိုင် ရှင်သန်ဆဲ။

ဦးမြသည်ကား ရဲရဲတောက် မြန်မာ့ လုပ်ငန်းရှင်ကြီး တစ်ဦးပင် ဖြစ်ပါသည်။

}

www.burmeseclassic.com



www.burmeseclassic.com

# ရဲရဲတောက် မြန်မာ့ လုပ်ငန်းရှင်ကြီး
# တိုင်တလုံးဦးရွှေလျှေး

ဦးရွှေလျှေး (သို့မဟုတ်) တိုင်တစ်လုံး ဦးရွှေလျှေး. .

ဟုတ်သည်။ သူ့ကို လူအများက တိုင်တစ်လုံး အိမ်ပိုင်ရှင် ဦးရွှေလျှေးဟုသာ လူသိများကြ၏။

လူ့လောကကြီးမှာ အမည်ကျော်ကြားပုံခြင်း၊ ဂုဏ်သတင်းပျံ့နှံ့ပုံခြင်းက မတူ။

တချို့က အနုပညာဖြင့်

တချို့က ပညာရေးဖြင့်

တချို့က နိုင်ငံရေး ဘာသာရေး. . စသဖြင့်။

**ဆုစာပေ**

## ၁၁၂ ကိုဂျေ

ဦးရွှေလှေးကျတော့ တိုင်တစ်လုံး အိမ်ကြီးကို ပိုင်ဆိုင်သူ တစ်ယောက်အနေဖြင့် နာမည်ဂုဏ်သတင်း ကြီးမား၏။

တကယ်တော့. . . ဦးရွှေလှေး၏ စီပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး လှုပ်ရှားမှုများသည်ကား စိတ်ဝင်စားဘွယ်အတိ။

ဦးရွှေလှေးဆိုတာ ဘယ်လိုလူစားမျိုးနည်း။ တိုင်တစ်လုံး အိမ်ပိုင်တာ တစ်ခုတည်းနဲ့ ဒီလောက် နာမည်ကြီးရမလား. . . အတွေးတို့သည် သိချင် ချင်းတက်မိနည်းတူ ဦးရွှေလှေး၏ လှုပ်ရှားခဲ့မှု အစုစုတို့၏နောက်သို့ ကျွန်တော် လိုက်မိပါ တော့၏။

အချိန်က ၁၈၈၆-ခုနှစ်

ဦးနာအောက်သည် နယ်ချဲ့အရင်းရှင်တို့အား မြန်မာ့ရေပြင် ပေါ်မှ မောင်းထုတ်နိုင်ရန် စိတ်အားထက်သန်နေသည်။ သူ တစ်ယောက်တည်း ဒီခံစားချက်ကို ကျိတ်မှိတ် ခံစားနေ၍ မဖြစ်တော့။ သူ့မှာ စီးပွားရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး ကိစ္စအဝဝ တိုင်ပင်နှီးနှော၍ တကယ် ယုံကြည်

www.burmeseclassic.com



အားထားရသော တက်ကြွသည့် ခေတ်ပညာတတ် လူငယ် တစ်ယောက်ရှိ၏။ သူကား. . . အခြားသူမဟုတ်။ ဦးရွှေလှေး

"ခင်ဗျားမှာ ဒီလောက် ခံစားချက် ပြင်းထန်နေရင် ကျွန်တော် ကူညီမယ် ဦးနာအောက်"

ဦးနာအောက် အားတက်မိ၏။ အားကိုးမိ၏။ ထို့ကြောင့် ပင် လိုအပ်သည့်ငွေပင်ငွေရင်းကို အလုံးအရင်း စိုက်ထုတ်ကာ ဦးရွှေလှေးအား လုပ်ငန်း စတင်စေခဲ့သည်။

ဦးရွှေလှေးက အင်္ဂလန်နိုင်ငံ စကော့တလန်ပြည် 'မက်ကို အင်ဘတ်စတာ' ကုမ္ပဏီသို့ သွားခဲ့၏။ မက်ကို အင်ဘတ် စတာ ကုမ္ပဏီကပင် နှစ်ထပ်သင်္ဘော နှစ်စင်းနှင့် တစ်ထပ် သင်္ဘော ရှစ်ဆင်း ဝယ်ယူလိုက်သည်။

ဦးရွှေလှေး မြန်မာပြည်သို့ ပြန်ရောက်လာပြီးနောက် မုတ္တမ မြို့၌ ခေတ်မီလွန်းတင် သင်္ဘောကျင်းတစ်ခုကို တည်ဆောက် ပြန်သည်။

ထိုသင်္ဘော လေးစင်းဖြင့် ရေကြောင်း လုပ်ငန်းခွင်ထဲသို့ စတင်ဝင်ရောက်ခဲ့ပြီး နောက်ပိုင်းတွင် သင်္ဘောများ ထပ်မံ မှာယူတင်သွင်းပေးခဲ့သည်။

ဦးနာအောက်၏ ခနရှင် စီပွားရေးဝါဒ တိုက်ဖျက်ရေး အစီအစဉ်တွင် လူရော အကြံဉာဏ်ပါ ကူညီခဲ့သော ဦးရွှေ လှေး. . .။

ဦးနာအောက်၏ သင်္ဘောများ ဆိပ်ကမ်းတွင် မဆိုက်

ကပ်နိုင်ရန် ဧရာဝတီ သင်္ဘောကုမ္ပဏီက ဆိပ်ကမ်းများကို အခွန်ဆောင် ဝယ်ယူလိုက်စဉ် အချိန်က ဦးနာအောက်တစ်ယောက် မကြံမစည်တတ်အောင် သောကဝေဒနာများ ဖိစီးခြင်း ခံခဲ့ရချိန်တွင်လည်း ဦးရွှေလှေးက. . .

'ဦးနာအောက် ဧရာဝတီ ကုမ္ပဏီက ဆိပ်ကမ်းတွေကို သူ ကိုယ်ပိုင်ဖြစ်အောင် အခွန်ဆောင်သလို ခင်ဗျားလည်း မြစ်ချောင်း အားလုံးကို ခင်ဗျားပိုင် ဖြစ်အောင် အခွန်ဆောင်ပါ' ဟု အကြံဉာဏ်ပေးခဲ့သည်။

ထိုအကြံဉာဏ်ကြောင့်ပင် ဧရာဝတီ သင်္ဘောကုမ္ပဏီနှင့် ဦးနာအောက်တို့ တရားရုံးတော်သို့ ရောက်ခဲ့ရသည်ထိ ဖြစ်ခဲ့ရ၏။ ထိုအချင်းအရာလေးများသည်ကား ဦးရွှေလှေး၏ ဘဝတစ်ပိုင်းတစ်စမှ မျိုးချစ်စိတ်များပင် ဖြစ်သည်။

## ကတိုးသို့ရေမိုင် (၁၅) မိုင်

ကတိုးကော့နှတ်ရွာ၊ သည်ရွာလေးသည် မော်လမြိုင်မြို့မှ ရေမိုင်အားဖြင့် ၁၅ မိုင်ခန့်သာ ဝေးသော ရွာဖြစ်သည်။

ကတိုးကော့နှတ် ရွာသူရွာသားများ၏ အဓိက စီးပွားရေးလုပ်ငန်းတို့မှာ လယ်ယာကိုင်းကျွန်းလုပ်ငန်းတို့ဖြစ်သည်။ ကိုင်းစိုက်သူများနှင့် ခြံလုပ်ငန်းလုပ်ကိုင်သူတို့၏ရွာလယ်ဝန်းကျင် အနီးအနားတွင် ရှိ၏။ ကျွန်းငယ်လေးများပေါ်မှာ စိုက်ပျိုးကြခြင်းဖြစ်သည်။

www.burmeseclassic.com



ရေလုပ်ငန်းဖြင့် အသက်မွေးသူတို့ရှိသော်လည်း သစ်လုပ်ငန်းက ရွာ၏ အဓိက စီးပွားရေးလုပ်ငန်း အမျိုးအစားတွင်မပါ။ မြေရှင်ယာရှင်စနစ် ထွန်းကားစဉ်ကလည်း သည်ရွာလေးမှာ မြေရှင်ယာရှင် သူဌေးပေါင်းများစွာ ကြွယ်ဝချမ်းသာသူ များစွာတို့က သည်ရွာလေးအပေါ် ဩဇာလွှမ်းမိုးခဲ့ကြသည်။ ကြေးရတက်ရွာ မျက်နှာဖုံးများ ဖြစ်ခဲ့ကြသည်။

ကော့နှတ်ရွာ ဝေယန်ဘုံကျော် တိုက်ကျောင်း ကြီးနှင့်စွယ်တော်တိုက် တန်ဆောင်းကြီး၏ ဒါယကာ၊ ဇင်းမယ်မြို့နယ်၊ မှိုင်းလုံးကြီး၊ မယ်ငဲ့သစ်တော၊ ထားခွင်သစ်တော်ကြီးများ၏ စာချွန်တော်ရပိုင်ရှင်။ ဖညားဆလိ ဆောင်မှုန်းရာဇမိုင်းထီး’ ဟူသော ဘွဲ့နှင့်တကွ ရွှေသားပကတိဖြစ်သောခါး၊ ရွှေထီး၊ ရွှေဖလား၊ မြို့စား၊ ရွာစားတို့၏ အဆောင်အယောင်တို့ဖြင့် ဇင်းမယ်မြို့ အစိုးရတို့၏ ချီးမြှင့် သူကောင်းပြုခဲ့ရသူ ကော့နှတ်ရွာ သူဌေးကြီး ဦးထွန်းကျော်နှင့် သူဌေးကတော် အရီးထော်တို့ သည်လည်း သည်ရွာ၏ မျက်နှာဖုံးများဖြစ်ကြ၏။ သူတို့သည်ပင် ဦးရွှေလှေး၏ မိခင်ဖခင်တို့ဖြစ်ကြသည်။

ဦးရွှေလှေးကို မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ်တွင် ကော့နှက်ကျေးရွာလေးမှာပင် ဖွားမြင်ခဲ့သည်။ သူသည် သားကြီးဩရသဖြစ်၏။ ဦးရွှေလှေးတွင် ညီမ ဒေါ်နှင်းရှန်နှင့် ညီဦးအုန်းခင်တို့ ရှိသည်။

**ဆုစာပေ**

www.burmeseclassic.com



## ကာနယ်ဖလောင်းနှင့်ဘိလပ်သို့

မောင်ရွှေလှေးသည် ငယ်စဉ်အခါက မိဘတို့ ကိုးကွယ်သော ကေ့နှတ်ရွာ ဆရာတော်ကြီး၏ ကျောင်းတွင် ဘာသာရင်းဖြစ်သော မွန်စာပေကို သင်ကြားခဲ့သည်။ ထို့နောက် ကတိုး ဓမ္မာရုံကျောင်း ဆရာတော်ကြီးနှင့် မော်လမြိုင်မြို့ ရွှေတောင်ရပ် ဆရာကြီး ဦးဘိုမင်းထံတွင် မြန်မာစာပေကို သင်ကြားခဲ့၏။

ဘုန်းတော်ကြီး ကျောင်းများတွင် ပညာ ဆည်းပူးပြီးနောက် မော်လမြိုင်မြို့ စိန်ပထရစ် ကျောင်းတွင် အင်္ဂလိပ်စာပေပညာများကို ဆက်လက် သင်ကြားခဲ့သည်။

မောင်ရွှေလှေးသည် အသက် ၁၄ နှစ်အရွယ်တွင် မော်လမြိုင် အရေးပိုင် ကာနယ်ဖလောင်းသည် ဦးထွန်းကျော်ထံသို့ ရောက်လာသည်။ ဦးထွန်းကျော်နှင့် ကာနယ်ဖလောင်းတို့သည် အင်မတန်မှ ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေများဖြစ်ကြသည်။

ကာနယ်ဖလောင်းကလည်း ယဉ်ကျေး သိမ်မွေ့သော မိသားစုအပေါ် သံယောဇဉ် ကြီးမားခဲ့၏။ ပြီး မောင်ရွှေလှေးနှင့် မောင်အုန်းခင် ညီအစ်ကို နှစ်ယောက်၏ ပညာကြိုးစားပုံ၊ စည်းစနစ်ရှိပုံကို နှစ်ခြိုက်နေမိသူလည်းဖြစ်သည်။ သည်ကလေးတွေအတွက် ပညာ ရှေးဆက် သင်နိုင်ရေးအတွက် ဦးထွန်းကျော်ကို ဖွင့်ဟခဲ့သည်။

www.burmeseclassic.com



သည်လိုနှင့်ပင် ဦးရွှေလှေးနှင့် ဦးအုန်းခင်တို့ ကာနယ်ဖလောင်းနှင့် ဖခင်ဦးထွန်းကျော်တို့၏ အစီအစဉ်ဖြင့်ပင် အရေးပိုင် ကာနယ်ဖလောင်းနှင့် ဘိလပ်သို့ ပညာတော်သင် ပါသွားခဲ့လေသည်။ ဦးထွန်းကျော်သည် ပညာကို မြတ်နိုးသူ ဖြစ်၏။ သားသမီးများကို ခေတ်ပညာတတ်များ ဖြစ်စေချင် သူ ဖြစ်သည်။

ဦးရွှေလှေးနှင့် ညီ ဦးအုန်းခင်တို့သည် ဘိလပ်တွင် ပညာဆည်းပူးကြ၏။ ဦးအုန်းခင်သည် ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့များ ရသည်အထိ ပေါက်မြောက်စွာ ပညာတော်သင်ခဲ့သော်လည်း ဦးရွှေလှေးကတော့ ဖခင်၏စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရန်သာ အဓိကရည်ရွယ်ချက်ထား၍ အင်္ဂလိပ်စကားပြောတတ်ရုံနှင့် လုပ်ငန်းစီမံခန့်ခွဲမှုအတွက်သာ အလေးထားသင်ယူခဲ့ပြီး ပြည်တော်ပြန်ခဲ့လေသည်။

## စီးပွားရေးသမား မောင်ရွှေလှေး

ပြည်ထောင်ပြန် မောင်ရွှေလှေးအား ဖခင်ဖြစ်သူ ဦးထွန်းကျော်က ပညာလည်းစုံ၊ ကြင်ယာလည်း စုံစေချင်ပုံ ရ၏။ သားကြီး ဩရသ ပြန်ရောက်သည်နှင့် (၁၈၈၆ ခုနှစ်) ကတိုးရွာနေ သစ်ခေါင်းကြီး ဦးဒွန်း၏ သမီးအကြီးဆုံးဖြစ်သူ မကြင်ဥနှင့် စုလျားရစ်ပတ် လက်ထပ်ပေးခဲ့လေသည်။

ကိုရွှေလှေး အသက် ၂၀ ပြည့်ခဲ့ပြီ။

**ဆုစာပေ**

## ၁၁၈ ကိုဂျေ

ကိုရွှေလှေးသည် ခေတ်ပညာတတ် စီးပွားရေးသမားဖြစ်လို့ နေပြီ။

ကိုရွှေလှေးအား ဖခင်ဖြစ်သူက သူ၏ကိုယ်စား သစ်တော များကို ဦးစီးအုပ်ချုပ် လုပ်ကိုင်စေခဲ့သည်။ ထို့ကြောင့်ပင် ဇင်းမယ်မြို့မှိုင်းလုံးကြီးမြို့သို့ သွားရောက်၍ သစ်တောများကို အုပ်ချုပ်လုပ်ကိုင်ခဲ့သည်။

ထိုစဉ်မှာပင် တောပိုင်စာခွန်အရ မှုန်းပဲကြီးမြို့စား ဘုရား ဒါယကာ ကဏ္ဍဆိုသူ ကွယ်လွန်ခဲ့၏။ ထို့ကြောင့်ပင် ဇင်းမယ် မင်းကြီး၏သားတော် အိမ်ရှေ့မင်းက သစ္စာတော်ရေသောက် ဖြစ်သော ကိုရွှေလှေးကို ဆင့်ခေါ်တော်မူပြီး မုန်းပဲသစ်တော ကြီးကို စာချွန်နှင့်တကွ အပ်နှင်းပေးသနားတော် မူခဲ့သည်။

ကိုရွှေလှေး၏ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ဆောင်မှုတို့သည် ဇင်းမယ်တခွင် သင်းပျံ့ခဲ့၏။

ထိုစဉ်က မုန်းပဲသစ်တောကြီးကို ရရန်အတွက် သစ်ကုန် သည်ကြီးများနှင့် ဗြိတိသျှလက်အောက်ခံ အရင်းရှင်ကုမ္ပဏီကြီး များက ငွေသိန်းပေါင်းများစွာ လက်ဆောင်ပေး၍ တောင်း ခံကြသော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပေးခဲ့ဘဲ သစ္စာ သမာဓိ ပြည့်ဝသူ ခေတ်ပညာတတ် စီးပွားရေးသမား ကိုရွှေလှေးကိုသာ ရွေးချယ်ပေးခဲ့ခြင်း ဖြစ်သည်။

သို့သော် ကိုရွှေလှေးက ဇင်းမယ်နယ် သစ်တောများကို နှစ်အတော်ကြာ လုပ်ဆောင်ခဲ့ပြီးနောက် လုပ်ငန်းများကို ရပ်

ဆိုင်းလိုက်သည်။ မိမိ၏ မွေးရာဇာတိ ကတိုးရွာသို့ ပြန်လာခဲ့သည်။

## တိုင်တစ်လုံးအိမ်ကြီး

ဦးရွှေလှေးသည် အနောက်နိုင်ငံသို့ ပညာတော်သင် သွားခဲ့ပြီးနောက် အနောက်နိုင်ငံသားတို့၏ လူနေမှုစနစ်ကို သဘောကျခဲ့ဟန် တူသည်။ ဇင်းမယ်သစ်တောကို ပိတ်ခဲ့ပြီးနောက် ကျွန်းသစ်တို့နှင့် အတိပြီးသော တိုင်တစ်လုံးအိမ်ကြီးကို စတင်ဆောက်ခဲ့သည်။

တိုင်တစ်လုံးအိမ်၏ ပုံစံကိုလည်း အနောက်နိုင်ငံမှပင် ပုံစံယူလာခဲ့သည်ဟု သိရသည်။

မြန်မာတို့၏ နေအိမ်နှင့်မတူ တမူထူးခြားပြီး အနောက်ယဉ်ကျေးမှုသွင်ပြင်တို့ကို တိုင်တစ်လုံးအိမ်ကြီးမှာ ထည့်သွင်းတည်ဆောက်ခဲ့၏။

လှေခါးအိမ်၊ ဧည့်ဆောင်၊ ဧည့်ခန်း၊ ဗဟိုခန်းမ စသည်တို့ကို ဖွဲ့စည်းပုံနှင့် အခန်းတို့၏ ဆက်နွယ်ပုံတို့မှာ အနောက်တိုင်းစနစ်အတိုင်း တည်ဆောက်ခဲ့၏။

အဆောက်အအုံ ပစ္စည်းအားလုံးကို ကျွန်းသစ်ကိုသာ အဓိကထားခဲ့သည်။ ရေအိမ်သာနှင့် ရေချိုးခန်းတို့ကိုလည်း ကြွေခွက်များဖြင့် တပ်ဆင်ခဲ့သည်။

ထို့ကြောင့်ပင် ဦးရွှေလှေး၏ တိုင်တစ်လုံးအိမ်ကြီးသည်

ကတိုးကော့နှက်ရွာ၌ နံမည်ကြီးခဲ့လေသည်။ ထိုအိမ်ပုံစံအတိုင်းပင် ဦးမောင်ကြီး (ဆာ-ဂျေ-အေ-မောင်ကြီး) ၏ ဇနီးရှမ်းအမျိုးသမီးက ထိုင်းနိုင်ငံ (ယိုးဒယား) တွင် တစ်လုံး ထပ်မံဆောက်ခဲ့သည်ဟု သိရသည်။

တိုင်တစ်လုံးအိမ်ကြီးကို ပီနန်မြို့မှ တရုတ်မြန်မာ လက်သမား ၁၀၀ ကျော်တို့နှင့် သုံးနှစ်တိုင် ဆောက်လုပ်ခဲ့သည်။

ဦးရွှေလှေး၏ တိုင်တစ်လုံးအိမ်ကြီးသည် မြန်မာတို့အဖို့ အထူးအဆန်းသဖွယ် ဖြစ်ခဲ့ရသည်။ အိမ်ကြီးထူးဆန်းသကဲ့သို့ ဦးရွှေလှေးကိုလည်း အိမ်ပိုင်ရှင်သူဌေးကြီးအဖြစ်သာ လူသိများခဲ့လေသည်။

## စိုက်ပျိုးရေးသမား ဦးရွှေလှေး

ဦးရွှေလှေးသည် ခေတ်ပညာတတ် လူငယ်တစ်ဦးဖြစ်သည့်နည်းတူ မျိုးချစ်စိတ်ပြင်းထန်သူ တစ်ဦးဖြစ်လေသည်။

ထိုစဉ်က နယ်ချဲ့အရင်းရှင်တို့၏ စီးပွားရေးစနစ်ကြောင့် တိုင်းရင်းသား တောင်သူလယ်သမားတို့ ဆင်းရဲတွင်း နက်နေကြရသော အချိန်လည်းဖြစ်သည်။ ဘာဘူကုလားများ၊ ချစ်တီးကုလားများ၏ ငွေတိုးအောက်ဝယ် မြန်မာတောင်သူတို့ ခေါင်းမဖော်ဝံ့အောင် နင်းပြားဖြစ်နေရသော အချိန်လည်းဖြစ်သည်။

တိုင်းရင်းသားတို့ ဆင်းရဲတွင်းနက်ရသည်ကို ဦးရွှေလှေးက

မခံချင်။ ထို့ကြောင့်ပင် လူအများ ဝိုင်းဝန်းလုပ်နိုင်သော လုပ်ငန်းများကို စူးစမ်းသည့်အနေဖြင့် ဦးရွှေလေးတစ်ယောက် စီးပွားရေးနယ်အစုံကို ဝင်ဆံ့ကြည့်ခဲ့သည်။

ငွေချေးငှားခြင်းအလုပ်. . .။ ငွေချေးငှားခြင်း အလုပ်လုပ်သည် ဆိုခြင်းထက် သက်သောင့်သက်သာသော အတိုးနှုန်းဖြင့် တိုင်းရင်းသား တောင်သူတို့အပေါ် ငွေချေးခဲ့ခြင်း ဖြစ်သည်။ ဦးရွှေလေးနှင့် အတူ ဦးနာအောက်သည်လည်း ကိုယ်ကျိုးထက် အများအကျိုးကို ကြည့်ကာ လုပ်ဆောင်ခဲ့ကြသည်။

ထို့နောက် စပါးရောင်းဝယ်ခြင်း၊ ဆီဆုံများ တည်ထောင်၍ နှမ်းဆီကြိတ်ခြင်း၊ လယ်ယာဥယျာဉ်များ ဝယ်၍ သီးစားချထားခြင်း အလုပ်တို့ကို ပြုလုပ်ခဲ့၏။

သို့သော် ထိုလုပ်ငန်းတို့သည် ဝါသနာအရ လုပ်သောလုပ်ငန်းများ မဟုတ်ပါဘဲ အများအကျိုးအတွက် ဆောင်ရွက်ခဲ့သော လုပ်ငန်းများ ဖြစ်ခြင်းကြောင့် ဦးရွှေလေးတစ်ယောက် စိတ်ဝင်စားမှု နည်းခဲ့လေသည်။

၁၉၀၇ ခုနှစ်သို့ ရောက်သောအခါ မြေဧက ၁၀၀ ခန့်ကို ဝယ်ယူ၍ မိမိဝါသနာပါရာ ရော်ဘာခြံစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ဆောင်လေတော့သည်။

ဦးရွှေလေးသည် ဖခင်ဦးထွန်းကျော်ထံမှ အမွေဆက်ခံရရှိလိုက်သော ဇင်းမယ် သစ်တောကို ရောင်းချလိုက်သည်။

မော်လမြိုင်အနီးရှိ ကွင်းပြင်များတွင် ရော်ဘာစိုက်ပျိုးခြင်းကို ကြိုးစားစိုက်ပျိုးခဲ့၏။

ထိုစဉ်က ရော်ဘာစိုက်ပျိုးရေးကို တိုင်းရင်းသားပြည်သူတို့ လုပ်ရကောင်းမှန်းတောင် မသိပေ။ အနောက်နိုင်ငံများတွင် နေထိုင်ခဲ့သော ဦးရွှေလေးကသာ ရော်ဘာစိုက်ပျိုးခြင်းကို စတင်ပေးခဲ့ခြင်း ဖြစ်၏။

ရော်ဘာစိုက်ပျိုးခြင်းသည် မျက်မြင်ကိုယ်တွေ့ မဟုတ်ဘဲ စာတွေ့ဖြင့်သာ စိုက်ပျိုးနေရသောကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ပေ။

**စာတွေ့ဖြင့် လုပ်ငန်းတစ်ရပ်ကို ကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်ရန် မလွယ်ကူကြောင်း ဦးရွှေလေး သဘောပေါက်ခဲ့၏။**

ထို့ကြောင့်ပင် ရော်ဘာလုပ်ငန်းကို တကယ်ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးအသုံးပြုနေကြသော အာရှတိုင်းပြည်များမှ ဂျပန်၊ တရုတ်၊ မလေးရှားနှင့် ဥရောပတိုင်းပြည် များမှ အင်္ဂလန်၊ အမေရိကန်စသော တိုင်းပြည်များသို့ သွား ရောက်၍ ရော်ဘာစိုက်ပျိုးရေးကို လေ့လာခဲ့သည်။

## ရော်ဘာအောင်မြင်ခြင်း

ကမ္ဘာလှည့်ရာမှ ပြန်ရောက်လာသော ဦးရွှေလေးသည် ရော်ဘာခြံ စိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။ ငွေ

အရင်းအနှီး အမြောက်အများ စိုက်ထုတ်၍ ရော်ဘာခြံမြေကွက်များကို တိုးချဲ့ဝယ်ယူခဲ့၏။

သူနှင့်အတူ ရော်ဘာခြံ စိုက်ပျိုးရေးလုပ်ငန်းကို စိတ်ဝင်စားသူတိုင်း စိုက်ပျိုးနိုင်အောင် နည်းပညာများ၊ မြေယာများ၊ ငွေကြေးများဖြင့် ကူညီခဲ့၏။

မြေဧက ၁၀၀ ကျော်လောက်ဖြင့် စမ်းသပ်စိုက်ပျိုးခဲ့သော ဦးရွှေလေးသည် သူပိုင် ရော်ဘာခြံသုံးခြံသည် မြေဧကပေါင်း ၂၀၀၀ ကျော်ထိ တိုးတက်ကြီးပွား ဖြစ်ထွန်းခဲ့၏။ တနင်္သာရီတိုင်းနှင့် မော်လမြိုင်ဝန်းကျင်အနှံ့ ရော်ဘာခြံများဖြင့် စည်ပင်ကြီးပွားခဲ့ကြ၏။ ခေတ်ပညာတတ် စိုက်ပျိုးရေးသမား ဦးရွှေလေး၏ စီပွားရေးမျက်စိ ကျယ်ဝန်းမှု၊ စီးပွားရေးစီမံကိန်းအသစ်ကြောင့် မြန်မာပြည် ရော်ဘာလုပ်ငန်းသည် ယနေ့တိုင် ဝင်ငွေကောင်းဆဲ၊ ရှင်သန်ဆဲ၊ ရော်ဘာအစ ရွှေလေးကဟုပင် ခေါ်ဝေါ်ထိုက်သော စီးပွားရေးသမားတစ်ယောက်ဖြစ်ခဲ့သည်။

## နိုင်ငံတကာ ပိဋကတ်တိုက်ကြီးများ

ဦးရွှေလေးသည် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်သည်။ ရော်ဘာစိုက်ပျိုးရေးအတွက် ကမ္ဘာလှည့်ခဲ့သော ဦးရွှေလေးသည် သူရောက်ခဲ့သော အတိုင်းတိုင်းအပြည်ပြည်ရှိ ဗုဒ္ဓဘာသာဝင်တို့နှင့်

## ၁၂၄ ကိုရျေ

ဘာသာရေးဆိုင်ရာ ကိစ္စရပ်များကို နှီးနှောခဲ့၏။ နိုင်ငံတကာ ပိဋကတ်တိုက်ကြီးများသို့ သွားရောက် လေ့လာခဲ့သည်။

သူဝင်ရောက်ခဲ့သမျှ လေ့လာသမျှသော ဗုဒ္ဓ ပိဋကတ် တိုက်ကြီးများသည် နိုင်ငံတိုင်းလိုလို သူတို့၏ ဘာသာစကား၊ ဘာသာစာပေဖြင့် ပြန်ဆို ရေးသားထားကြသည်ကို တွေ့မြင် ခဲ့ရ၏။

ထို့ကြောင့်ပင် ဗုဒ္ဓဘာသာ အင်မတန်မှ ထွန်းကားသော တို့မြန်မာပြည်မှာလည်း တို့ဘာသာစာပေနှင့် ဘာသာပြန်ဆို ပြီးသား ရှိကိုရှိရမည်ဟု ခံယူချက်ပြင်းပြခဲ့၏။

ပါဠိ ပိဋကတ်တော်မြတ်ကို မြန်မာဘာသာ စကားပြေဖြင့် ပြန်ဆိုရေးသားရသော် နောင်လာ နောင်သားတို့အဖို့ အကျိုး အမြတ် ထူးဖွယ်ရာရှိသည်ဟု နားလည်သဘောပေါက်ခဲ့၏။

သူ၏ ကြံ့စည် စိတ်ကူးမိသမျှကိုလည်း မြန်မာပြည်သို့ ရောက်လျှင်ရောက်ချင်း အကောင်အထည်ဖော်ခဲ့သည်။

ဦးရွှေလှေးသည် မြန်မာနိုင်ငံတွင် တစ်ဦးတစ်ယောက်မျှ မကြံ့စည်ဖူးသော အလှူဒါနတစ်ခုကို ပြုခဲ့သည်။ သာသနာ့ နုဂ္ဂဟ ဓမ္မဒါနကြီးကို ရဲရဲရင့်ရင့် စွန့်စွန့်စားစား ကြိုးပမ်းခဲ့ သည်။ နိကာယ်ငါးရပ် ပိဋိကတ်ကို မြန်မာပြန်ဆိုရန် ငွေအလုံး အရင်းနှင့် လှူဒါန်းခဲ့သည်။

ပိဋကတ်တော်ကို မြန်မာပြန်ဆိုရန်အတွက် ဆရာမြို့အား လွှဲအပ်၍ ၁၉၁၁-ခုနှစ်မှ ၁၉၂၁-ခုနှစ်တိုင် ၁၀ နှစ် တာမျှ

www.burmeseclassic.com



နိကာယ်ငါးရပ်အနက်မှ နိကာယ်လေးရပ်ကို ပြန်ဆိုပြီးစီးခဲ့သည်။

ပြန်ဆိုပြီးစီးသမျှ စာမူအားလုံးကိုလည်း ကိုယ်ကျိုးအတွက် အသုံးမချဘဲ ထိုစဉ်က ဘုရင်ခံဖြစ်သော ဆာ-ဂျေ-အေ မောင်ကြီးလက်သို့ ပုံနှိပ်ဖြန့်ချိရန် လှူဒါန်းခဲ့လေသည်။ ဦးရွှေလှေး၏ အလှူဒါနကား ကြီးမြတ်လေ၏။

## တိုင်တစ်လုံးကို စွန့်ခွာခြင်း

ဦးရွှေလှေးသည် ဒေါ်ကြင်ဥနှင့် အိမ်ထောင်ကျခဲ့သော်လည်း သားသမီး တစ်ဦးတစ်ယောက်မှ မထွန်းကားခဲ့ပေ။ ငယ်စဉ်အခါက မြင်းစီး၊ လှေပြိုင်၊ စောင်းတီးအတတ်ပညာများကို ဝါသနာထုံခဲ့သူ ဖြစ်လင့်ကစား၊ အသက် ၄၀ ကျော်အရွယ်သို့ ရောက်သောအခါ စီးပွားရေးဘက်တွင်သာ စူးစိုက်လုပ်ကိုင်ခဲ့၏။

အပျော်အပါးတို့နှင့် တစ်စတစ်စ ဝေးကွာခဲ့သည်။ ရော်ဘာ စိုက်ပျိုးခြင်းလုပ်ငန်းနှင့် ပါဠိပိဋကတ်တော် မြန်မာပြန်ဆို ထုတ်ဝေနိုင်ရေးသာ သူ စိတ်ဝင်စားတော့၏။

သို့သော်. . . မရည်ရွယ်ခဲ့ပဲ အသက် ၅၃ နှစ် အရွယ်တွင် ဥပဒေပြုလွှတ်တော် မင်းတိုင်းပင် အမတ်အဖြစ် အစိုးရက ခန့်အပ်ခဲ့သည်။

အသက် ၅၇-နှစ်အရွယ်တွင် ခြေထောက်တွင် ဖိနပ်ပွန်းသည့် အနာဖြင့် ဆေးရုံတက်ခဲ့ရသည်။ နဂိုမှပင် ဆီးချိုရောဂါ

www.burmeseclassic.com

## ၁၂၆ ကိုဂျေ

အခံရှိသော ဦးရွှေလှေးအဖို့ ရောဂါမပျောက်ကင်းနိုင်ပါပဲ ဆိုးရွားလာကာ နောက်ဆုံးတွင် ခြေထောက်တစ်ဘက် ဖြတ်လိုက်ရတော့သည်။

ဦးရွှေလှေးသည် စိတ်ဓာတ်မကျ။ လုပ်ဆောင်စရာရှိသော လုပ်ငန်းမှန်သမျှကို ခြေတုဖြင့် လမ်းလျှောက်ခြင်း၊ ဘီးတပ်ကုလားထိုင်လေးဖြင့် သွားလာခြင်း စီမံခန့်ခွဲခဲ့၏။

သို့သော်. . . ဦးရွှေလှေးအဖို့ အနိစ္စတရားသည် ရှောင်လွှဲမရချေ။ ၁၉၂၃ ခုနှစ် အသက် ၆၄ နှစ်အရွယ်တွင် ဆီးချိုရောဂါဖြင့်ပင် သူချစ်သော တိုင်တစ်လုံးအိမ် ရော်ဘာခြံနှင့် တကွအားလုံးကို ကျောခိုင်း စွန့်ခွာခဲ့ရတော့သည်။

ဦးရွှေလှေးကား ကွယ်လွန်ခဲ့ချေပြီ။

ရော်ဘာခြံ၊ တိုင်တစ်လုံးအိမ်နှင့် မြန်မာဘာသာ ပြန်ဆိုပြီး ပိဋကတ်တော်တို့ကား ထီးထီးမားမား ကျန်နေဆဲ။

ဦးရွှေလှေး၏ အမည်သည်လည်း ကျန်နေဆဲပင်။

}

www.burmeseclassic.com



# ရဲရဲတောက် မြန်မာ့ လုပ်ငန်းရှင်ကြီး
# အင်ဒီပင်းဒင့်ဒေါ်စန်း

မြန်မာ အမျိုးသမီးတို့သည် မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက်လုံး အမျိုးသားနည်းတူ တိုင်းပြည်၏ ရေးရာမှန်သမျှကို ပါဝင်လှုပ်ရှား ဆောင်ရွက်လာကြသူများ ဖြစ်သည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး အားလုံးသော အရေးတို့သည် အမျိုးသားများတွင်သာ မဟုတ်။ အမျိုးသမီးများနှင့်လည်း သက်ဆိုင်ပေသည်။

ထို့ကြောင့် ယခု ရဲရဲတောက် 'မြန်မာ လုပ်ငန်းရှင်ကြီးများ' စာအုပ်သည်လည်း အမျိုးသားများနည်းတူ အမျိုး

www.burmeseclassic.com



သမီး လုပ်ငန်းရှင်ကြီးများ အကြောင်းကိုလည်း ရေးသား ဖော်ပြပေးဖို့ တာဝန်ရှိပါ၏။

ထို့ကြောင့်ပင် ယခုစာအုပ်၌ ခေတ်ရှေ့ဆောင် အမျိုး သမီးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သော အင်ဒီပင်းဒင့်ဒေါ်စန်း၏ အကြောင်းကို ဖော်ပြအပ်ပါသည်။

}

ဒေါ်စန်းသည် မြန်မာ အမျိုးသမီးများထဲတွင် ပထမဦး ဆုံးသော သတင်းစာဆရာမကြီး တစ်ဦးဖြစ်ပါသည်။

ဒေါ်စန်းသည် ဆောင်းပါး ဝတ္ထုရေး ဆရာမသာမက အယ်ဒီတာအလုပ်၊ ထုတ်ဝေသူအလုပ်၊ တိုက်ပိုင်ရှင်အလုပ်၊ ဖြန့်ချိရေးအလုပ်၊ သတင်းစာ ထုတ်ဝေမှု အလုပ်မှန်သမျှ တစ်ဦးတည်း အစမှအဆုံးတိုင် ကြိုးစားလုပ်ဆောင်နိုင်ခဲ့သော လုပ်ငန်းရှင်ကြီး တစ်ဦးလည်း ဖြစ်သည်။

**ဆုစာပေ**

www.burmeseclassic.com



အင်ဒီပင်းဒင့်ဒေါ်စန်းသည် မန္တလေးမြို့သူတစ်ဦးဖြစ်သည်။ ခရစ်နှစ် ၁၈၈၆ ခုနှစ် ဖေဖော်ဝါရီလတွင် အဖ ဦးဖိန်း အမိ ဒေါ်ရှုတို့မှ မွေးဖွားခဲ့ပါသည်။ မန္တလေးမြို့ ရွှေခြည်ထိုးရပ်သည် ဒေါ်စန်း၏ ချက်မြှုပ်ရာ ဒေသလည်း ဖြစ်သည်။

မန္တလေးမြို့ကြီးသူ ဒေါ်စန်းသည် ငယ်စဉ်မှပင် မြန်မာစာပေကို ထူးချွန်ခဲ့၏။ မြန်မာစာပေ၊ အရေးအသား၊ အဖတ်၊ အမှတ်တို့ကို ဝါသနာထုံခဲ့သူ တစ်ဦးလည်း ဖြစ်သည်။

ဒေါ်စန်းသည် မော်လမြိုင်မြို့ မော်တင်လိန်း ကျောင်းမှ မူလတန်းဆရာဖြစ် စာမေးပွဲကို အောင်မြင်ခဲ့ပြီး တောင်ငူမြို့ နော်မန်ကျောင်းတွင် ဆရာမအဖြစ် အမှုထမ်းခဲ့သည်။

ထိုအချိန်သည် ဝံသာနု လှုပ်ရှားမှု ပြင်းထန်နေချိန် ဖြစ်သည်။ သည်အချိန်မှာပင် ဒေါ်စန်းရင်ထဲမှာ ဝံသာနုတွေး ခေါ်သံလေးပေါင်း များစွာက သတင်းစာ၊ မဂ္ဂဇင်းများ၌ ဝတ္ထု၊ ဆောင်းပါးများဖြင့် ပြည်သူ့ထံသို့ အသိပေးခဲ့၏။

ဒေါ်စန်းသည် သူရိယမဂ္ဂဇင်း ဝတ္ထုတို ပြိုင်ပွဲတွင် ဝတ္ထုတစ်ပုဒ် ပြိုင်ခဲ့ရာ ပထမဆုကို ရရှိခဲ့သည်။ ဒေါ်စန်း၏ ကလောင်၊ ဒေါ်စန်း၏ အတွေးတို့ကို မချီးမွမ်းဘဲ မနေနိုင်ကြတော့ပေ။

## နေရာချင်းမလဲနိုင်ပါ

စာဆိုတော် ဒေါ်စန်း (သို့မဟုတ်) ကျောင်းဆရာမလေး ဒေါ်စန်း ယုံသည် 'ပုဏ္ဏမိ' ဗုဒ္ဓဘာသာ မြန်မာ၊ စသော

www.burmeseclassic.com



ကလောင်များဖြင့် ဝတ္ထုတိုများ၊ ပညာပေး ဆောင်းပါးများ စတင်ရေးခဲ့သည်။ နောက်ပိုင်းတွင် ဒေါ်စန်း၏ ကလောင်သွေးက ပြလာ၏။ နိုင်ငံရေး အမြင်များက ထက်လာ၏။

သတင်းစာ စာမျက်နှာများ စာစောင် စာမျက်နှာများတွင် ဒေါ်စန်းဆိုသော ကလောင်က နေရာအပြည့် ယူနိုင်လာလေပြီ။ ထိုအချိန်တွင်မှပင် ဒေါ်စန်းအတွက် ရွေးစရာအခွင့်အလမ်း နှစ်လမ်းရခဲ့ချေပြီ။ ထိုနှစ်လမ်းက ကြိုက်တဲ့လမ်းတစ်လမ်းကိုသာ ရွေးချယ်ခွင့် ရမည်ဖြစ်သည်။

ဒေါ်စန်းသည် ထိုစဉ်က ကျောင်းဆရာမအလုပ်ကိုလုပ်ကိုင်နေစဉ် ဖြစ်သည်။ ကျောင်းဆရာ များသည် သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်များတွင် ဆောင်းပါး၊ ဝတ္ထု၊ သတင်းများ ရေးသားခြင်း မပြုရ။ အကယ်၍ ရေးသားလျှင် ပညာမင်းကြီး၏ ခွင့်ပြုချက်ရမှသာ ရေးသား ရမည်ဟု ဗြိတိသျှအစိုးရ ပညာရေးမင်းကြီးက အမိန့်ထုတ်လေသည်။ ထို့ကြောင့်ပင် ဒေါ်စန်းသည် သူအမြတ်နိုးဆုံးသောစာပေရေးသားခြင်းလုပ်ငန်းအတွင်းသို့ ခြေစုံပစ်ဝင်ကာ ကျောင်းဆရာမဘဝမှ နှုတ်ထွက်ခဲ့တော့သည်။

## အယ်ဒီတာ ဒေါ်စန်း

ဒေါ်စန်းသည် ၁၉၂၅ ခုနှစ်တွင် ရန်ကုန်မြို့လမ်း ၄၀ နှင့် မဟာဗန္ဓုလလမ်းထိပ်၌ အင်ဒီပင်းဒင့် (လွတ်လပ်ရေး) အပတ်စဉ်သတင်းစာကို စတင်ထုတ်ဝေတော့သည်။

**ဆုစာပေ**

ကိုလိုနီခေတ် အရင်းရှင်စီးပွားရေးအောက်တွင် နိုင်ငံခြားသား အရင်းရှင်များနှင့် အပြိုင်လုပ်ဆောင်နေရသောကြောင့် အောင်မြင်ရန် ပိုမိုခဲယဉ်းသောအချိန်လည်း ဖြစ်သည်။ ထိုစဉ်က မြန်မာသတင်းစာတို့ အပြိုင်အပြိုင် ပေါ်ထွက်ခဲ့ပြီး တဖြုတ်ဖြုတ် ပျောက်ကွယ်သွားကြသည်ကများ၏။

ဒေါ်စန်းသည် မျိုးချစ်စိတ်ထက်သန်၏။ လွတ်လပ်ရေးကို မြတ်နိုး၏။ မြန်မာလူမျိုး မြန်မာနိုင်ငံကို လွတ်လပ်သော လူမျိုး လွတ်လပ်သောတိုင်းပြည်အဖြစ် မြင်ချင်သည်။ ထို့ကြောင့်ပင် သူ၏သတင်းစာကို အင်ဒီပင်းဒင့် (လွတ်လပ်ရေး) သတင်းစာဟု အမည်ပေးခဲ့၏။ ဒေါ်စန်းကိုလည်း အင်ဒီပင်းဒင့် ဒေါ်စန်းဟုပင် လူသိများခဲ့လေသည်။

ဒေါ်စန်း၏ အင်ဒီပင်းဒင့် သတင်းစာသည် သတင်းစာလောကတွင် အလွန်ထင်ရှားခဲ့၏။ ဒေါ်စန်းသည် မူလကပင် သတင်းစာ၊ စာစောင်များတွင် စာပေများရေးသား၍ ထင်ရှားသော စာရေးဆရာတစ်ဦးဖြစ်သည့်နည်းတူ အင်ဒီပင်းဒင့် သတင်းစာကိုလည်း အယ်ဒီတာ ထုတ်ဝေသူ၊ ပုံနှိပ်တိုက်ပိုင်ရှင် ကြော်ငြာလိုက်၊ ကြော်ငြာငွေတောင်း၊ ဖြန့်ချိရေးလုပ်စသော လုပ်ငန်းများကို နိုင်နင်းစွာ လုပ်ဆောင်နိုင်ခဲ့လေသည်။

အင်ဒီပင်းဒင့် သတင်းစာသည် စနေနေ့တိုင်းထုတ်ဝေသော သတင်းစာ ဖြစ်သည်။ ဒေါ်စန်းသည် ကြိုးစားခဲ့၏။ အမျိုး

## ၁၃၂ ကိုဂျေ

သားများနှင့် အပြိုင်လုပ်ရသော လုပ်ငန်းဖြစ်သောကြောင့် လွယ်ကူသောအလုပ်မဟုတ်ချေ။ ဤမျှများပြားလှသော တာဝန်များကြားမှ ဒေါ်စန်းသည် သူသတင်းစာတွင် ဆောင်းပါး ဝတ္ထု၊ သတင်းများကို အဆက်မပြတ် ရေးသားနိုင်ခဲ့သည်။

သတင်းစာ ခေါင်းကြီးပိုင်း၊ ကွာစိမှတ်တမ်း၊ အရပ်ရပ် အမေးကွာစိအဖြေခန်း၊ မရှေးကြေး ဒိုင်ယာရီ၊ မာတလိနှင့် ဝိသကြုံနိုင်ငံရေး ဆွေးနွေးခန်းများကိုလည်း ကိုယ်တိုင်တစ်ဦးတည်းဒိုင်ခံရေးခဲ့သည်။

ဒေါ်စန်း၏ ကွာစိမှတ်တမ်းနှင့် ကွာစိအမေးအဖြေသည် ပရိသတ် အားအပေးဆုံး အခန်းကဏ္ဍများ ဖြစ်ခဲ့သည်။

ဒေါ်စန်းသည် ခေါင်းကြီးပိုင်းမှလည်းကောင်း၊ မာတလိနှင့် ဝိသကြုံဆွေးနွေးခန်းမှလည်းကောင်း၊ ဗြိတိသျှအစိုးရကို ပြင်းပြင်းထန်ထန် ဝေဖန်ရေးသားခဲ့သဖြင့် သက်ဆိုင်ရာ အာဏာပိုင်တို့က အကြိမ်ကြိမ် သတိပေးခြင်းခံခဲ့ရလေသည်။

## ပင်နီအင်္ကျီယောထဘီ

ဒေါ်စန်းသည် ၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းသော မြန်မာအမျိုးသမီး နေရှင်နယ်ကောင်စီ အသင်းကြီးတွင်လည်း အဓိကအသင်းသူတစ်ယောက်ဖြစ်သည်။

မြန်မာအမျိုးသမီးများအကြောင်းကို နိုင်ငံခြားသတင်းစားများမှ ပုတ်ခတ်ရေးသားလျှင် ဒေါ်စန်းက ပြန်လည်ချေပရေးသားခဲ့၏။ အမျိုးသမီးတို့၏ အခွင့်အရေးမှန်သမျှကိုလည်း ရဲရဲဝင့်ဝင့် တက်တက်ကြွကြွ ဦးဆောင်ခဲ့သူလည်း ဖြစ်သည်။

ဒေါ်စန်းသည် မျိုးချစ်စိတ်ရှိ၏

ထို့ကြောင့်ပင် ဝံသာနုခေတ်တစ်လျှောက်လုံး၌ ဘီးစပတ်ကို အမြဲထုံးဖွဲ့၍ ပင်နီရင်ဖုံးအင်္ကျီ၊ ယောထဘီကို အမြဲဝတ်ဆင်ပြီး တိုင်းပြည်အတွက် အမျိုးသမီးထုအတွက် သက်တန်းတစ်လျှောက်လုံး အတတ်နိုင်ဆုံး ကြိုးစားခဲ့သူလည်း ဖြစ်သည်။

၁၉၃၀ ခုနှစ်သို့ ရောက်သောအခါ အင်ဒီပင်းဒင့် သတင်းစာ၏ စောင်ရေမှာ အအောင်မြင်ဆုံးအချိန်သို့ ရောက်ခဲ့တော့သည်။ စောင်ရေတိုးလာသည်နှင့်အမျှ လုပ်ငန်းတာဝန်များလည်း များပြားလာတော့သည်။ ထိုအခါ ဒေါ်စန်း၏ ညီမများဖြစ်ကြသော ဒေါ်စန်းပုံနှင့် ဒေါ်စန်းရှင်တို့က ဒေါ်စန်းကို ကူညီရေးသားခဲ့ကြသည်။ လုပ်ငန်းရပ်များကို တာဝန်ခွဲဝေ လုပ်ဆောင်ပေးခဲ့၏။

ထိုကာလသည် နိုင်ငံရေးကာလဖြစ်သည့်နည်းတူ နိုင်ငံရေးရာ ဆောင်းပါးများသည်သာ ပြည်သူလူထုအတွက် အကျိုးအမြတ် ရစရာ အလင်းရောင်ပေးရာ ဆောင်းပါးများ၊ ဝတ္ထုများဖြစ်သည်။ ဒေါ်စန်းသည် သူ့၏သတင်းစာတွင်လည်း ထိုခေတ် နိုင်ငံရေးလောကကို ဝေဖန်ခဲ့၏။ ဒိုင်အာခိမင်းတိုင်ပင်

အမတ်များအကြောင်းကိုလည်း ရဲရဲရင့်ရင့် ရေးသားဖော်ပြခဲ့၏။

၁၉၆၃ ခုနှစ်တွင်လည်း ခွဲရေးတွဲရေး ပြုလုပ်ရာ၌ သတင်းစာဆရာများတက်ခွင့်မရှိခဲ့ပေ။ ဒေါ်စန်းသည် ထိုတားမြစ်ချက်ကို ကိုယ်တိုင်ဦးဆောင်ကာ နယ်ချဲ့အစိုးရအား အတိအလင်း တိုက်ပွဲဝင်ခဲ့သည်။ သတင်းစာဆရာတို့၏ အခွင့် အရေးကို အပြည့်အဝတောင်းဆိုခဲ့သူ ဖြစ်သည်။

## ထွေရာစိတ်ကူး

ဒေါ်စန်း၏ အင်ဒီပင်းဒင့်သတင်းစာသည် ၁၉၂၅ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ (၁၅) နှစ်တိုင် စာနယ်ဇင်းလောက၌ ထင်ရှားခဲ့သည်။ အောင်မြင်မှုကို ရယူနိုင်ခဲ့သည်။

၁၉၃၉ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် အိန္ဒိယအမျိုးသားများနှင့် မြန်မာအမျိုးသားများဖြစ်ပွားသည့် အဓိကရုန်းတွင် နယ်ချဲ့အစိုးရ၏ သွေးထိုးပေးမှုကြောင့် ဖျက်ဆီးခြင်းခံခဲ့ရ၏။ အမျိုးသမီး ဦးဆောင်သော သတင်းစာတစ်စောင် စာနယ်ဇင်းလောကမှာ ကွယ်ပျောက်ခဲ့ရတော့သည်။

ဒေါ်စန်းသည် ဒုတိယကမ္ဘာစစ်ပြီးသောအခါ ယုဝတီဂျာနယ်တွင် အယ်ဒီတာ အဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြန်သည်။ ဒေါ်ကွာစိဟူသော ကလောင်အမည်ဖြင့် အမျိုးသမီးရေးရာကို ဟာသနှော၍ ရေးသားခဲ့၏။ မြန်မာ့အသံတွင်လည်း

www.burmeseclassic.com



အမျိုးသမီးဆိုင်ရာကဏ္ဍ အသံလွှင့်အစီအစဉ်အနေဖြင့် 'ထွေရာစိတ်ကူး' အခန်းဖြင့် ထုတ်လွှင့်ခဲ့၏။ ထိုအသံလွှင့်ချက်များကို ပရိသတ်တို့ စိတ်ဝင်စားခဲ့သည်။ ထို့ကြောင့်ပင် သုဓမ္မာစာပုံနှိပ်တိုက်မှ 'ထွေရာစိတ်ကူး' အမည်ဖြင့် စာအုပ် ထုတ်ဝေခဲ့သည်။

မည်သို့ပင်ဆိုစေ ဒေါ်စန်းသည် အမျိုးသားတစ်ဦး အနေဖြင့် ကြိုးစား ဆောင်ရွက်ရန်ပင် ခဲယဉ်းသော သတင်းစာထုတ်ဝေရေးလုပ်ငန်းကို ဦးဆောင်လုပ်နိုင်ခဲ့သည့် အမျိုးသမီးသတင်းစာ ထုတ်ဝေသူတစ်ဦး ဖြစ်ပေသည်။

ဒေါ်စန်းသည် ထုတ်ဝေသူတစ်ဦးအနေဖြင့်လည်းကောင်း၊ နိုင်ငံရေး၊ လူမှုရေး၊ စာပေရေးရာများ အနေဖြင့်ရော အောင်မြင်ခဲ့သည့် အမျိုးသမီးတစ်ဦး ဖြစ်ပါ၏။

၁၉၅၀ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ အသက် ၆၄ နှစ်အရွယ်တွင် ရန်ကုန်အရှေ့ပိုင်း ဂန္ဓီဆေးရုံ၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်စန်း ကွယ်လွန်သောအခါ မြန်မာနိုင်ငံ သတင်းစာဆရာများ အသင်းမှ ဩဂုတ်လ (၄)ရက်နေ့ နံနက် (၁၀) နာရီတွင် ဒေါ်စန်း၏ရုပ်ကလာပ်ကို အသင်းတိုက်တည်ရာ အမှတ် ၂၅-၂၄ ပန်းဆိုးတန်းလမ်းသို့ သယ်ဆောင် ဂုဏ်ပြုကြသည်။

ဩဂုတ်လ (၅) ရက် နေ့လည် ၂-နာရီတွင် တာမွေသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ခဲ့ကြပါသည်။

**ဆုစာပေ**

ဒေါ်စန်းယုံ (သို့မဟုတ်) အင်ဒီပင်းဒင့် ဒေါ်စန်း ကဲ့သို့သော အမျိုးသမီးကား တစ်ခေတ်မှာတစ်ယောက် ထွန်းကားခဲ့သော ပါရမီရှင် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

သူ့လို အမျိုးသမီးကား တန်ဖိုးကြီးလှပါလေ၏။